The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 15
တနင်္လာနေ့တိုင်းထုတ်ဝေသည်
May 2 , 2016



## မုန့်လုံးစက္ကူကြိုးနေတဲ့ တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးနဲ့ ပို့ကုန်တိုးမြှင့်ရေး

| မယ်သီတာ | ၁၂

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်လှစ်မည် ၃

မူဆယ်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တရားဝင်တင်သွင်းရန်ကျန်ရှိသည့် လုပ်ငန်းသုံးယာဉ်စီးရေတစ်သောင်းကျော်အား ပြန်လည်တင်သွင်းခွင့်ပြုမည် ၂၀



မူဆယ်ဒေသ၏ နှစ်သစ်ကူး ကုန်သွယ်မှုနှင့် ဈေးကွက် အလားအလာကောင်းများ ၁၂




# ARKAR OO CO.,LTD



BLACK MATPE
(URID WHOLE)
မတ်ပဲ



BLACK MATPE
HUSKLESS WHOLE
(URID GOTA)
မတ်ပဲ(အခွံချွတ်အလုံး)



BLACK MATPE
HUSKLESS SPLIT
(URID DAL)
မတ်ပဲ(အခွံချွတ်အခြမ်း)



BLACK MATPE
SPLIT WITH HUSK
(URID CHILKA)
မတ်ပဲ(အခွံပါအခြမ်း)



GREEN MUNG BEAN
(MOONG WHOLE)
ပဲတီစိမ်း



GREEN MUNG BEAN
HUSKLESS SPLIT
(MOONG DAL)
ပဲတီစိမ်း(အခွံချွတ်အခြမ်း)



GREEN MUNG BEAN
SPLIT WITH HUSK
(MOONG CHILKA)
ပဲတီစိမ်း(အခွံပါအခြမ်း)



PIGEON PEAS
HUSKLESS SPLIT
(TOOR DAL)
ပဲစဉ်းငုံ(အခွံချွတ်အခြမ်း)



PIGEON PEAS
(TOOR WHOLE)
ပဲစဉ်းငုံ



BLACK EYE BEAN
(COW PEA)
ပဲလွန်းဖြူ



BLACK EYE BEAN
HUSKLESS SPLIT
(CHOWLI DAL)
ပဲလွန်းဖြူ(အခွံချွတ်အခြမ်း)



LAB LAB BEAN
(VAAL WHOLE)
ပဲကြီး



RED KIDNEY BEAN
(RAJMA)
မြေထောက်ပဲ

No.124, Wetmasutt Wun Htaut Street,
Industrial Zone (4), Hlaing Tharyar Township,
Yangon Myanmar.
G-mail : myolwin@sixsigmatrade.com.

(Off) Ph : 951-685039
: 951-685004
: 951-685315
: 951-685744
(Res)Ph : 951-682167

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်တိုင်းဒေသကြီး

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီးရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ ကိုယ်ကျရာတာဝန်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေအရပဲ အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ သို့သော် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများသည်ပြဿနာရပ်အားလုံးကို မလွှမ်းခြုံနိုင်ကြောင်း၊ အားနည်းချက် လိုအပ်ချက်များရှိကြောင်း၊ ဒါကြောင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းရည်သည် အလွန်ပင် အရေးကြီးပါကြောင်း၊ ပြီးခဲ့သည့် ဧပြီ ၂၉ရက်နေ့ကလည်း အစိုးရအဖွဲ့က အရာရာတွင် ပူးပေါင်းဆောင်ရွက်ရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ ဒါကို ဝန်ထမ်းများအနေဖြင့် အလေးထားရမည်ဖြစ်ကြောင်း၊ အခုလက်ရှိအခြေအနေသည် ယခင်လိုမဟုတ်တော့ကြောင်း၊ လွှတ်တော်အမတ်များ၏ ဒုတိယတာဝန်က ဝန်ထမ်းများ၏ အကောင်အထည်ဖော်မှုသည် ထိထိရောက်ရောက်ဖြစ်ရဲ့လား၊ ဥပဒေအတိုင်းဖြစ်ရဲ့လား၊ စည်းမျဉ်းစည်းကမ်းအတိုင်း ဝေဖန်သုံးသပ်ပြီး လုပ်ရဲ့လား၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်ရဲ့လားဆိုတာကို မြို့နယ်အဆင့် လုပ်ကိုင်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ လွှတ်တော်အမတ်များက အောက်ခြေမှ ပြုပြင်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်ကြည့်ရှုနေမှာဖြစ်ကြောင်း၊ ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားတာရှိပါကြောင်း၊ လွှတ်တော်အမတ်များရောက်ရှိလာပါက ဝန်ထမ်းများအနေဖြင့် လူကြီးလူကောင်းများသဖွယ် ပြောဆိုဆက်ဆံကြဖို့ လိုပါကြောင်း၊ စောင့်ကြည့်ခြင်းဆိုတဲ့အပိုင်းကို လွှတ်တော်အမတ်များနှင့် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ခြင်း Self-motivation လုပ်ကြရမှာဖြစ်ကြောင်း၊ ဌာနအနေဖြင့်လည်း သက်ဆိုင်ရာဌာနခွဲများကို အရည်အသွေးများ မြင့်တက်လာအောင် လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ စာရွက်ပေါ်မှာ အရည်အသွေး အကဲဖြတ်တာထက် ဝန်ထမ်းများ၏ ကိုယ်ပိုင်အရည်အသွေးကိုသာ အကဲဖြတ်ကြရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**



## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိစီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့်နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည် စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင် ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာကုန်သွယ်မှုနှင့် ပတ်သက်၍ စာတွေ့/လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၈) ကို ၂၀၁၆ ခုနှစ်၊ မေလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့်သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများအစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် ၃ ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) ဖြင့် ၄ လကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းသား လက်ခံခြင်းကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်မှ စတင်လက်ခံပြီး၊ သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောအဝင်ပါးပြီး ဆန်ကြမ်းပုံမှန်အဝင်ရှိပေမယ့် အရောင်းအဝယ်သွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဧပြီ ၂၉ ရက် လက်ကား ဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၅၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၃၅၀၀ ကျပ်ဖြစ်လို့ သင်္ကြန် မတိုင်မီကာလ ဈေးနှုန်းများထက် ထိပ်စ၊ လတ်စ တစ်အိတ်ကို ၂၀၀၀ ကျပ်ခန့်ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၃၅၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ သင်္ကြန်ပြီးကာလ ဈေးနှုန်းများနဲ့ နှိုင်းယှဉ်ကြည့်ပါက ထိပ်စတစ်အိတ် ၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၁၅၀၀ ကျပ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။ နယ်စုံပေါ်ဆန်းဆန်များမှာလည်း ထိပ်စ တစ်အိတ် ၃၃၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၅၀၀ ကျပ်ဖြစ်လို့ သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီး ကာလ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက ထိပ်စတစ်အိတ် လတ်စတစ်အိတ် ၁၅၀၀ ကျပ်စီ ဈေးမြင့်လာကြောင်း၊ ရွှေဘိုပေါ်ဆန်းဆန်သစ် ဈေးနှုန်းက တစ်အိတ်ကို ၄၁၅၀၀ ကျပ်မှ ၄၃၅၀၀ ကျပ်ဖြစ်လို့ တစ်အိတ်ကို ၁၅၀၀ ကျပ် - ၅၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း၊ ဝါးတန်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဒီတစ်ပတ် ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန် အဝင်နည်းပေမယ့် အရောင်းအဝယ်လိုက်နေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၂၀၀၀ ကျပ်ဖြစ်လို့ ဒီတစ်ပတ်နဲ့ သင်္ကြန်မတိုင်မီကာလဈေးနှုန်းများ နှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စ တစ်အိတ်ကို ၅၀၀ ကျပ်ခန့်စီ ဈေးမြင့်လာကြောင်း၊ မနောသုခ(ရှယ်) ဈေးနှုန်းက တစ်အိတ်ကို ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြစ်လို့ ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေပြီး၊ နွေသီးထပ် (ရှယ်) ဆန်တစ်အိတ် ၁၈၅၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်ဖြစ်လို့ တစ်အိတ်ကို ၅၀၀ ကျပ်- ၁၅၀၀ ကျပ် ခန့်ဈေးမြင့်လာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်မှာ တပ်ရိက္ခာဖြည့်ရန် အဝယ်ရှိနေတာနဲ့ သင်္ဘောတင်ရှိနေတာတို့ကြောင့် ဈေးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုမှာ ပုံမှန်သာရှိတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဧပြီလ ၂၉ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၇-၁၅၀ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၄၄-၁၄၆ ယွမ်နဲ့ ငစိန် ၅ မှတ် တစ်အိတ် ၁၄၂-၁၄၄ ယွမ် ဈေးနှုန်းအသီးသီးဖြင့် ငစိန် ၅ မှတ်နဲ့ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့စူပါ ၃ မျိုးသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ တရုတ်လိုင်းမူဆယ်ရဲ့ ဆန်ဈေးကွက် အခြေအနေမှာ တရုတ်လိုင်းမှ အဖမ်းအဆီးရပ်လိုက်ပေမယ့် သယ်ယူပို့ဆောင်မှု အခြေအနေ အခက်အခဲများ ရှိနေတာကြောင့် ဈေးကွက်ထဲမှာ အရောင်းအဝယ် သိသိသာသာ ပါးသွားကြောင်း၊ တစ်ရက်ကို ပျမ်းမျှအိတ်ရေ ၂၀၀၀ ကျော်မှ ၃၀၀၀ ဝန်းကျင်ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ မူဆယ် ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်တစ်ရက် ပျမ်းမျှ ၁၀၆၄ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၅၃၂၂ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဧပြီလ ၂၉ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၈ ဒသမ ၈၉ ကျပ်ဖြစ်ပါတယ်။

မြန်မာဆန်နဲ့ ဆန်ကွဲပြည်ပ တင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၂ ရက်အထိ တန်ချိန် ပမာဏအားဖြင့် ၂၀၂၁၆ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၅၇၁၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၃၅၈၁၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၄၅၀၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၇၈၅၁ ကျော်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT- YGN**

## သင်္ကြန်ကာလအပြီး ဆင်း-၃ ဆန် ဗန်းမော်ကုန်သည်အဆွဲမြန်လာလို့ တောင်သူကုန်သည် စက်ပိုင်များအပြုံးကိုယ်စီ

ကသာခရိုင်၊ အင်းတော်မြို့နယ် အဓိကစိုက်ပျိုးရေးထွက်ကုန် ဆင်း-၃ စပါးမှာ ဗန်းမော်ကုန်သည် များမှတစ်ဆင့် ပြည်ပတရုတ်နိုင်ငံသို့ ပို့ကုန်ဖြစ်တဲ့အတွက် မြို့နယ်တွင်း တောင်သူကုန်သည် စက်ပိုင်များရဲ့ စီးပွားရေးမဏ္ဍိုင်ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှု ပုံမှန်၊ အနေး၊ အမြန် ပေါ်မူတည်ပြီး မြို့နယ်တွင်း စီးပွားရေးရိုက်ခတ်မှုများ ရှိစေပါတယ်။ သင်္ကြန်မတိုင်မီ ဆန်ကုန်စည်စီးဆင်းမှု မငြိမ်သက်မှုဖြစ်ခဲ့ပေမယ့် သင်္ကြန်ကာလအပြီး ဗန်းမော်သို့ ဆန်တင်ပို့မှုလျှင်မြန်လာလို့ တောင်သူကုန်သည် စက်ပိုင်များအပြုံးကိုယ်စီနဲ့ အဆင်ပြေနေတာ တွေ့ရပါတယ်။

ဗန်းမော်ကုန်သည်များက ဆင်း-၃ ဆန်တစ်မျိုးတည်း ဆွဲတာပါ၊ ကာလတူနှစ်များနဲ့ယှဉ်ရင် တင်ပို့မှုနည်းပြီး ဧပြီလဆန်းအထိ တန်ချိန် တစ်သောင်းရှိမယ်။ ယနေ့တောင်သူ စက်ပိုင်ကုန်သည် စပါးလက်ကျန် ၅၀ ရာခိုင်နှုန်းရှိနိုင်ပါတယ်။ တောင်သူများလက်ထဲမှာ မျိုးဝမ်းစာကလွဲလို့ ပိုလျှံစပါးမရှိတော့ပါဘူး။ သင်္ကြန်အပြီး ဗန်းမော်ကုန်သည် ဆင်း -၃ ဆန် အဆွဲမြန်လာတယ်ဆိုပေမယ့် ဈေးနှုန်းပြောင်းလဲမှုမရှိဘူး၊ ကသာဆိပ်ကမ်းချ ဗန်းမော်ကုန်သည်များက ဆန်တစ်ပိုင်း ၂၆၀၀၀ ကျပ်ဈေးဖြတ်ပေးတဲ့အပြင် တင်ပို့မှုလျှင်မြန်လာပါတယ်။ ဒီနှုန်းအတိုင်းသွားရင် ဇူလိုင်၊ ဩဂုတ်ဆို စပါးလက်ကျန်ပြတ်သွားနိုင်ပေမယ့် နွေစပါး ဆက်လက်ပေါ်လာမှာဖြစ်လို့ တင်ပို့မှုက ရပ်ဆိုင်းမသွားနိုင်သလို ဒေသတွင်းဝမ်းစာဖူလုံမှုနဲ့ ဈေးနှုန်းမြင့်လာမှာလည်းစိုးရိမ်စရာမရှိပါဘူးလို့ ဆန်စပါးဈေးကွက်က သိရပါတယ်။

နှစ်စဉ် အင်းတော်၊ ဗန်းမော်တင်ပို့မှု ဆန်တန်ချိန် နှစ်သောင်းကျော်ရှိတဲ့အတွက် ယခင်နှစ်ကာလတူနှိုင်းယှဉ်ရင် တင်ပို့မှု နည်းနေတာတွေ့ရပါတယ်။ သင်္ကြန်ပြီး တစ်နေ့ဆန်တန် ၆၀ ကျော် ဗန်းမော်တင်ပို့နေလို့ အဆွဲမြန်လာတယ်လို့ သုံးသပ်ပါတယ်။ ဒေသခံ ၇၅ ရာခိုင်နှုန်းသော တောင်သူများ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများ ဆက်စပ်လျက်ရှိတဲ့ ပြည်သူများရဲ့ ပင်မစီးပွားရေးလုပ်ငန်းက ဆန်စပါးကြိတ်ခွဲ တင်ပို့ရောင်းချမှုအပေါ် အများဆုံးမှီခိုနေတယ်လို့ ဆန်စက်လုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမောင်မောင်ထံက သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၄-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၅ | ၄၀၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၇ | ၃၉၉ | △ | ၃၇၀ | ၃၆၅ | ▽ | ၃၇၀ | ၃၆၅ | ▽ | ၃၅၀ | ၃၆၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၇ | ၃၈၈ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၅ | △ | ၃၁၅ | ၃၂၅ | △ |
| ပေါင်းဆန် | ၃၈၅ | ၃၉၀ | △ | - | - | - | ၃၃၅ | ၃၄၀ | △ | - | - | - |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၄-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၂၅ | ၄၃၅ | △ | ၆၂၅ | ၆၂၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၄-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၇၂၈ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၀၀ | □ | ၂၃၀၀၀ | □ | ၇၃၆၀ | △ | ၃၁၀၀၀ | △ |
| ပဲခူး | ၅၂၀၀ | ▽ | ၂၀၀၀၀ | ▽ | ၇၀၀၀ | △ | ၂၉၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | ▽ | ၃၀၀၀၀ | □ | ၁၁၇၀၀ | △ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | △ | ၂၃၀၀၀ | △ | ၈၀၀၀ | △ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၇၀၀၀ | △ | - | - | ၃၇၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | □ | ၂၂၀၀၀ | △ | - | - | ၃၂၅၀၀ | △ |
| မန္တလေး | ၇၂၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | △ |
| မကွေး | ၈၅၀၀ | △ | ၂၅၅၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၇၅၀၀ | △ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၄၃၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | △ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၂၇၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၇၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဆန်တင်ပို့မှု လျော့ကျ

ဧပြီ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၁၀၆ သန်းဖိုးရှိ ဆန်တန်ချိန် ၃၀၂၀ ကို တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၀၀၀ နဲ့ ငစိန်ဆန် ၃၂၁ တန်၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန် ၂၄၉ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် တန် ၄၀၀နဲ့ ဧည့်မထဆန် တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ အီးယူနိုင်ငံများသို့ ၁၉၉၆ တန်နဲ့ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၅၄၅ သန်းဖိုးရှိပါတယ်။

သင်္ကြန်အပြီး ဧပြီ ၁၇ ရက်မှ ၂၃ ရက်အတွင်းမှာ ကန်ဒေါ်လာ ၄၂၉၀၀ ဖိုးရှိငစိန်ဆန် တန် ၁၃၀ ကို ပိုလန်တစ်နိုင်ငံတည်းသို့ တင်ပို့ပြီး ကန်ဒေါ်လာ ၅၄၀၀၀ တန်ဖိုးရှိ ဆန်ကွဲတန် ၂၀၀ ကို ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာ ဧပြီလ ၁၆ ရက်မှ ၂၂ ရက်အထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၁၁၆ တန်နဲ့ ဧည့်မထဆန် တန် ၅၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၄၁၃ တန်ခန့်ကို တစ်ဖက် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဧပြီလအတွင်း သင်္ကြန်ရုံးပိတ်ရက်များရှိတာကြောင့် ဆန်တင်ပို့မှု လျော့ကျခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၄-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၄ | ၂၉/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၉/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၉/၄ | ပြောင်းလဲမှု | ၂၂/၄ | ၂၉/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၆၉၈ | ၂၇၇၈ | ▲ | - | - | - | ၂၆၀၀ | ၂၆၇၅ | ▲ | ၂၆၅၀ | ၂၇၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၂၄၃၆ | - | - | - | - | - | ၂၃၉၀ | ၂၄၆၀ | ▲ | ၂၄၂၅ | ၂၄၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၃၀ | ၁၅၁၅ | ▼ | ၁၇၇၈ | - | - | ၁၇၃၇ | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၀၀ | ၂၄၀၀ | ▲ | - | - | - | - | ၂၀၀၀ | - | ၁၇၆၅ | ၁၉၈၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၉၅၀ | ၉၆၅ | ▲ | ၉၁၇ | - | - | - | - | - | ၁၀၅၀ | ၁၀၅၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၆၀ | ▼ | ၈၈၉ | - | - | ၆၅၈ | ၆၃၂ | ▼ | ၆၂၀ | ၆၀၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၉-၄-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၁/၄ | ၂၈/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၈/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၈/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၇၀ | ၁၄၈၀ | ▲ | ၁၇၅၀ | ၁၆၈၇ | ▼ | ၂၀၃၇ | ၁၆၅၇ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၄၀ | ၁၃၃၀ | ▼ | ၁၃၃၅ | ၁၃၂၅ | ▲ | ၁၃၇၃ | ၁၃၇၀ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၁၀၂၆ | ၉၆၄ | ▲ | ၁၀၅၆ | ၁၀၃၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၈၄၅ | ၈၅၀ | ▲ | ၈၁၅ | ၈၅၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၉.၄.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၃.၄.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၃.၄.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၄၈၉၅ | ၈၂၂၇ | ၁၀၅၉၉၇ |
| ပဲတီစိမ်း | ၇၉၈၁ | ၁၄၁၇ | ၇၄၄၆၁ |
| ပဲစင်းငုံ | ၁၆၆၅ | ၈၉၈ | ၁၀၃၀၀၈ |
| ကုလားပဲ | ၁၄၉၀ | ၁ | ၉၀၀၁ |
| ပဲလွန်းဖြူ | ၁၃၂၆ | ၄၁၃ | ၇၄၅၂ |
| မြေထောက်ပဲ | ၅၅၄ | ၃ | ၂၅၆၄ |

## ယမန်နှစ်ကာလတူထက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု တန်ချိန်အားဖြင့် လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် အနည်းငယ်ပိုမို

ပြည်ပသို့ ပဲအမျိုးမျိုး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲတီစိမ်းလုံးခြမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ ပဲလွန်းဖြူ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲကြီး၊ ပဲကတ္တီပါ (စွန်တာနီ)၊ စွန်တာပြာ၊ ပဲကတ္တီပါ (စွန်တာနီ/ပြာ)၊ ပဲဖြူလေး၊ ဘိုကိတ်ပဲ၊ ပဲပုတ်စေ့၊ ပဲနီကြား၊ နိုင်လွန်ပဲ၊ မြေပဲအခွံပါ၊ မြေပဲဆန်၊ ပဲလွန်းဖြူ၊ အခွံချွတ်၊ ချင်းပဲ၊ ကုလားပဲ (လုံးခြမ်း/အခွံချွတ်) နဲ့ အခြားပဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုရော နယ်စပ်ကုန်သွယ်မှုများကပါ တင်ပို့လျက်ရှိနေပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှာ တန်ချိန်အားဖြင့် ၁၂ ဒသမ ၄၂၆ သန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၂၁၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ပမာဏအားဖြင့် အများဆုံးတင်ပို့ခဲ့တဲ့ ပဲများကတော့ ပဲစင်းငုံ၊ မြေထောက်ပဲ၊ ကုလားပဲနဲ့ ပဲတီစိမ်းလုံးခြမ်းတို့ပဲဖြစ်ကြပါတယ်။ ယမန်နှစ်ကာလတူထက် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့ခဲ့တဲ့ ပဲတွေကတော့ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲတီစိမ်းအလုံးခြမ်း၊ ပဲယင်းနဲ့ စွန်တာပြာ တို့ဖြစ်ကြပါတယ်။

ယမန်နှစ်ကာလတူထက် ပိုမိုတင်ပို့ခဲ့တဲ့ ပဲများရဲ့ တင်ပို့မှု တန်ချိန်၊ တန်ဖိုးနဲ့ ယမန်နှစ်ထက် ပိုမိုတင်ပို့မှု နှိုင်းယှဉ်ချက်ကို ဖော်ပြပေးလိုက်ပါတယ် -

| | ၂၀၁၅-၂၀၁၆ တန်ဖိုး (ဒေါ်လာသန်း) | ၂၀၁၅-၂၀၁၆ တန်ချိန် (သန်း) | ၂၀၁၄-၂၀၁၅ ထက်ပိုမိုတင်ပို့မှု တန်ဖိုး (ဒေါ်လာသန်း) | ၂၀၁၄-၂၀၁၅ ထက်ပိုမိုတင်ပို့မှု တန်ချိန် (သန်း) |
|---|---|---|---|---|
| ပဲစဉ်းငုံ | ၂၃၀ | ၀. ၂၂၇ | ၂၂ | ၀. ၀၈၁ |
| မြေထောက်ပဲ | ၁၄ | ၀. ၀၂၂ | ၂ | ၀. ၀၀၇ |
| ကုလားပဲ | ၁၉ | ၀. ၀၃၅ | ၁၀ | ၀. ၀၁၈ |
| ပဲတီစိမ်းလုံးခြမ်း | ၉ | ၀. ၀၁၁ | ၇ | ၀. ၀၀၉ |

MIRT

## ပြည်ပဲမျိုးစုံဈေးကွက်မှာ ဧပြီလကုန်သီတင်းပတ် ပဲဈေးအားလုံးလိုလို ဈေးပြန်မြင့်တက် အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဧပြီလကုန် သီတင်းပတ်၌ ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုများမှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး သီးနှံများသာ ဝင်ရောက်မှုများပြီး အခြားပဲများ အဝင်နည်းကာ လက်ကျန်ပဲအချို့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်မြို့နယ်များမှာ တစ်ရက်အိတ် ၆၀၀ ကျော် ၇၀၀ အထိ ဝင်ရောက်လျက်ရှိခဲ့ကာ ရန်ကုန်ဝယ်လက်အဝယ်ရှိတဲ့အတွက် ဈေးလည်းပြန်မြင့်တက်လာပြီး အရောင်းအဝယ်သွက်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ တစ်တင်း ၅၄၀၀၀ ကျပ်ဖြင့် သကြၤန်ပြီးကာလထက် ဈေးပိုလာခဲ့ပါတယ်။ မတ်လအတွင်းက တစ်တင်း ၄၇၃၀၀ ကျပ်အထိ ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့လို့ လှောင်ပဲသမားအချို့ အဝယ်သွက်ခဲ့ပါတယ်။ တောင်သူအများစုကလည်း ပဲဈေးကောင်းမျှော်ကာ ဆက်လက်သိုလှောင်နေသလို အချို့တောင်သူများကလည်း ပေါက်ဈေးအတိုင်း ရောင်းချခဲ့ကြပါတယ်။ ယခုနှစ်ကတော့ မတ်ပဲသီးနှံဟာ ပဲသစ်ပေါ်စအချိန်မှစ၍ ဈေးကောင်းလာပေမယ့် ပဲစိုက်ပျိုးချိန် ပေါက်ဈေးနှုန်းကိုတော့ ယခုချိန်ထိ မမီခဲ့ဘဲ ၎င်းဈေးပြန်ရမလား ဆက်မျှော်ကာ သိုလှောင်မှုများလည်း ဆက်ရှိနေတယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ယခုလကုန်ရက်တွင် ပဲအဝင်မရှိသလို လက်ကျန်လည်း မရှိတော့တဲ့အတွက် ပဲဈေးကွက်မှာ အရောင်းအဝယ်မဖြစ်သလောက်ရှိခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာလည်း ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ရန်ကုန်ဝယ်လက် ဝယ်ယူသည့်ရက်တွင် အိတ် ၃၀၀ ကျော်မှ ၅၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဈေးနှုန်းမှာလည်း တစ်တင်း ၄၉၀၀၀ ကျပ်ဖြင့် သကြၤန်မတိုင်ခင်ကာလ ဈေးထက်လည်း ဈေးပိုရရှိလာခဲ့ပါတယ်။ ယခင်နှစ်က ယခုလို ဧပြီလကုန် ပဲစင်းငုံသီးနှံဈေးမှာ တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် မတ်ပဲသီးနှံဈေးနှင့် ဈေးသိပ်ကွာခြားမှုမရှိဘဲ ယခုနှစ်တွင်လည်း မတ်ပဲနှင့် ပဲစင်းငုံက ဈေးပြိုင်နီးပါးလိုလို ရရှိနေခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ရွှေတောင်၊ ကျီးသဲ၊ မင်းတုန်း၊ ကံမဘက်မှ အဝင်များလို့ တစ်ရက် အိတ် ၆၀၀ ကျော် ဝင်ရောက်ခဲ့သလို ခွဲစက်နှင့်၊ လှောင်သမားများ အဝယ်သွက်လို့ အဝင်ရှိသလောက် အရောင်းသွက်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၈၅၀၀ ကျပ်ဖြင့် သကြၤန်မတိုင်ခင်ကာလ ဈေးထက်ဈေးပိုလာသလို ယခင်နှစ်က ဈေးထက်လည်း ဈေးကောင်းပိုရနေကြောင်း သိရပါတယ်။ ယခင်နှစ်က ဧပြီလကုန် ကုလားပဲဈေးနှုန်းမှာ တစ်တင်း ၂၁၀၀၀ ကျပ်သာရရှိခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံဈေးမှာ တစ်တင်း ၂၈၅၀၀ ကျပ်ဖြင့် (ရွှေကျွန်း) ပဲက အရောင်းအဝယ်ဖြစ်သလို၊ (ကမ်းနား) ပဲက တစ်တင်း ၂၆၀၀၀ ကျပ်ဖြင့် ဈေးနှုန်းများအသီးသီး ဈေးပိုရလာခဲ့ကြပါတယ်။ အရောင်းအဝယ် ဖြစ်မှုပမာဏကတော့ (ရွှေကျွန်း)ထက် (ကမ်းနား)ပဲက ပိုအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ (ရွှေကျွန်း)မှာ တစ်ရက် အိတ် ၄၀၊ ၅၀ သာ အဝင်ရှိပြီး (ကမ်းနား) ပဲက တစ်ရက် အိတ် ၃၀၀၊ ၄၀၀ ကျော် ဝင်ရောက်လာသလို ပဲကြော်ဖိုလုပ်ငန်းသမားများမှ ဝယ်ယူတဲ့အတွက် အိတ် ၄၀၀ ကျော်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲကြီးသီးနှံဈေးမှာ အခြားပဲများကဲ့သို့ ယခုနှစ်တွင် ဈေးသိပ်ကောင်းခဲ့တယ်လို့ မဆိုနိုင်ဘဲ တစ်တင်း ကျပ်သုံးသောင်းအောက်သာ ယခုအချိန်အထိ ရရှိခဲ့ပါတယ်။

ပဲလွန်းဖြူသီးနှံ အရောင်းအဝယ်ပမာဏက အိတ် ၄၀၊ ၅၀ သာ လက်လီသမားများ အဝယ်ရှိပြီး တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲလွန်းဖြူဈေးနှုန်းကတော့ ယခင်နှစ်က ကာလတူဈေးနဲ့ ဈေးတူနေပြီး ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာလည်း ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများသာ အိတ်အနည်းငယ် လက်လီဝယ်ယူမှုများရှိခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတဲ့ သီးနှံဖြစ်ပေမယ့် ယခင်နှစ်က ဈေးထက်တော့ ဈေးအနည်းငယ်ပိုရခဲ့ပါတယ်။ ယခင်နှစ်က ဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်သာရရှိခဲ့ကြပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှစ်သစ်ကူးအလွန် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်



နှစ်သစ်ကူးကာလအလွန် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်မှာ Export ဝယ်လက်၊ လုပ်ငန်းသုံးဝယ်လက်နဲ့ ပဲလက်လီဝယ်လက်တွေ သက်ဝင်စုံညီစွာနဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

Export အတွက် ရန်ကုန်ဝယ်လက်တွေ ပုံမှန်အဆွဲရှိခဲ့လို့ ပဲစင်းငုံနီ၊ မတ်ပဲနဲ့ပဲတီစိမ်းတို့ ဈေးဆက်လက်မာခဲ့ရာ ယခုတစ်ပတ်မှာ ငုံနီတစ်တင်း ၄၉၇၀၀ ကျပ်၊ မတ်ပဲတစ်တင်း ၅၃၅၀၀ ကျပ်နဲ့ စိမ်းကြီးတစ်တင်း ၃၅၀၀၀ ကျပ်အထိ ပေါက်ဈေးအမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး တစ်ရက်လျှင် ငုံနီအိတ် ၁၅၀၀ ခန့်၊ မတ်ပဲအိတ် ၃၀၀ ခန့်နဲ့ စိမ်းကြီးအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဈေးကွက်မှသိရပါတယ်။

ငုံနီအနေနဲ့ ဒေသခံကုန်သည်လှောင်လက်တွေဆီမှာ ပဲလက်ကျန်ရှိသလို တောင်သူတွေထံမှာလည်း လက်ကျန်ရှိနေပြီး၊ ပဲမပေါ်ခင်ကာလ ကြိုပွဲဂွင့်ဈေး ၅၀၀၀၀ ကျပ်အထက်မျှော်မှန်းကာ ပစ္စည်းထိန်းနေဆဲလို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ ပဲတီစိမ်းဈေးကွက်မှာတော့ မုံရွာနဲ့ ချောင်းဦးနယ်တွေက ရေသွင်းပဲတွေ အသစ်ပေါ်စပြုပြီး ဈေးကွက်ထဲစတင်ဝင်ရောက်နေသလို ဝယ်လိုအားကောင်းနေတယ်လို့သိရပါတယ်။

ကုလားပဲ ဈေးကွက်မှာတော့ Export မျှော်လင့်ချက်ကြောင့် ရန်ကုန်ဝယ်လက်အဝယ်နဲ့ မန္တလေး-မုံရွာပဲခွဲစက်၊ ကြာဆံစက်သမားတွေ မရှိမဖြစ်လုပ်ငန်းသုံး အဝယ်ပုံမှန်ရှိခဲ့ပြီး၊ ပဲလက်လီပါ ဝယ်လိုအားကောင်းနေတာမို့ ဈေးဆက်လက်မာနေရာ V2 တစ်တင်း ၃၉၅၀၀ ကျပ်၊ ထိုင်ဝမ်တစ်တင်း ၃၆၃၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၇၀၀၀ ကျပ် အသီးသီးအမြင့်ဆုံးဈေးပေါက်ခဲ့တာ တွေ့ရပါတယ်။

ကြာဆံအတွက် မရှိမဖြစ်ကုန်ကြမ်းဖြစ်သလို ပြည်တွင်းပဲလက်လီအဝယ်ပုံမှန်ရှိတဲ့ စွန်တာနီမှာ တစ်တင်း ၁၅၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပြီး လှောင်လက်နဲ့ ကုန်ကြမ်းအဝယ်ကြောင့် တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ ယခုရက်ပိုင်း ဒေသတွင်းပွဲတော်တွေများပြားခဲ့လို့ အလှော်၊ အကြော်လိုင်းက အဆွဲများတဲ့အတွက် ပဲကြီးဈေးအနည်းငယ်မြောက်လာကာ တစ်တင်း ၂၇၅၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့တယ်။

ကျန်ပဲလက်လီတွေအနေနဲ့ ယခုတစ်ပတ်မှာ ထောပတ်ပဲတစ်တင်း ၁၂၀၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၁၉၀၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ၁၆၅၀၀ ကျပ်၊ မြေထောက်ပဲတစ်တင်း ၁၈၂၀၀ ကျပ်နဲ့ ပဲယင်း(ဝါ) တစ်တင်း ၁၅၀၀၀ အသီးသီး ပေါက်ဈေးငြိမ်နေကာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိတယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ဘိုကိတ်ပဲဈေးကွက်မှာ ဈေးအတက်အကျ သိပ်မရှိသော်လည်း ယခင်နှစ်ထက်ဈေးကောင်းပိုရ

ဧပြီလကုန်ပတ် ပြည်ပဲဈေးကွက်မှာလက်လီ၊ လက်ကားအဝယ်ရှိတဲ့ပဲသီးနှံတစ်မျိုးကတော့ ဘိုကိတ်ပဲသီးနှံဖြစ်ပါတယ်။ ဘိုကိတ်ပဲသီးနှံဟာ ပဲဝင်ရောက်မှုလည်းရှိခဲ့သလို လက်ကျန်ပဲများလည်းရှိခဲ့တာကြောင့် လက်လီ၊ လက်ကား အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်းလက်လီဝယ်ယူမှုများရှိသလို ရန်ကုန်ဝယ် လက်များလည်းဝယ်ယူခဲ့တာကြောင့် ယခုတစ်ပတ်မှာတစ်ရက်အိတ် ၁၀၀ ကျော်နေ့စဉ်အရောင်း အဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာတော့တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဈေးအတက်အကျသိပ် အဖြစ်ဘဲရောင်းဝယ်ခဲ့ကြတာကို တွေ့ရပါတယ်။ ယခင်နှစ်က ဧပြီလကုန်ဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်မှာ အခြားပဲများကဲ့သို့ ဈေးသိပ်မကောင်းခဲ့သော်လည်း ယခင်နှစ်ဈေးထက်တော့ ဈေးပိုရလျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြား လက်လီအဝယ်လိုက်

ပြည်ပဲဈေးကွက်မှာ ဧပြီလကုန်ပတ်တွင် ပဲသီးနှံများဆက်လက်ဝင်ရောက်မှုရှိသော်လည်း ပဲနီပြားသီးနှံမှာတစ်ရက် အိတ် ၅၀ ကျော် နေ့စဉ်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ သင်္ကြန်မတိုင်ခင်ကာလ ဧပြီလဆန်းတွင်ပဲနီပြား သီးနှံအဝင်များခဲ့လို့ တစ်ရက်အိတ်၃၀၀ကျော်အထိ ဝင်ရောက်ခဲ့သလို လှောင်သမားနဲ့ လက်လီသမားများလည်း အဝယ်လိုက်ခဲ့ကြပါတယ်။

ယခုချိန်မှာတော့ ပဲအဝင်လည်းနည်းသွားလို့ ဝယ်ယူမှုအနေဖြင့် လက်လီသမား ပိုအဝယ်လိုက်ကာ တစ်တင်း၂၃၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ သင်္ကြန်မတိုင်ခင်ကာလဈေးထက် သင်္ကြန်ပြီးကာလမှာဈေးပိုမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ သင်္ကြန်မတိုင်ခင်ကာလ ဧပြီလဆန်းဈေးမှာ တစ်တင်း၂၁၀၀၀ ကျပ်သာရရှိ ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်မြေပဲဆံ ဝင်သလောက် အရောင်းအဝယ်ဖြစ်

မြေပဲဆံကို ယခုတစ်ပတ်တွင် ကံမ၊ မင်းတုန်းမြို့များနှင့် ရခိုင်ပြည်နယ်မှ ပြည်ဈေးကွက်သို့ တစ်နေ့လျှင် အိတ် ၁၂၀၀ ခန့်ဝင်ရောက်လျက်ရှိသလို မကွေးနှင့် မန္တလေးဘက်မှလည်း အဝယ်လိုက်လျက်ရှိပါတယ်။ လုံးဆံ ကို မန္တလေးဝယ်လက်များက အဝယ်ရှိသလို၊ ဆီဆံကိုမကွေးဆီစက်နှင့် ပြည်မြို့ရှိ ဆီစက်များက အဝယ်ရှိတာ တွေ့ရပါတယ်။

မြေပဲဆီဆံမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်နှင့် လုံးဆံအဖြူတစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ အနီ တစ်ပိဿာလျှင် ၂၃၅၀ ကျပ်ဈေး ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ၄၈၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## ပြည်ထောပတ်ပဲ ဈေးအေးအေးနဲ့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်

ပြည်ထောပတ်ပဲသီးနှံမှာ ယခုလကုန်ပတ်အတွင်း ပဲအဝင်သိပ်မရှိတော့ဘဲ တစ်ရက်အိတ် ၃၀မှ ၇၀ခန့်သာ ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲ သိပ်မရှိတော့တဲ့အတွက် ဝင်လာသမျှပဲများအား လက်လီသမားတွေ အဝယ်ရှိခဲ့ကြပါတယ်။

ပဲဈေးနှုန်းမှာပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရခဲ့တာကြောင့် တစ်တင်း ၁၅၀၀၀ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သင်္ကြန်မတိုင်မီကာလဈေးမှာ တစ်တင်း ၁၃၅၀၀ကျပ်သာ ရရှိခဲ့လို့ ယခုလကုန်မှာ ဈေးမြင့်တက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ထောပတ်ပဲသီးနှံဟာ ပဲသစ်ပေါ်ချိန် မှစ၍ ယခုချိန်အထိ ဈေးအေးအေးနဲ့ ကျပ် ၂၀၀၀၀ အောက်သာရရှိခဲ့ပြီး၊ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ဈေးအေးခဲ့တဲ့သီးနှံဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲ လက်လီဈေးကွက်မှာ ဈေးအမြင့်ဆုံးရ

ပြည်ဈေးကွက်မှာစားတော်ပဲသီးနှံဝင်ရောက်မှုက ယခုလကုန်ပတ်အတွင်းအိတ် ၂၀၊ ၃၀ခန့်သာဝင် ရောက်ခဲ့ပါတယ်။ ဧပြီလဆန်းပိုင်းအတွင်း တစ်ရက်အိတ် ၁၀၀ကျော်ဝင်ရောက်ပြီး၊ လက်လီသမားများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲဈေးမှာ တစ်တင်း ၃၂၀၀၀ကျပ်ဖြင့် မတ်လကဈေးနှုန်းအတိုင်းဈေးငြိမ်နေပြီး ယခုသင်္ကြန်ပြီးကာလ ဧပြီလကုန်ပတ်မှာတော့ ပဲဈေးနှုန်းကတစ်တင်း ၃၇၀၀၀ကျပ်ရရှိလာပြီး ဈေးမြင့်တက်လာ ကာလက်လီသမားများသာ အဝယ်ရှိခဲ့ပါတယ်။ လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရတဲ့ပဲဖြစ်သလို နှစ်စဉ်ဈေးကောင်းရနေတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ခရမ်း-သုံးခွ ပဲတီစိမ်းဈေးကွက် စောင့်ကြည့်သင့်သည်ဟုဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့တွင် ရောင်းဝယ်လျက်ရှိသည့် ပဲတီစိမ်း ဈေးကွက်ကို လေ့လာစောင့်ကြည့်ပြီးမှ ရောင်းဝယ်သင့်ကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ ပြောကြားလျက်ရှိနေပါတယ်။

ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းကတည်းက ခရမ်း-သုံးခွနယ်အတွင်း ပဲတီစိမ်းဈေးကွက်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၂၀၀၀နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ အဲဒီကာလမတိုင်ခင်က တစ်တင်းလျင် ကျပ် ၄၂၀၀၀ ရှိခဲ့ပေမယ့် ပဲတီစိမ်းတောင်သူတွေအနေနဲ့ ဈေးမြင့်တက်မယ်အထင်နဲ့ စောင့်ဆိုင်းနေခဲ့ပါတယ်။

ဒါပေမယ့်လည်း သင်္ကြန်ကာလနီးလာလေ ပဲတီစိမ်းဈေး နိမ့်ကျလေလေ ဖြစ်လာတာကြောင့် တောင်သူတွေဟာ ပေါက်ဈေးနဲ့ ရောင်းချနေကြရတယ်လို့ ဆိုပါတယ်။ ပြည်ပဝယ်လက်နည်းပါးတာကြောင့် အခုလို ဈေးကျဆင်းသွားရတာဖြစ်တယ်လို့ ကုန်သည်အများစုက ပြောဆိုကြပါတယ်။

ယခုလက်ရှိအခြေအနေမှာ ပဲအရည်အသွေးကောင်းလျှင် ကောင်းသလို တစ်တင်းလျှင် ၃၅၀၀၀ကျပ်အထိ ရရှိနေကြသလို ပဲအရည်အသွေးညံ့ဖျင်းပါက ကျပ် ၂၉၀၀၀ သာရရှိကြတယ်လို့ တောင်သူတွေက ဆိုပါတယ်။

ကုန်သည်အများစုကတော့ ခရမ်း-သုံးခွပဲတီစိမ်းဈေးကွက်ကို မေလ ၁၅ ရက်နေ့အထိ စောင့်ကြည့်သင့်တယ်လို့ ဆိုပါတယ်။

**သိန်းမြင့်(သန်လျင်)**

## မန်ကျည်းသီးမှည့် ကုန်သည်ပွဲစားများနယ်လှည့်ဝယ်နေလို့ မိသားစုများဝင်ငွေရ

ကသာခရိုင် အင်းတော်မြို့နယ်မှာ မန်ကျည်းသီးမှည့် ကုန်သည်ပွဲစားများ တစ်ရွာဝင် တစ်ရွာထွက် နယ်လှည့်ဝယ်ယူနေပြီး မန်ကျည်းသီးမှည့် အခွံချွတ် တစ်ပိဿာငါးရာကျပ်ဈေးရောင်းရလို့ မိသားစုများဝင်ငွေ ရရှိနေကြောင်း သိရပါတယ်။

"နှစ်ရှည်သီးနှံ မန်ကျည်းပင်ဟာ အရိပ်အာဝါသနဲ့ အေးချမ်းမှုကိုပေးသလို အရွက်၊ ပင်စည်၊ အသီးတစ်ပင်လုံး အသုံးဝင်တဲ့အပင်မျိုးဖြစ်ပါတယ်၊ ပြည်ပပို့ကုန်စာရင်းများမှာ မန်ကျည်းသီးမှည့်ပါဝင်နေတာ တွေ့ရပါတယ်။ မန်းကျည်းသီးကို ဉယျာဉ်ခြံများနဲ့ စိုက်ပျိုးမှုမရှိလို့ တစ်ရွာဝင် တစ်ရွာထွက် လိုက်စုဝယ်ပြီး၊ မန္တလေးပွဲရုံကို တစ်လုံးတစ်ခဲတည်း ပေးသွင်းပါတယ်။ မန်ကျည်းသီးမှည့်ကို အိမ်ရှင်ကခူးဆွတ် အခွံချွတ်ပေးရပါတယ်။ အပင်ကြီးတစ်ပင်ကိုအချိန်ပိဿာ ငါးဆယ်နဲ့ တစ်ရာကြားရပါတယ်။ တစ်ပိဿာ ငါးရာဈေးပေးဝယ်လို့ မန်ကျည်းသီးစိုက်မိသားစုများ ဝင်ငွေရကြပါတယ်။ ဒီမြို့နယ်မှာ ပိဿာချိန်ရှစ်ရာ ဝယ်ယူရရှိပြီးဖြစ်ပါတယ်။ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်၊ ကောလင်း၊ ဝန်းသိုမြို့နယ်များအထိ လိုက်ဝယ်သွားမှာကြောင်း" မန်ကျည်းမှည့် ကုန်သည်ဦးသိန်းဝင်းက ပြောပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**



| ၂၅-၄-၂၀၁၆ မှ ၂၉-၄-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 205 | 16,165,668.150 |
| 2 | Form D | 18 | 830,032.910 |
| 3 | Form E | 81 | 2,027,403.990 |
| 4 | Korea GSP | 1 | 11,000.000 |
| 5 | Form AK | 23 | 1,116,567.740 |
| 6 | Form AJ | 14 | 1,332,886.660 |
| 7 | Form AI | 34 | 1,600,823.300 |
| 8 | Form AANZ | 1 | 6,303.910 |
| 9 | Form DFTP | - | - |
| **Grand Total** | | **377** | **23,090,686.660** |

## သင်္ကြန်အပြီး ပြည်မန်ကျည်းမှည့်ဈေး အနည်းငယ်ကျလာ

ပြည်မန်ကျည်းမှည့် (ပွဲရုံ) များတွင် ကြံခင်း၊ ထုံးဘို၊ ကျီးသဲ၊ ပန်းတောင်းမြို့နယ်များမှ သင်္ကြန်အပြီးမှာ မန်ကျည်းမှည့်များ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ပိဿာ ၂၅၀၊ ၃၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိပါတယ်။ မန်ကျည်းမှည့်တစ်ပိဿာပေါက်ဈေးကတော့ (ပွဲရုံဈေး) ၁၆၀၀ ကျပ်နဲ့ ဒေသတွင်း လက်လီဈေးတစ်ပိဿာ ၂၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဘက်သို့ နေ့စဉ်တင်ပို့မှုရှိကြောင်းလည်း သိရပါတယ်။ ယခုဧပြီ စတုတ္ထပတ်တွင် နေ့စဉ် ရခိုင်ပြည်နယ်သို့ ပိဿာ ၁၅၀ နီးပါးတင်ပို့လျက်ရှိနေပါတယ်။ ယခုနှစ်မှာ ပြည်မန်ကျည်းမှည့် ဝင်ရောက်မှုကလည်း အနည်းငယ်ရှားပါးလာတာ တွေ့ရပြီး၊ ဈေးကတော့ ဒီထက်ထပ်ကျဖွယ်မရှိကြောင်း တွေ့ရပါတယ်။

**နီနီဝင်း-ပြည်**

## ချင်း

### မေပြီ ပထမပတ်အတွင်း ချင်းတန်ချိန် ၅၀ ကျော် တင်ပို့

မေပြီ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း ချင်း ၅၂ဒသမ ၂၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ စင်ကာပူနိုင်ငံကိုပဲ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မေပြီလတတိယသီတင်းပတ် အတွင်းမှာတော့ ချင်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၄၈၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးဈေးကွက်သို့ ချင်းခြောက်ပုံမှန်အဝင်ရှိသလို မူဆယ်ဝယ်လက်ကလည်း ပုံမှန်ဝယ်

သင်္ကြန်ပြီးနောက်ပိုင်း ဈေးကွက်မှာ သီးနှံတွေက အရောင်းအဝယ်ပုံမှန်မရှိသေးပါဘူး။ ရှမ်းပြည်နယ်ရဲ့ ဓလေ့အရ ဘုန်းကြီးကျောင်းတက် အလှူပွဲလုပ်နေသေးတာကြောင့်လုပ်ငန်းခွင်ကို မဝင်ကြသေးပါဘူး။ အချို့ပွဲရုံတွေသာ ရောင်းဝယ်နေကြ တယ်လို့လည်း သိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း သင်္ကြန်ပြီးကာစမှာ သီးနှံ အဝင်နည်းနေပါသေးတယ်။ ချင်းစိုကတော့အဝင်လုံးဝမရှိတော့ပါဘူး။ ဒီနှစ်က ရာသီဥတုကြောင့် ချင်းအထွက် နည်းသလို ဈေးကွက်ကလည်းပျက်တော့ (တစ်ပိဿာကို ၄၀၀ ကျပ်သာအမြင့်ဆုံးရပါ တယ် ) ခြံရှင်တွေက အစိုအတိုင်း မရောင်းတော့ဘဲ၊ ပြုတ်ခြောက်လုပ်ကြတယ်လို့ သိရပါတယ်။ ချင်းခြောက်ကအထားလည်းခံတော့ ပြုတ်ခြောက်သာ လုပ်ဖြစ်ကြတယ်လို့လည်း သိရပါတယ်။ ဈေးကွက်ဝင်တဲ့ ချင်းခြောက်က ပုံမှန်အဝင်ရှိနေပြီး မူဆယ်ဝယ်လက်တွေလည်း ဝယ်ယူမှုရှိနေပါတယ်။

တစ်ပတ်အတွင် းပိဿာချိန်ပေါင်းတစ်သောင်း၊နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့သလို ဈေးကလည်း တစ်ပိဿာ ၂၂၀၀ ကျပ်ဈေးပေါက်နေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်း(စို)အဝင်နည်းနေပါ တယ်၊ သင်္ကြန်ပြီးကာလမှာတောင်သူတွေ၊ ခြံရှင်တွေ လုပ်ငန်းခွင်မဝင်သေးတာရယ်၊ ရာသီဥတုပူပြင်းနေတာရယ်ကြောင့်သီးနှံတွေ ဈေးကွက်ကိုအဝင်နည်းနေပါတယ်။ ချင်း(စို)ကတော့ သင်္ကြန်မတိုင်မီက ငွေလိုတဲ့တောင်သူတွေက ထုတ်ရောင်းထားတဲ့ ပစ္စည်းတွေရှိနေလို့ အရောင်းအဝယ်လုပ်နေရတယ်လို့လည်း သိရပါတယ်။ ဝယ်လက်ကတော့ သိပ်ပြီးမရှိသေးပါဘူး၊ အနီးအနားပတ်ဝန်းကျင်နဲ့ မြေလတ်ပိုင်းက ဈေးပတ်သမားတွေသာ အဝယ်ရှိနေလို့ ပုံမှန်တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ချင်း(စို)ကတော့အနိမ့်ဆုံး ၃၀၀ကျပ်မှအမြင့်ဆုံး ၅၅၀ ကျပ်ရှိပြီး ချင်းခြောက်ကတော့၁၅၀၀ကျပ်မှ ၂၂၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဓနိုင်-တောင်ကြီး**

### ပြည်ချင်း အဝင်ပုံမှန်၊ အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ချင်းဈေးမှာယခုတစ်ပတ်အတွင်း (ဂွန်) ၈၀၀ ကျပ်၊ ၉၀၀ ကျပ် (ရှယ်) ၁၂၀၀ကျပ်၊ ၁၃၀၀ ကျပ်တို့ဖြစ်ပြီး သင်္ကြန်မတိုင်ခင်ဈေးအတိုင်း ပုံမှန်ရှိနေပါတယ်။ အဝင်အားဖြင့် အောင်ပန်းဘက်မှချင်းများ အခါမတိုင်မီ တစ်ပတ်လျှင်ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် အဝင်ရှိခဲ့ပြီး၊ ယခုတစ်ပတ်အတွင်းမှာတော့ ပုံမှန် အဝင်ရှိကာ အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်။ ပြည်ဈေးကွက်ရှိပွဲရုံများ၌ သင်္ကြန်ရက်အတွင်းတစ်နေ့ကို ပိဿာချိန် ၅၀၀ ခန့်အထိအရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဧရာဝတီနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ပြည်ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်းပိဿာချိန် ၂၅၀ ခန့် တင်ပို့လျက်ရှိကြောင်းလည်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၄၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ မေပြီ ၁ ရက်မှ ၂၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၆၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၃ တန်ကျော်တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက တင်ပို့နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၆ ခုနှစ် မေပြီ ၁၆ ရက်မှ ၂၂ ရက်တာကာလအတွင်းမှာ မူဆယ် ကုန်သွယ်ရေးဇုန်၊မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ သီဟိုဠ်စေ့တင်ပို့နိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။

**ခင်မြနွယ်**



## နှမ်း

### မေပြီ ပထမ ၁၀ ရက်အတွင်း နှမ်းတန် ၉၅၀ ကျော်တင်ပို့

မေပြီ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း နှမ်း ၈၅၅ ဒသမ ၈၃၁ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ ၂၂၄ တန်၊ အိန္ဒိယသို့ ၁၄၅ ဒသမ ၅ တန်၊ မလေးရှားသို့ ၂၅၁ဒသမ ၈၅၆ တန်၊ စင်ကာပူသို့ ၁၉၁ ဒသမ ၄၉၅ တန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ ၃၂ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၂၂၆၅ ဝင်ငွေရရှိခဲ့ပါတယ်။ မေပြီ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်းမှာတော့ ကိုရီးယားသို့ ၁၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ်သို့ ၈၄ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာလည်း နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၉၂၆၁၁ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### မူဆယ်မှ နှမ်းတက်တန်ချိန် ၃၀၀ နီးပါးတင်ပို့

မေပြီ ၁ ရက်မှ ၂၀ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၁၃၄၅၀ တန်ဖိုးရှိ နှမ်းတက်(ရှမ်းစ) ၂၈၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ကာလတူ ၂၀၁၆ ခုနှစ် မေပြီ ၁ ရက်မှ ၂၀ ရက်အထိမှာတော့ ၃၉၅ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်တွင် နှမ်းတက်တစ်တန်ကို (ငွေလဲနှုန်းအရ) လိုင်စင်ဈေး ၅၅၀ ဒေါ်လာသာရှိခဲ့ပြီး ယခု ၂၀၁၆ တွင် ၇၅၀ ဒေါ်လာအထိ ဈေးမြင့်တက်လာခဲ့ပါတယ်။

**မော်မော်အောင်**

### ဟိုပုံးဈေးကွက်မှာ နှမ်းပုံမှန်အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာချင်းနဲ့နှမ်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ သင်္ကြန်မတိုင်ခင်ကထက် အရောင်းသွက်လာတယ်လို့လည်း သိရပါတယ်။ အဟောင်းလက်ကျန်တွေရှိနေသလို အသစ်တွေလည်း ဝင်နေတာကြောင့် အဝင်လှိုင်နေတယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေကအဓိကထား ဝယ်ယူနေပြီး စစ်တွေဝယ်လက်တွေကလည်း အနည်းငယ်ဝယ်ယူမှုရှိနေတာကြောင့် တစ်ပတ်ကို ပိဿာချိန် တစ်သောင်း၊ နှစ်သောင်းခန့်တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ဈေးကတော့ တစ်ပိဿာ ၁၇၅၀ကျပ်၊ ၁၈၀၀ကျပ်ဈေး ရှိပါတယ်။ အောင်ပန်းဈေးကွက်မှာလည်းနှမ်းက ပုံမှန်ရှိနေပါတယ်၊ အစိုတွေဝင်လာပေမယ့် အဟောင်းလက်ကျန်တွေလည်း ရှိနေသေးလို့ အသစ်၊ အဟောင်းဆိုပြီး ဈေးကလည်း ကွာနေပါတယ်၊ အသစ်တွေကတော့ ညံ့စဆိုရင်တစ်ပိဿာ ၁၀၀၀ ကျပ်သာရှိပြီး၊ လတ်စက၁၄၀၀ ကျပ်၊ ထိပ်စက၁၇၀၀ကျပ်-၁၈၀၀ကျပ်ဈေးရှိပါတယ်၊ ဆင်တောင်နှမ်းကတော့ တစ်ပိဿာ ၂၂၀၀ကျပ်ဈေးရှိပြီး အရောင်းအဝယ် ခပ်အေးအေးသာရှိတယ်လို့ အောင်ပန်းနှမ်းပွဲရုံတွေက သိရတယ်။

**ဓနိုင်-တောင်ကြီး**

## ကြက်သွန်

### သင်္ကြန်အပြီး ကြက်သွန်နီ လှိုင်လှိုင်ဝင်ရောက်ကာဈေးကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေပြီ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ ၉၈၈၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၃၈၀၀၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၆၈၀၁၈ တန်ဖိုးရှိ ကြက်သွန်နီ ၅၈၂ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅၂၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ အသီးသီးတင်ပို့ခဲ့ပါတယ်။

သင်္ကြန်ကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ ထွက်ရှိတဲ့ ကြက်သွန်နီများ နယ်ဈေးကွက်အသီးသီးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိသဖြင့် ကြက်သွန်နီဈေးများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ မုံရွာ၊ ပခုက္ကူ၊ မန္တလေး၊ ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိတဲ့ ကြက်သွန်နီများ ဆက်တိုက်ဝင်ရောက်နေကာ တစ်ပိဿာလျှင် ၄၀၀-၅၀၀ ဈေးခန့်သာရှိနေကြောင်း ၊ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကြောင်းတစ်လျှောက်နဲ့ ဆွာချောင်းတစ်လျှောက်ရှိ တစ်ပိုင်တစ်နိုင်ကြက်သွန်စိုက် တောင်သူများစိုက်တဲ့ ကြက်သွန်ခင်းများမှလည်း ပိုလျှံတဲ့ကြက်သွန်များကို ဈေးကွက်သို့ပင် တင်ပို့ရောင်းချနိုင်တာကြောင့် ဝယ်ယူသုံးစွဲနိုင်မှုထက် ရောင်းလိုအားပိုလာတာကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း ရေတာရှည်မြို့နယ်ဈေးကွက်အတွင်းမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီ အဝင်လှိုင်ပေမယ့် အရောင်းအဝယ်အေးနေ

သင်္ကြန်အခါကျော်ကာလတွင် ပြည်ကြက်သွန်နီဈေးကွက်သို့ အောင်လံပတ်ဝန်းကျင်တစ်ဝိုက်ဒေသများမှ ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လာတာတွေ့ရပါတယ်။ အဝင်လှိုင်ပေမယ့် ပြည်ပွဲရုံများမှာ အရောင်းအဝယ်ပုံမှန် မဖြစ်ဘဲ နေ့စဉ်အိတ် ၂၅၀ ခန့်နှင့် အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။ ပြည်ဒေသထွက် မော်ဇာ ကြက်သွန်နီကို အချို့တောင်သူများ ဈေးကောင်းစောင့်ကာ ထုတ်မရောင်းဘဲရှိနေကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံပေါက်ဈေး (ကြီး) တစ်ပိဿာ ၄၀၀ ကျပ်၊ (လတ်) ၃၅၀ ကျပ်၊ (သေး) ၃၀၀ ကျပ်နဲ့ လက်လီဈေးများတွင် အကြီးအလတ် (အရော) ၅၀၀ ကျပ်၊ (သေး) ၄၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ-ပြည်**

## မန်ကျည်း



### မေပြီ ပထမ ၁၀ ရက်အတွင်း မန်ကျည်း တန် ၁၄၀၀ကျော် တင်ပို့

မေပြီ ၃ရက်မှ ၉ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၃၇၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ တန်၁၀၀၊ မလေးရှားသို့ တန်ချိန် ၃၂၀၊ ပါကစ္စတန်သို့ ၈၇၈ တန်၊ စင်ကာပူသို့ တန်၅၀နဲ့ ဗီယက်နမ်သို့ ၂၅ တန်အသီးသီးတင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ် တင်ပို့မှုမှ ကန်ဒေါ်လာ ၄၁၇၈၉၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ မေပြီ ၁၇ရက်မှ ၂၃ ရက်သီတင်းပတ်မှာတော့ စင်ကာပူသို့ ၇၀ ဒသမ ၅တန်နဲ့ မလေးရှားကို တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်က သင်္ကြန်ပိတ်ပြီး ပြန်ဖွင့်ရက် ဖြစ်တာကြောင့် တင်ပို့မှုနည်းနေတာဖြစ်တယ်လို့ သိရပါတယ်။ ပို့ကုန်ဝင်ငွေမှာ ကန်ဒေါ်လာ ၆၀၂၅၀ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပခုက္ကူဈေးကွက်တွင် မန်ကျည်းအတက်ဈေးဖြင့် အရောင်းအဝယ်သွက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူဈေးကွက်အတွင်းသို့ မန်ကျည်းသီးအသစ်များ နယ်စုံမှ လှိုင်လှိုင်ဝင်ရောက်လျက်ရှိရာတွင် မန်ကျည်းသီးထွက်ဒေသများဖြစ်သော မြိုင်၊ ပေါက်၊ ရေစကြို မြို့နယ်များမှ မန်ကျည်းသီးအသစ်အတောင့်များ တစ်နေ့လျှင်ပိဿာချိန် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ဝင်ရောက်လျက်ရှိရာ မန်ကျည်းတစ်နှစ်၊ ဆီး တစ်နှစ်ဟု ဆိုရိုးစကားအရ ယခုနှစ်က မန်ကျည်းနှစ်ဟုဆိုရလောက် အောင်ပင်အထွက်ကောင်း၊ ဈေးကောင်း၍ အရောင်းအဝယ် သွက်လျက်ရှိရာ မန်ကျည်းသီးတောင့် အစေ့ပါ တစ်ပိဿာလျှင် ၉၆၀ ကျပ်မှ မေပြီ ၂၇ ရက်တွင် ၁၁၃၅ ကျပ်အထိဈေးရပြီး အစေ့မပါ တစ်ပိဿာ ၂၄၀၀ ကျပ်ဈေးနဲ့ လက်လီရောင်းချလျက်ရှိနေပါတယ်။ ယခင်နှစ်ကာလတူဈေးမှာ မန်ကျည်းသီးတောင့် အစေ့ပါ တစ်ပိဿာ ၅၅၀ ကျပ်မှ ၆၀၀ ကျပ်သာရရှိခဲ့သော်လည်း ယခုနှစ်မှာ ဈေးကောင်း ပိုမိုရရှိကြောင်းနဲ့ မန်ကျည်းသီးပင်ပိုင်ရှင်များနဲ့ မန်ကျည်းသီးအကိုင်းပုတ် ရောင်းချသူများ တွက်ချေကိုက်လျက် အကျိုးအမြတ်ရှိကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

# ဟင်းသီးဟင်းရွက်ကို ဘယ်လိုရွေးချယ်ကြမလဲ

ကြည်ထူး

ဟင်းသီးဟင်းရွက်သည် အများအားဖြင့် အမျှင်ဓာတ်ပါဝင်သောကြောင့် လူတိုင်း၊ စားသုံးသူတိုင်း အတွက် အစာချေဖျက်မှုအတွက် အရေးပါလှသဖြင့်လည်းကောင်း၊ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သဖြင့်လည်းကောင်း၊ လူသားတိုင်း စားသုံးကြရပါသည်။ အချို့လူများသည် အသားလုံးဝမစားဘဲ Vegetarian ဟုခေါ်သော အသီးအရွက် စားသုံးသူများသာ ဖြစ်နေတတ်ပါသေးသည်။ သို့ရာတွင် အသားသက်သက်သာ စားသောလူသား မရှိသလောက်ရှားမည်ထင်ပါသည်။ သို့ဖြစ်သဖြင့် အစား အသောက်ကဏ္ဍတွင် စားသုံးသူအားလုံးအတွက် အသီးအရွက်သည် မရှိမဖြစ် လိုအပ်သည့် အစားအစာအဆင့် ဖြစ်ပါသည်။

Vegetable ဟူသောအသုံးအနှုန်းသည် အင်္ဂလိပ်စကားလုံးအဖြစ် ၁၅ ရာစုတွင် စတင်သုံးခဲ့သည်ဟု သိရပါသည်။ ခေတ်ဟောင်း ပြင်သစ် စကားလုံး ဖြစ်သည်ဟု သိရပါသည်။ ဟင်းသီးဟင်းရွက်အမျိုးအစားခွဲခြားရာတွင် သစ်သီး (Fruits) နှင့် ဟင်းသီးဟင်းရွက် (Vegetable) ကို အမေရိကန် Supreme Court တရားရုံးတွင် ၁၈၉၃ ခုနှစ်က ခွဲခြားခဲ့ဖူးသည်ဟု ဖတ်ရသည့်အခါ အံ့ဩလေးစားမိပါသည်။ အခွန်အတုပ်အတွက် ခွဲခြားခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။ သစ်သီး (Fruit) သည် တန်ဖိုးကြီးမားပြီး၊ ဇိမ်ခံပစ္စည်း အဖြစ်မှတ်ယူကာ အခွန်အထုပ်ကိုမြင့်မားစွာ ကောက်ခံကြပါတယ်။ သို့သော် ဟင်းသီးဟင်းရွက် (Vegetable) တွင်ပါဝင်သော အသီးဆိုပါက အများစားသုံးသော ဟင်းချက်စရာအဖြစ် သတ်မှတ်ပြီး၊ အခွန်အတုပ် နည်းပါးတတ်ကြောင်း သိရပါသည်။

သို့ဖြစ်၍ တရားရုံးအထိ အခွန်ကိစ္စအတွက် ခွဲခြားခံရသော အသီးမှာ ခရမ်းချဉ်သီး ဖြစ်ပါသည်။ အဆိုပါ ခရမ်းချဉ်သီးကို Vegetable အဖြစ်သတ်မှတ်ခဲ့ကြောင်း သိရပါသည်။ ပြည်ပမှ တင်သွင်းသော ကုန်စည်များ၏ အကောက်ခွန်ကိစ္စ (၁၈၈၃)တွင် ဖြည့်စွက်ခဲ့သည်ဟု ဆိုပါသည်။ ရုက္ခဗေဒအဆိုအရမူ ခရမ်းချဉ်သီးသည် အသီး (Fruit) သာ ဖြစ်ပါသည်။ ဟင်းသီး ဟင်းရွက်ဆိုသည်မှာ အဘယ်နည်းဟုဆိုလျှင် မြန်မာအဆိုအားဖြင့် အစိမ်းစားသုံးရန် (သို့မဟုတ်) ဟင်းလျာချက်ပြုတ်ရန်အတွက် သုံးနိုင်သော အပင်၏ တစ်စိတ် တစ်ပိုင်းဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေခေါ်ဝေါ်သည်ဟု ပြန်ဆိုနိုင်မည်ထင်ပါသည်။ အဓိက အချက်မှာ ဟင်းလျာအဖြစ် အသုံးပြုနိုင်သော အပင် (သို့မဟုတ်) အပင်၏ အစိတ်အပိုင်းကို ဟင်းသီးဟင်းရွက်ဟု ခေါ်ဝေါ်တတ်ပါသည်။

အမေရိကန်တွင် တင်သွင်းအကောက်ခွန်အတွက် ခရမ်းချဉ်သီးကို ခွဲခြားခဲ့သည့် အခါကကဲ့သို့ပင် သစ်သီး(Fruit) သည် တင်သွင်းခွန်ပေးဆောင်သင့်သော ပစ္စည်းဖြစ်ပြီး ပြည်တွင်း ရောင်းဝယ်နေသော သစ်သီးအပါအဝင် ဟင်းသီးဟင်းရွက်များ၊ အမျိုးအစားအလိုက် အခွန်ကျသင့်သော ကုန်စည်မဟုတ်ပါ။ ပြည်ပတင်ပို့သည့် သစ်သီးဝလံများသည် လည်းကောင်း၊ ဟင်းသီးဟင်းရွက်များသည် လည်းကောင်း၊ အကောက်ခွန်၊ ကုန်သွယ်ခွန်မပေးဆောင်သင့်ပါ၊ မပေးရပါ။ သို့ရာတွင် ပြည်ပသို့တင်ပို့နေသော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များဖြစ်စေ၊ ပြည်တွင်းတွင် ရောင်းဝယ်နေသော ဟင်းသီးဟင်းရွက်များဖြစ်စေ၊ စားသုံးရာတွင် အဆိပ်အတောက် မဖြစ်စေရေးအတွက် အလွန်အရေးကြီးပါသည်။

အဆိပ်အတောက်ကင်းစင်သော ဟင်းသီးဟင်းရွက်ကို စားသုံးချင်သော်လည်း ပိုးသတ်ဆေးစားသုံးနေသကဲ့သို့ ဖြစ်နေပြီလားဟု မေးရပါမည်။ စားချင်သည်က အသီးအရွက်၊ စားမိသည်က ပိုးသတ်ဆေး အဆိပ်ဖြစ်နေသည်မှာ ကျွန်တော်တို့၏ လက်ရှိဘဝဖြစ်ပါသည်။ စားချင်သည်က အာဟာရဖြစ်စေသော အစာ၊ စားမိသည်က (Slow Poison) ဖြစ်နေတတ်ပါသည်။ စားသုံးသူအများစုမှာ (Organic) ဟူသော ဟင်းသီးဟင်းရွက်များကို ဈေးကြီးပေးပြီး ဝယ်မစားနိုင်သေးသဖြင့် ပုံမှန်အသီးအရွက်များ ကို ဝယ်စားရသည့်အခါ စွန့်စားခန်းနှင့် ရင်ဆိုင်ရသလို ဖြစ်လာပါသည်။

အမေရိကန်စားသုံးသူရေးရာ၏ အစီရင်ခံစာတွင် အမေရိကန်တစ်ဦးစားသော အသီးအရွက်များတွင် ပိုးသတ်ဆေး အမျိုးအစား ၂၉ မျိုးပါဝင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုပါသည်။ စွန့်စားရကိန်းကို လျှော့ချလိုလျှင် (Organic) အစားအစာမျိုးကို ရွေးချယ်မှရမည်ဟုဆိုသည်။ သို့ဖြစ်၍ ဤသို့ မရွေးနိုင်ပါ၊ စိုက်ပျိုးထုတ်လုပ်သူများ ရှုထောင့်တွင် အကျိုးအမြတ်ရရေး ပါနေပါသည်။ အကျိုးအမြတ်ထက် အရင်းမပြုတ်ရေးဆိုပါက ပို၍မှန်ကန်ပါသည်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးသော တောင်သူများ ချမ်းသာကြသည်မဟုတ်ပါ။ သို့ဖြစ်၍ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ခင်းကို ပိုးမွှား မဖျက်စေရန် မဖြစ်မနေ ပိုးသတ်ကြရပါသည်။ သတ်ရင်းနှင့်ပင် ပိုးသတ်ဆေးကို ယဉ်ပါးကာ ပိုးမသေလေ ပို၍ ဆေးဖျန်း ရလေဖြစ်ပြီး၊ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်း ရွက်များတွင် ပိုးသတ်ဆေးပါဝင်မှုများသည်ထက် များလာတတ်ပါသည်။ ၈၀ ရာခိုင်နှုန်းခန့်သော ပိုးသတ်ဆေးများကို ရေအေးဖြင့်သာ သေချာဆေးကြောလျှင် ပြောင်စင်မည်ဟု ဆိုပါသည်။ ပိုးသတ်ဆေးဖျန်းရာတွင် စနစ်ကျသော၊ အလေ့အကျင့်ကောင်းဖြစ်သော စည်းကမ်းစနစ်တကျ ဆေးပက်ဖျန်းသော နည်းစနစ်ကို သုံးစွဲနိုင်မှသာ ကောင်းမွန်သော ဟင်းသီးဟင်းရွက်များ၊ စားသုံးရန်သင့်တော်အဆင်ပြေမည့် ဟင်းသီးဟင်းရွက်များ ရမည်ဖြစ်ပါသည်။

ဤသို့သော GAP (Good Agricultural Prachice) တွင် ပိုးသတ်ဆေးဖျန်းခြင်းသည် အလွန်တရာ စနစ်ကျသင့်ပါသည်။ တောင်သူများအနေဖြင့် အရင်းမပြုတ်စေရေးအတွက် ပိုးသတ်ဆေးကို မဖြစ်မနေသုံးနေရ သည်ကို လျှော့ချ၊ စနစ်တကျ ပြုပြင်ရမည်ဖြစ်သည့်အပြင် ရောင်းဝယ်သူများ အနေဖြင့်လည်း မလုပ်သင့်သည့် ဆိုးဆေးများဆိုးခြင်း၊ မှည့်ဆေးအလွန်အကျွံသုံးခြင်းများကို ရှောင်ကြဉ်စေရန်လည်း ပညာပေးခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းများ ပြုလုပ်သင့်ပါသည်။

စားသုံးသူများကို အဓိက အကာအကွယ်ပေးမည့် ဥပဒေများဖြစ်သော စားသုံးသူ ကာကွယ်ရေးဥပဒေ၊ အစားအစာနှင့်ဆေးဝါးဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ အတုအပ ဆိုင်ရာဥပဒေ စသည့် စသည့် ဥပဒေများသည် အသက်ဝင်ရန် အမှန်တကယ် စားသုံးသူကို အကျိုးပြုရန် မဖြစ်မနေလိုအပ်ပါသည်။ ယင်း ဥပဒေများကို စားသုံးသူများမှ နားလည်ပြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံ မိမိတို့၏ မကျေနပ်ချက်များ၊ နစ်နာချက်များကို လွယ်လွယ်ကူကူ တိုင်ကြားနိုင်အောင် လုပ်ပေးရန်လည်း လိုအပ်ပါသည်။ ဝန်ထမ်းများသည် စားသုံးသူများ၊ ပြည်သူများ၏ ဥပဒေအကျိုးဆောင်များ ဖြစ်နေရပါမည်။ သို့ဖြစ်၍ နေ့စဉ်မပါမဖြစ် ဟင်းတစ်ခွက် ဖြစ်လာမည့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများ၊ အိမ်ရှင်မများ အနေဖြင့် စွန့်စားမှုမပါဘဲ ရွေးချယ်နိုင်ရေးအတွက် ကြိုးစားရမည့်သူ များမှာ ဝန်ထမ်းများသာ ဖြစ်လာသည်ဟု ယူဆမိပါသည်။ သို့ရာတွင် စားသုံးသူကာကွယ်ရေးတွင် အရာရာကို ဝန်ထမ်းများကသာ ဆောင်ရွက်၍ မရနိုင်သည်မှာ ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ၊ ပြည်သူများ၏ နားလည်မှု ဗဟုသုတများ၊ ရွေးချယ်မှုများ ဖြစ်ပြီး၊ ယင်းတို့ကို ထုတ်လုပ်သူများ၊ စားသုံးသူများကပါ ပူးပေါင်း ဆောင်ရွက်မှသာ ဟင်းသီးဟင်းရွက်များအပါအဝင် စားသောက်ကုန်အားလုံးသည် လုံခြုံစိတ်ချ စွာစားသုံးနိုင်သော အစားအစာ ဟင်းလျာများ ဖြစ်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## Product Development Workshop ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ကိုရီးယားစင်တာတို့ ပူးပေါင်းကျင်းပ



မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ကိုရီးယားစင်တာတို့ ပူးပေါင်းကျင်းပသည့် Product Development Workshop ကို ဧပြီ ၅ ရက်က ရန်ကုန်မြို့ Chatrium ဟိုတယ်တွင်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံ-ကိုရီးယားစင်တာမှ တာဝန်ရှိသူများ၊ ကိုရီးယားစားသောက်ကုန်လုပ်ငန်းမှ အသိပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာပို့ကုန်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကိုရီးယားစားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များ၊ ထုပ်ပိုးမှုနည်းပညာနှင့် သန့်ရှင်းမှုဆိုင်ရာကိစ္စရပ်တို့ကို မြန်မာ့စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် ပိုမိုသိရှိနားလည်နိုင်စေရန်၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်စေရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ အပြန်အလှန် တိုးပွားလာစေရန်အတွက်ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ကုန်သွယ်မှုတိုးတက်ရေးစွမ်းအားစု တည်ဆောက်ရေးကို ဖော်ဆောင်သည့် အဌမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

"ယခုလက်ရှိမှာ ကမ္ဘာတစ်ဝန်းကို ရေထွက်ကုန်၊ စားသောက်ကုန်မျိုးစုံတို့ ကို တင်ပို့လျက်ရှိပါတယ်။ ဒါကလည်း နည်းနည်းလောက်ပါပဲ။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို သူတို့ သဘောကျလာကြပါပြီ။ ဥပမာ-ပြောရရင် ကော်ဖီပေါ့။ ကော်ဖီသောက်သုံးတဲ့ဓလေ့ကလည်း အင်မတန်ကို တိုးတက်နေတယ်။ ကျွန်တော်တို့ရဲ့ မြန်မာ့ကော်ဖီကလည်း အရသာကောင်းတယ်။ ဒါပေမယ့် ထုတ်လုပ်မှုက မနိုင်ဘူးဖြစ်နေတယ်။ မြန်မာ့ကော်ဖီကိုဝယ်ချင်တာက ကိုရီးယားတစ်နိုင်ငံတည်းသာ မကဘူး၊ ဂျပန်လိုနိုင်ငံမျိုးကလည်း ဝယ်ချင်တယ်။ ကျွန်တော်တို့ရဲ့ထုတ်လုပ်မှုက အခုမှ ဖြည်းဖြည်းချင်းတက်နေတယ်။ အလားအလာ အင်မတန်မှကောင်းပါတယ်။ သူတို့ကို ရောင်းစရာတွေ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ ပတ်သက်ရင် အလားအလာကောင်းတွေ အများကြီးရှိပါတယ်။ တကယ်တိုးတက်အောင်ကြိုးစားအားထုတ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးကို တိုးတက်အောင်လုပ်ဆောင်ရာမှာ တွန်းအားပေးတဲ့ဌာနတစ်ခုအဖြစ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဧပြီ ၁ရက်ကနေ စတင်ဆောင်ရွက်လျက်ရှိနေပါပြီ။

အဲဒီအဖွဲ့ဟာမြန်မာနိုင်ငံရဲ့ပုဂ္ဂလိက ကဏ္ဍရဲ့ စီးပွားရေး တိုးတက်လာရေးအတွက် အဓိကနေရာနေပါဝင်ပြီး အားပေး မြှင့်တင်သွားပါ့မယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အဆိုပါ အခမ်းအနားအပြီးတွင် ပြောကြားခဲ့သည်။

**မယ်သီတာ**

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ဒီဇယ် တန်ချိန် ၂၀၀ ကျော်ဝင် ရန်ကုန်တွင် ဓာတ်ဆီဈေးမြင့်တက်

ဧပြီ ၃ရက် မှ ၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ကန်ဒေါ်လာ ၆၃၇၂၉၁၉၀ တန်ဖိုးရှိ ဒီဇယ် ၁၂၈၇ ဒသမ၅၆၉တန်နဲ့ ကန်ဒေါ်လာ ၂၂၁၆၈၀၁၂ တန်ဖိုးရှိ ဓာတ်ဆီ ၄၀၁ ဒသမ ၃၉၆ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဧပြီလ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်မှာ ကန်ဒေါ်လာ ၇၃၆၀၄၇၆၀တန်ဖိုးရှိ ဒီဇယ် ၁၄၀၆ဒသမ ၃၆၃ တန်နဲ့ ကန်ဒေါ်လာ၁၉၉၅၀၇၈၇ တန်ဖိုးရှိ ဓာတ်ဆီ ၃၄၈ ဒသမ ၆၈၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဧပြီလ သီတင်းနှစ်ပတ်အတွင်း စုစုပေါင်း ဒီဇယ် ၂၆၉၃ဒသမ ၉၃၂ တန်နဲ့ ဓာတ်ဆီ၇၅၀ ဒသမ ၀၅၈ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ် ဈေးများက ရန်ကုန်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးအနည်းငယ်မြင့်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာဒီဇယ် ၄၉၀ ကျပ်၊ အောက်တိန်း (92) ၅၃၀ ကျပ်၊ အောက်တိန်း(95) ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၄၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပြင်ပပီပါဈေးများမှာ သကြ်န်မတိုင်ခင်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးကျ လာပြီး ဓာတ်ဆီဈေး အနည်းငယ် မြင့်လာတယ်လို့ သိရပါတယ်။ ဧပြီ ၂၅ ရက် ဒီဇယ်ဝယ်ဈေး ၈၉၀၀၀ ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်ဈေးရှိခဲ့ပြီး၊ ၂၉ ရက်တွင် ဝယ်ဈေး ၈၈၀၀၀ ကျပ်၊ ရောင်းဈေး ၉၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ ဧပြီ ၂၅ ရက်တွင် ဝယ်ဈေး ၁၃၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ရက်တွင် ဝယ်ဈေး ၈၀၀၀ ကျပ်၊ ရောင်းဈေး ၆၀၀၀ကျပ် ဈေးမြင့်လာခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၆၂၀ ကျပ်၊ အောက်တိန်း (92) ၄၉၀ ကျပ်၊ ဒီဇယ် ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီ ၂၅ ရက် ဒီဇယ်ဝယ်ဈေး ၉၄၀၀၀ ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဧပြီလ ၂၇ ရက်မှာ ဝယ်ဈေး ၉၅၀၀၀ ကျပ်၊ ရောင်းဈေး ၉၇၀၀၀ ကျပ်ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဧပြီ ၂၅ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၇ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ဓါတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊အောက်တိန်း ဈေးငြိမ်နေပြီးဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၄၀ ကျပ်၊ အောက်တိန်း ၂၆၁၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်၊အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 29-4-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.02 | -0.01 | -0.02 |
| Brent Crude Futr (USD/bbl) | 48.12 | -0.02 | -0.04 |
| Gasoline Rbob Fut (Cent/gal) | 159.45 | -0.35 | -0.22 |
| Natural Gas Futr (USD/MMBtu) | 2.07 | -0.01 | -0.53 |
| Heating Oil Futr (Cent/gal) | 140.65 | 0.19 | 0.14 |

# အတက်ဘက်သို့ ဦးတည်နေသည့်ငွေလဲနှုန်း အကျဘက်သို့ ပြန်လည်ဦးတည်

သင်္ကြန်ကာလအပြီးတွင် အတက်ဘက်သို့ ဦးတည်လာခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်ဈေးပိတ်ချိန်တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

သင်္ကြန်ကာလမတိုင်ခင်ကတည်းက ကျဆင်းလာခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် သင်္ကြန်အပြီးတွင် ပြန်လည်မြင့်တက်လာခဲ့သည်။ ဧပြီ ၂၆ ရက် တစ်ရက်အတွင်းမှာပင် ၁၁ ကျပ်ခန့်မြင့်တက်ခဲ့ပြီး ဧပြီ ၂၇ရက်တွင် ခုနစ်ကျပ်ခန့်မြင့်တက်ခဲ့သည်။ သို့သော် ဧပြီလကုန်ရက်တွင် အကျဘက်သို့ ဦးတည်ခဲ့ကာ ဧပြီ ၂၉ ရက်တစ်ရက်တည်းမှာပင် သုံးကျပ်ခန့်ပြန်လည်ကျဆင်းခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများယခုကဲ့သို့ ရုတ်ခြည်းမြင့်တက်ခဲ့ရခြင်းမှာ သင်္ကြန်ကာလအပြီးတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပြန်လည်စတင်လာသဖြင့် ယခုကဲ့သို့ မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဈေးကွက်ထဲမှာ အဝယ်လိုက်လာသလို အရောင်းလည်း သွက်လာတယ်။ ဈေးပြန်တက်လာတာကတော့ နိုင်ငံတကာငွေလဲနှုန်းတွေ မြင့်တက်လာတဲ့အတွက် ပြည်တွင်းမှာလည်း မြင့်တက်လာရတာပါ။ ဒါပေမယ့် ဈေးအတက်အကျက များလည်းများ မြန်လည်း မြန်တဲ့အတွက် အလုပ်လုပ်ရတာ သိပ်ပြီးအဆင်မပြေဘူး။ ဝယ်တဲ့သူရော ရောင်းတဲ့သူပါ နစ်နာကြတာချည်းပဲ။ အခုလိုငွေလဲနှုန်းအတက်အကျကြမ်းနေရင် စီးပွားရေးတွေ ကမောက်ကမဖြစ်ကုန်မှာစိုးရတယ်"ဟု ကုန်သည်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြခဲ့သည်။

ငွေလဲစင်တာများတွင် ဧပြီ ၂၅ ရက်က ရောင်းဈေး ၁၁၆၃ကျပ်၊ ဝယ် ဈေး ၁၁၅၉ ကျပ်ရှိခဲ့ပြီး ဧပြီ ၂၆ ရက် ဈေးစဖွင့်ချိန်တွင် ရောင်းဈေး ၁၁၆၄ ကျပ်၊ ဝယ်ဈေး ၁၁၅၉ ကျပ်ရှိခဲ့သည်။ သို့သော်ထိုနေ့ညနေပိုင်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၇၅ ကျပ်၊ ဝယ်ဈေး ၁၁၇၀ ကျပ်ရှိခဲ့သည်။

ထို့နောက် ဧပြီ ၂၇ ရက် ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၁၇၂ ကျပ်၊ ဝယ်ဈေး ၁၁၆၇ ကျပ်ရှိခဲ့သော်လည်း ဈေးပိတ်ချိန် တွင် ရောင်းဈေး ၁၁၇၉ ကျပ်၊ ဝယ်ဈေး ၁၁၇၅ ကျပ်သို့မြင့်တက်ခဲ့သည်။ သို့သော် ဧပြီ ၂၉ ရက် ငွေဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၆၉ ကျပ်၊ ဝယ်ဈေး ၁၁၆၅ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး ကျပ်တစ်သောင်းကျော်မြင့်တက်



ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်တစ်သောင်းကျော်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ကြန်အပြီးမှာ ရွှေဈေးတက်မယ်လို့ ခန့်မှန်းထားတာ။ ကမ္ဘာ့ရွှေဈေးကလည်း တက်လာတယ်။အဲဒါကြောင့် ပြည်တွင်းရွှေဈေးကလည်း လိုက်ပါမြင့်တက်လာရတာပါ။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာချိန်မှာ ပြည်တွင်းကငွေလဲနှုန်းကလည်း မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးမြင့်တက်မှုက များပြားလာခဲ့ရတာဖြစ်ပါတယ်။ ဒီတစ်ပတ်ထဲမှာ ရွှေဈေးက ကျပ် ၁၂၅၀၀ လောက် ဈေးမြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းပမာဏ ပြန်များလာခဲ့တယ်" ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ဧပြီ ၂၅ ရက်က ကျပ် ၇၇၁၀၀၀ ရှိခဲ့ပြီး ဧပြီ ၂၇ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၈၀၀၀၀ သို့ မြင့်တက်ခဲ့သည်။

ဧပြီ ၂၈ရက်တွင် ဆက်လက်မြင့်တက်ခဲ့ပြီး ကျပ် ၇၈၃၀၀၀ သို့ ရောက်ရှိခဲ့သည်။ ဧပြီ ၂၉ရက်ဈေး ပိတ်ချိန်တွင် ကျပ် ၇၈၃၅၀၀ ဈေးရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဧပြီ ၂၅ ရက်က ၁၂၃၅ ဒေါ်လာရှိခဲ့ပြီး ဧပြီလ ၂၇ ရက်တွင် ၁၂၄၇ ဒေါ်လာရှိခဲ့သည်။ ဧပြီ ၂၈ ရက်တွင် ဆက်လက်မြင့်တက်ခဲ့ပြီး ၁၂၅၄ ဒေါ်လာသို့ ရောက်ရှိခဲ့ကာ ဧပြီ ၂၉ ရက်တွင် ၁၂၇၄ ဒေါ်လာသို့ ရောက်ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

April 29, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.48 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.50 |
| I DR | Indonesia Rupiahs | 13203.60 |
| JPY | Japan Yen | 107.33 |
| MYR | Malaysia | 3.91 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 46.97 |
| RUB | Russia Rubles | 64.45 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1139.95 |
| LKR | Sri Lanka Rupe | 146.25 |
| THB | Thailand Baht | 34.94 |
| GBP | United Kingdom Pounds | 0.68 |
| VND | VietnamDon | 22286.61 |

*Source : xe.com*

## World Gold Price

April, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1232 | 1232 | 1233 |
| 26 | 1231 | 1231 | 1233 |
| 27 | 1244 | 1244 | 1244 |
| 28 | 1252 | 1252 | 1253 |
| 29 | 1269 | 1269 | 1269 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-4- 2016 | 771.00 | 771.10 |
| 26-4- 2016 | 774.00 | 773.50 |
| 27-4- 2016 | 778.50 | 777.90 |
| 28-4- 2016 | 784.00 | 783.00 |
| 29 -4- 2016 | 783.50 | 782.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6 .50 | 35.12 | 78.29 | 66.73 |
| 26 | 6. 49 | 35.21 | 78.30 | 66.65 |
| 27 | 6 49 | 35.17 | 78.36 | 66.54 |
| 28 | 6 .48 | 35.07 | 78.31 | 66.45 |
| 29 | 6.48 | 34.94 | 78.35 | 66.50 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25 - April | 17.01 | 1899.74 | 1654.24 | 5078.30 | 1009.00 |
| 26 - April | 16.90 | 1884.29 | 1665.89 | 5057.25 | 1007.00 |
| 27- April | 17.36 | 1905.34 | 1648.64 | 5024.77 | 1017.00 |
| 28 - April | 17.31 | 1898.18 | 1652.45 | 4997.66 | 1030.00 |
| 29 - April | 17.67 | 1953.73 | 1684.48 | 5052.32 | 1058.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေ တန်ချိန် ရှစ်သောင်းလေးထောင်ကျော်ဝင်



မေ့ပြီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၆၆၂၀၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၃၂၉၃ဒသမ၇၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါ တယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၃၉၈၈ ဒသမ ၂၀ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၁၄၀၀၊ မလေးရှားနိုင်ငံမှ ၂ဒသမ ၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၇၉၀၁ ဒသမ ၆၀ တန် ဝင်လာခဲ့တယ် လို့ သိရပါတယ်။ စိန်၊ ဆင်၊ ရန်ကို စတဲ့ တံဆိပ်များဝင်လာခဲ့ပါတယ်။ မေ့ပြီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်းမှာတော့ ကန်ဒေါ်လာ ၈၇၁၀၃၈ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၇၅၂ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် မေ့ပြီလ ပထမပတ်နဲ့ တတိယပတ်အတွင်း ဘိလပ်မြေ တန်ချိန် ၈၄၀၄၅ ကျော် ဝင်လာခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မေ့ပြီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၇၅၂ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ မေ့ပြီ ၃ ရက်မှ ၉ ရက် သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန် ချိန်၇၃၂၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၆၂၅၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၅၅၉၆ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၂၆၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၄၃၂၇ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိခဲ့တယ်လို့ သိရပါတယ်။ သင်္ကြန်ပိတ်ရက်အပြီး ဘိလပ်မြေဈေးက သိပ်မပြောင်းဘူး၊ ကြံ့ (မြိုင်ကလေး) ဘိလပ်မြေသာ၁၀၀ ကျပ်ဈေးကျခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်ကပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ စိန်နဲ့ကမ္ဘောဇကဈေးနည်းနည်းကျလာပေမယ့် ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ကျပ်၊ အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊နဂါး ၅၂၀၀ ကျပ်၊အေးသုံးလုံး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် သင်္ကြန်ပြီးနောက်ပိုင်း အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးက ၁၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၆၂၀၀ ကျပ်၊ စိန် ၆၁၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၇၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### မေ့ပြီ ပထမပတ်နဲ့တတိယပတ်အတွင်း မြေဆီတန်ချိန် ၃၀၀၀ ကျော် တင်သွင်း

မေ့ပြီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၅၆၅၄၃ တန်ဖိုးရှိ မြေဩဇာ ၂၅၄၁ ဒသမ ၃၁၉ တန်ကို လည်းကောင်း၊ မေ့ပြီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၅၈၆၅ တန်ဖိုးရှိ မြေဩဇာ ၅၈၇ တန်ကို လည်းကောင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ မေ့ပြီ ပထမသီတင်းပတ်အတွင်း တရုတ်နိုင်ငံမှ ၁၈၃၈ ဒသမ ၅ တန်၊ အိန္ဒိယ မှ ၁၀ တန်နဲ့ စင်ကာပူမှ ၆၉၂ ဒသမ ၈၁၉ တန် တင်သွင်းခဲ့ပြီး နောက်တစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၅၆၇ တန်နဲ့ ဂျပန်နိုင်ငံမှ တန် ၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

မေ့ပြီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ တန်ချိန် ၂၅၄၁ တန်ကျော်အဝင်ရှိခဲ့ပြီး မေ့ပြီ ၁၇ ရက်မှ ၂၃ အတွင်း ၅၈၇ တန် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၅၉၁၂ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ် အဝင်မှာ ၅၄၆၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ် အရောင်းတော်တော်လေး အေးနေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း ၁၅ ပတ်လည် (အစိမ်း) က ၁၃၀၀ ကျပ်နဲ့ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်) က ၅၀၀ ကျပ်ဈေးကျခဲ့ပြီး ပုလဲအသေး၊ တီစူပါနဲ့ ကွန်ပေါင်း ၁၆း၁၆း၈ က ဈေးငြိမ်နေခဲ့တယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှတာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်ပုံမှန်ရှိတယ်။ဈေးကွက်ထဲ ယူရီးယား ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း၊ တီစူပါ (သံကွင်း-တရုတ်) ၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာပြီး ပိုတက်ကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၂၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၀၄၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ) ၃၇၈၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းတော်တော်လေး အေးပေမယ့် မြေဆီဈေးက နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၄၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၃၃၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၆၈၀၀ ကျပ်၊တီစူပါ ၂၁၀၀၀ ကျပ်၊ တောင်သူမ ၁၅၀၀၀ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက သင်္ကြန်ရက်မတိုင်မီ အရောင်း ပုံမှန်ရှိခဲ့ပေမယ့် သင်္ကြန်ရက်နောက်ပိုင်းမှာ အရောင်းတော်တော် ပါးလာတယ်လို့ သိရပါတယ်။ မြေဩဇာဈေးက သင်္ကြန်မတိုင်မီဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၀၀၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၇၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၈၅၀၀ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၅၅၀၀ ကျပ်၊ ခတ်ဆား (တရုတ်)၁၅၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး )၁၈၅၀၀ကျပ်၊ မြားကမ္ဘာ ၁၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်၃၀၀ နီးပါးနဲ့ နို့မှုန့် တန်ချိန် ၁၀၀ ကျော်ဝင်

မေ့ပြီ ၃ရက်မှ ၉ရက် သီတင်းပတ်အတွင်း နို့ဆီ ၂၄၈ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ဒွန်းနို့ဆီတစ်မျိုးတည်းသာဝင်လာခဲ့တယ်လို့ သိရပါတယ်။ မေ့ပြီ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်မှာတော့ နို့ဆီ ၅၀ဒသမ ၉၉၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မေ့ပြီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း နို့မှုန့် ၂၅ဒသမ ၇၇၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၆ တန်၊ စင်ကာပူမှ ၆ ဒသမ ၉၆၈ တန်၊ ဗီယက်နမ်မှ ၂ဒသမ ၈၀၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မေ့ပြီ ၁၇ ရက်မှ ၂၃ရက်သီတင်းပတ်မှာ မလေးရှားမှ ၄၄ဒသမ ၂၂၇ တန်နဲ့စင်ကာပူမှ ၄၅ ဒသမ ၂၆၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၄ မှ ၂၂/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၄ မှ ၁၅/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၈၆.၂၅ | ၃၇၀.၄၁ | (-) | ၈၄.၁၆ |
| ၂။ | လွယ်ဂျယ် | ၁၇၉၅.၀၀ | ၅၈၅.၀၀ | (+) | ၁၂၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀၃၉.၀၀ | ၇၈၄၈.၀၀ | (-) | ၅၈၀၉.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀.၀၀ | ၂၀၀၀.၀၀ | (-) | ၁၇၅၀.၀၀ |
| ၆။ | မြဝတီ | ၈၃၀.၉၀ | ၄၆၅.၀၀ | (+) | ၃၆၅.၉၀ |
| ၇။ | ကော့သောင်း | ၉၃၁၅.၀၀ | - | (+) | ၉၃၁၅.၀၀ |
| ၈။ | မြိတ် | ၁၀၈၀.၀၀ | - | (+) | ၁၀၈၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၅၅၉၆.၁၅ | ၁၁၂၆၈.၄၁ | (+) | ၄၃၂၇.၇၄ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၄ မှ ၂၂/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၄ မှ ၁၅/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၂၉၄.၀၀၀ | ၄၂၃၈.၀၀၀ | (+) | ၅၆.၀၀၀ |
| ၂။ | လွယ်ဂျယ် | ၁၈၅.၂၅၀ | - | (+) | ၁၈၅.၂၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၇၆.၂၅၀ | ၃၂၄.၂၅၀ | (+) | ၂၅၂.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၉၇.၀၀၀ | ၂၀၀.၀၀၀ | (+) | ၁၉၇.၀၀၀ |
| ၆။ | ကော့သောင်း | ၆၀.၀၀၀ | - | (+) | ၆၀.၀၀၀ |
| ၇။ | မြိတ် | ၄၀၀.၀၀၀ | - | (+) | ၄၀၀.၀၀၀ |
| ၈။ | ရိုဒ် | - | ၇၀၀.၀၀၀ | (-) | ၇၀၀.၀၀၀ |
| | စုစုပေါင်း | ၅၉၁၂.၅၀၀ | ၅၄၆၂.၂၅၀ | (-) | ၄၅၀.၂၅၀ |

တင်တင်ထွန်း

## နှမ်း

### တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်မှတစ်ဆင့် နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧပြီ ၁ ရက်မှ ၂၀ ရက်တာကာလအတွင်း နှမ်းနက် ၃၆၂ တန်နဲ့ နှမ်းဖြူ ၁၁၇၂ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၈၄၂ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၈၅၀ တန်ဖိုးရှိနှမ်းနက် တန် ၅၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာ နှမ်းတင်ပို့မှု မရှိတာကြာပြီဖြစ်ပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာတော့ ဧပြီလဆန်းကတည်းက နှမ်းဖြူတစ်တန် ၁၂၄၁၃၃၉ ကျပ်စျေးနဲ့ နှမ်းနက် ၁၇၇၇၀၅၄ ကျပ်စျေးမှ ပြောင်းလဲခြင်းမရှိခဲ့ပါဘူး။

**မော်မော်အောင်**

### ပြည်နှမ်းစျေးကွက်တွင် စျေးအတက်အကျ မမှန်သော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေ

ပြည်စျေးကွက်တွင် ယခုရက်ပိုင်း၌ နှမ်းစျေးမှာ အတက်အကျ မမှန်သော်လည်း အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ နွေနှမ်းများစိုက်ပျိုးနေချိန်ဖြစ်၍ နှမ်းအဝင်နည်းသွားသော်လည်း လှောင်နှမ်းများကြောင့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။

ဆီစက်သမားများက ဆီကြိတ်ရန် နှမ်းနီကို အဝယ်ရှိခြင်း၊ နှမ်းနက်နှင့် စမုံနက်နှမ်းကို ဝယ်လက်များကအဝယ်ရှိသော်လည်း ပစ္စည်းလက်ကျန်နည်း၍ တစ်နေ့လျှင် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနီစျေးမှာ တစ်တင်းလျှင် ၂၃၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နှင့် စမုံနက် နှမ်းတစ်တင်းလျှင် ၅၃၀၀၀ ကျပ်စျေးရှိသလို နှမ်းနီဆီစျေးမှာ တစ်ပိဿာလျှင် ၄၅၀၀ ကျပ်နှင့် နှမ်းဆီရိုးရိုး တစ်ပိဿာလျှင် ၄၃၀၀ ကျပ်စျေးဖြင့် ပြည်စျေးကွက်တွင် ယခုတစ်ပတ်၌ စျေးမြင့်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ပြန်လည်မြင့်တက်လာမှုကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ် စျေးကျဆင်း

ဒေါ်လာနဲ့ဖလှယ်ရာမှာ ရက်သတ္တပတ်တစ်ပတ်အတွင်း အနိမ့်ဆုံးစျေးအဖြစ်ရောက်ရှိနေတဲ့ ရင်းဂစ်ငွေကြေးတန်ဖိုးက ပြန်လည်မြင့်တက်လာတဲ့အတွက်ကြောင့် လည်းကောင်း၊ ပို့ကုန်နှေးကွေးကျဆင်းမှုနဲ့ စားအုန်းဆီထုတ်လုပ်မှုမြင့်တက်နေချိန်မှာ ကုန်သည်များက အမြတ်ပိုမိုရရှိရန် ကြိုးပမ်းဆောင်ရွက်လာကြသည့် အတွက်ကြောင့်လည်းကောင်း မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်စျေးက ဧပြီ ၂၇ ရက်မှာ ပြန်လည်ကျဆင်းခဲ့ရာ ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြထားပါတယ်။

စားအုန်းဆီရောင်းဝယ်ရာမှာ အသုံးပြုတဲ့ ငွေကြေးဖြစ်တဲ့ ရင်းဂစ်ငွေကြေးရဲ့ တန်ဖိုးခိုင်မာမှုက အခြားနိုင်ငံခြားငွေတစ်ခုခုကို လက်ဝယ်ထားရှိသူများအတွက် စားအုန်းဆီတန်ဖိုးကို ပိုမိုမြင့်တက်စေပြီး ယှဉ်ပြိုင်မှုစွမ်းရည်ကျဆင်းခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးတို့ရဲ့ ဖလှယ်နှုန်းကိုကြည့်ပါက ဧပြီ ၂၇ ရက်ညနေ ပိုင်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၃ ဒသမ ၉၁ ရင်းဂစ်နှုန်းကို ရောက်ရှိခဲ့ပါ တယ်။

မလေးရှားနိုင်ငံတော် ရန်ပုံငွေမှ ဘွန်းစာချုပ်များအတွက် ပေးချေရန်ပျက်ကွက်မှုရှိကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းက ဧပြီ ၂၆ ရက်မှာ တစ်ဒေါ်လာလျှင် ၃ ဒသမ ၉၄၉၅ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပြီး ရက်သတ္တတစ်ပတ်အတွင်း အနိမ့်ဆုံးဖြစ်ရာမှ ရင်းဂစ်တန်ဖိုးပြန်လည်မြင့်တက်လာတာဖြစ်ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) မှာ ဇူလိုင်လအတွက် စာချုပ်ချုပ်ဆိုရောင်းချတဲ့ စားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်စျေးက ဧပြီ ၂၇ ရက်စျေးပိတ်ချိန်တွင် စားအုန်းဆီ တစ်တန်ကို ၂၆၃၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၇၃ ဒေါ်လာ)နှုန်းရှိခဲ့တဲ့အတွက် ယခင်ရက်ကစျေးနှုန်းအောက် ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး ယခု ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်မြောက်ကျဆင်းခဲ့တာဖြစ်ပါတယ်။ စားအုန်းဆီက နံနက်ပိုင်းတွင် တစ်တန်ကို ၂၆၃၀ ရင်းဂစ်နှုန်းထိ ကျဆင်းခဲ့ရာ ဧပြီ ၁၅ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ယခုရက်သတ္တပတ်အတွင်း သုည ဒသမ ၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီရဲ့ ရောင်းချမှုပမာဏက ဧပြီ ၂၇ ရက်မှာ ၂၅ တန်ရှိအတွဲ ၅၁၄၇၂ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်ရက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၄၄၆၀၀ တွဲနှုန်းထက် သာလွန်ခဲ့တာကို တွေ့ရပါတယ်။

ရင်းဂစ်တန်ဖိုးမြင့်တက်မှုအပြင် ပြည်ပတင်ပို့မှု ကျဆင်းတာနဲ့ စားအုန်းဆီထုတ်လုပ်မှုမြင့်တက်တာတွေကြောင့် စားအုန်းဆီစျေးနှုန်းတွေ ကျဆင်းခဲ့တာဖြစ်ကြောင်း ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။ မလေးရှား စားအုန်းဆီ ထုတ်ကုန်တွေရဲ့ ဝယ်လိုအားက လွန်ခဲ့တဲ့တစ်လက ကာလတူနဲ့ နှိုင်းယှဉ်ကြည့်ရင် ဧပြီ ၁ ရက်မှ ၁၅ ရက်အတွင်း တိုးတက်မှုအနည်းငယ်မျှပင် မရှိတာကို တွေ့ရကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ တစ်ဖွဲ့ရဲ့ စစ်တမ်း အရသိရပါတယ်။

ကမ္ဘာမှာ စားအုန်းဆီထုတ်လုပ်မှု အများဆုံးဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ မတ်လစားအုန်းဆီတင်ပို့မှုကို ဖေဖော်ဝါရီတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အခြားဟင်းရွက်ဆီစျေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံ ဒါလီယံစျေးကွက် (Dalian Commodity Exchange ) မှာ စက်တင်ဘာအတွက် ပဲပုပ်ဆီစျေးက သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပါတယ်။ အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ပဲပုပ်ဆီစျေးက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီစျေးနှုန်းများ (၂၉-၄-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၁၈၅၀ | ▽ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၆၅၅ | ၁၆၁၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၂၀၀ | ▽ | ၁၇၉၀ | ၁၇၄၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၅၀၀၀ | △ | ၁၇၇၀ | ၁၇၀၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၂၀၀ | ၄၄၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၈၅၀ | ၁၇၈၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၂၁၀၀ | △ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၉-၄-၂၀၁၆ US$/Ton

| အမျိုးအစား | ဧပြီလတတိယပတ် | ဧပြီလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၆.၀၀ | ၆၈၆.၀၀ | □ |
| RBD P.Olein | ၆၉၂.၀၀ | ၇၁၃.၀၀ | △ |
| RBD P.Strarin | ၆၄၆.၀၀ | ၆၄၀.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၉- ၄ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၄၄၉.၅၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၆၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၈.၀၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၀၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၃.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၅၉၃ ၂၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၄-၂၀၁၆ နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၅၅ ဒေါ်လာ၊ FOB ၇၃၀ ဒေါ်လာနှင့် USD စျေး ၁၁၇၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၉-၄-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာစျေး ၁၁၇၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF စျေးနှုန်းများ အပါအဝင် ဖော်ပြပါစျေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.15 Monday May 2 2016

# မူဆယ်ဒေသ၏နှစ်သစ်ကူးကုန်သွယ်မှုနှင့် ဈေးကွက်အလားအလာကောင်းများ

|မိုင်းယုရွာမသား|



မြန်မာ့သစ်သီးဝလံများအား တစ်ဖက်နိုင်ငံက ဝယ်ယူမည့် ကုန်သည်များက မူဆယ် (၁ဝ၅) မိုင် ကုန်သွယ်ရေးဇုန် သစ်သီးပွဲရုံ ကုန်စည်ဒိုင်မှာပဲ ကုန်ပစ္စည်းကိုလာရောက်ကြည့်ပြီး ဈေးပြိုင်စနစ်နဲ့ အရောင်းအဝယ်လုပ်ကြပါသည်။ အရောင်းအဝယ်ဖြစ်ပြီးသည့် သစ်သီးများကို အများအားဖြင့် ကြူကုတ် (ပန်ဆိုင်း)-ဝမ်တိန် နယ်စပ်မှ တရုတ်နိုင်ငံဘက်သို့ သယ်ဆောင်သကဲ့သို့ အချို့သစ်သီးကားများသည် တရားဝင်ဖွင့်ထားမှု မရှိသေးသော်လည်း လမ်းကြောင်းတိုသည့် ကျိန်စမ်းကျော့ ဝင်/ထွက်ပေါက်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ သယ်ဆောင်ကြကြောင်းသိရပါသည်။

ထို့အတူ မြန်မာနိုင်ငံဘက်မှ တရားဝင်တင်ပို့ခွင့်ပြုထားသော်လည်း တရုတ်နိုင်ငံဘက်မှ ခွဲတမ်းစနစ်ဖြင့် ကန့်သတ်ထားသည့် ကုန်ပစ္စည်းများနှင့် တရုတ်နိုင်ငံ၏ AQSIQ ဟုခေါ်သည့် မိမိနိုင်ငံ၏ FDAဌာနကဲ့သို့ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲသည့်ဌာနဘက်က ခွင့်မပြု၍ ကန့်သတ်မှုများဖြစ်နေသည့်ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားစသည့် လယ်ယာထွက် ပို့ကုန်ပစ္စည်းများကို ကုန်သွယ်ရေးဇုန်၌ ပို့ကုန်လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးခံပြီး မူဆယ်သို့ သယ်ဆောင်ခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံနှင့် ကုန်ပစ္စည်းတင်ပို့ရန် လွယ်ကူသည့် မူဆယ်မြို့တွင်း ဂိုဒေါင်များအပြင် ကျိန်စမ်းကျော့ကျေးရွာ မူဆယ်နှင့် နမ့်ခမ်းမြို့အကြားရှိ မန်ဝိန်း၊ ပန်ခမ်း၊ နောင်ယမ်း၊ တိန်းလုံ၊ နောင်မွန်း၊ ဆယ်လန့်၊ မန့်ဟုမ်းတုံ၊ နမ့်ဆန်ကျေးရွာများရှိ ဂိုဒေါင်များ၌ သိုလှောင်ထား ကြသည်။

မူဆယ်မြို့ရှိ ဆန်ကုန်စည် ဒိုင်တွင် တစ်ဖက် တရုတ်ကုန်သည်များနှင့် အရောင်းအဝယ်ဖြစ်ပါက (သို့မဟုတ်) ကျေးရွာများရှိဂိုဒေါင်များသို့ တိုက်ရိုက်လာကြည့်ပြီး တရုတ်ကုန်သည်များနှင့် အရောင်းအဝယ်ဖြစ်သွားပါက နီးစပ်ရာလမ်းကြောင်းများမှ တရုတ်ကုန်တင်ယာဉ်များဖြင့် အထက်ပါကျေးရွာများသို့ ဝင်ရောက်၍ တရုတ်ဘက်သို့ သယ်ဆောင်ကြပါသည်။ ယခင်က တရုတ်နိုင်ငံဘက်၌ ရာသီသီးနှံပေါ်ချိန်များတွင် တရုတ်နိုင်ငံတောင်သူများ၏ ထုတ်ကုန်များဈေးမရသဖြင့် တောင်သူများ၏ တင်ပြမှုကြောင့် တရုတ်နိုင်ငံ ဗဟိုအစိုးရက စစ်ဆေးရေးအဖွဲ့များနှင့်အတူ နယ်စပ်ဝင်/ထွက်ပေါက်များသို့ လာရောက်သတင်းယူစစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်ကြသည်။ ထို့ကြောင့်အဆိုပါ အချိန်မျိုးများတွင် လယ်ယာထွက်ပို့ကုန်ပစ္စည်းများ တရုတ်နိုင်ငံ ကုန်သည်များနှင့် အရောင်းအဝယ်မဖြစ်တော့ဘဲ ဈေးကျခြင်း၊ အရောင်းအဝယ်ဆိုင်းခြင်းများ ဖြစ်လေ့ရှိကြောင်း သိရှိရပါသည်။

၂ဝ၁၆ ခုနှစ်၊ မတ်လဆန်းတွင် တရုတ်နိုင်ငံ မန်စီဘက်မှ ပြည်တွင်းသို့ တရားမဝင် သကြားတင်သွင်းသည့် တရုတ်နိုင်ငံသား သုံးဦးကို တရုတ်ဗဟိုအစိုးရ အကောက်ခွန်ဌာနက ဖမ်းဆီးခဲ့သည်။ ရွှေလီ-လုံတောင်း နယ်စပ်တစ်လျှောက်၌ တရုတ်အကောက်ခွန်ဌာနနှင့် နယ်စပ်ရဲတပ်ဖွဲ့များပူးပေါင်းပြီး စစ်ဆေးမှုများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခဲ့သဖြင့် ယခင်ဆန်တစ်အိတ်လျှင် ယွမ် ၁၄ဝ ဝန်းကျင် အရောင်းအဝယ်ဖြစ်နေရာမှ ဆန်တစ်အိတ် ယွမ် ၁၂ဝ ဝန်းကျင်အထိ ကျဆင်းခဲ့သကဲ့သို့ သကြားတစ်အိတ်လျှင် ယွမ် ၂၂ဝ အရောင်းအဝယ်ဖြစ်နေရာမှ ၁၉ဝ ယွမ်ထိ ကျဆင်းခဲ့ကြောင်း၊ မတ်လကုန်ပိုင်းတွင် တရုတ်နယ်စပ်၌ ပိုမိုစိစစ်မှုများ ပြုလုပ်လာသဖြင့် အရောင်းအဝယ်များဆိုင်းသွားကာ နယ်စပ်ရှိကျေးရွာများ၏ ဂိုဒေါင်များတွင် ဆန်အိတ် နှစ်သိန်းခုနစ်သောင်းကျော်၊ သကြားအိတ် ၁၅ သိန်းကျော်၊ ပြောင်းအိတ် သုံးသိန်းကျော်ကျန်ရှိနေကြောင်းကြားသိခဲ့ရပါသည်။ အထက်ပါအခြေအနေကို မူဆယ်(၁ဝ၅) မိုင် ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးဌာန၏ တင်ပြချက်အရ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် နှစ်နိုင်ငံ တာဝန်ရှိသူများ ညှိနှိုင်းခြင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း။ (၁ဝ၅) မိုင်ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများက တရုတ်နိုင်ငံ ရွှေလီဒေသရှိ တာဝန်ရှိသူများနှင့် အောက်ခြေချင်း ညှိနှိုင်းပေးမှုများကြောင့် ၂ဝ၁၆ ဧပြီလဆန်းပိုင်းတွင် ပြန်လည်တင်သွင်းခွင့်ရရှိခဲ့ပြီး အရောင်းအဝယ် ဆိုင်းငံ့လျက်ရှိနေသော ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားကုန်ပစ္စည်းများ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း၊ ဧပြီလ ပထမပတ်ထဲတွင် ဆန်တစ်အိတ်ဈေးနှုန်း မှာ ယွမ် ၁၄ဝ ကျော်လာသကဲ့သို့ သကြားတစ်အိတ် ဈေးနှုန်းသည် ၂ဝ၂ ယွမ်မှ ၂၁၅ ယွမ် အထိဖြစ်လာကာ ပြောင်းတစ်အိတ်လျှင် ၈၅ ယွမ်အထိ ဈေးတက်လာကြောင်း၊ မူဆယ်နှင့် နမ့်ခမ်းအကြားရွာများရှိ ဂိုဒေါင်များတွင် သိုလှောင်ထားသော (၁ဝ၅) မိုင်ကုန်သွယ်ရေးဇုန်မှ Export အတွက် စစ်ဆေးပြီး ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားများနေ့စဉ် တစ်ဖက် တရုတ်နိုင်ငံသို့ ကုန်တင်ကားများဖြင့် အိတ်ရေသိန်းချီ၍ အရောင်းအဝယ်ဖြစ်လာကြောင်း၊ သင်္ကြန်ကာလအထိ တောက်လျှောက် သယ်ဆောင်လျက်ရှိနေကြောင်း၊ အထက်ဖော်ပြပါကျေးရွာများသို့ တရုတ်ဖက်မှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားအဝယ်လိုက်ပြီး သင်္ကြန်ကျော်ပါက ဈေးတက်နိုင်သည့် အခြေအနေတချို့ကို မြင်တွေ့ရသဖြင့် ဂိုဒေါင်တွေမှာ မရောင်းသေးဘဲ သိုဝှက်သိုလှောင်ပြီး ဈေးအတက်ကို စောင့်နေသည်ဟုသိရပါသည်။

”

**နှစ်နိုင်ငံနယ်စပ်တွင်ဖြစ်ပေါ်နေသည့် နောက်ဆုံးအခြေအနေများကို စုံစမ်းမေးမြန်းနိုင်ရန် မူဆယ်(၁ဝ၅)မိုင် ကုန်သွယ်ရေးဦးစီးဌာန၌ပြည်သူများ မည်သူမဆိုစုံစမ်းမေးမြန်းနိုင်သည့် စုံစမ်းရေးဌာန ဖွင့်လှစ်ထားရှိပါသည်။**

အထက်ဖော်ပြပါ အခြေအနေများအရ ကုန်သွယ်မှုအခြေအနေသည် ၂ဝ၁၅ ခုနှစ် သင်္ကြန်ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၂ဝ ရက်အတွင်း ပို့ကုန်တန်ဖိုးမှာ ၂၄ ဒသမ ၁၄၈ ဒေါ်လာ သန်းဆောင်ရွက်ခဲ့ပြီး ၂ဝ၁၆ ခုနှစ် သင်္ကြန်ကာလဖြစ်သော ဧပြီ ၉ ရက်မှ ၂ဝ ရက်အတွင်း ပို့ကုန်တန်ဖိုးမှာ ၂၇ ဒသမ ၂ဝ၈ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂ဝ၁၆ ခုနှစ် သင်္ကြန်ကာလတွင် အလားတူကာလထက် ၃ ဒသမ ဝ၆ဝ ဒေါ်လာသန်းပို့ကုန်ပိုင်းတွင် ပိုမိုဆောင်ရွက်လာနိုင်ကြောင်းကို ကုန်သွယ်ရေးဇုန်ရှိ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရပါသည်။

မူဆယ်ဒေသတွင် အထက်ပါအတိုင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ မူဆယ်ဒေသ တရုတ်-မြန်မာနယ်စပ်တွင် မိမိနိုင်ငံက ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားတွေကို တရုတ်ဖက်မှ ဖမ်းဆီးမှုများနေသဖြင့် အရောင်းအဝယ်လုံးဝမဖြစ်ကြောင်း၊ နယ်စပ်ကျေးရွာများရှိ ဆန်ဂိုဒေါင်များတွင် ဆန်များစုပုံနေကြောင်း၊ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြားဈေးများကို လက်ရှိပေါက်ဈေးထက် များစွာလျှော့ချပြီး ရောင်းချနေကြောင်း သတင်းများဖြစ်ပေါ်ခဲ့ရာ မူဆယ်ဒေသရှိ မိမိနိုင်ငံသားကုန်သည်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး သတင်းမှန်ကိုသာ ဖြန့်ပေးဖို့ လိုအပ်လှပါသည်။ ထို့ကြောင့် မူဆယ်ဒေသတွင် ဖြစ်ပေါ်နေသည့် တရုတ်နိုင်ငံဖက်နှင့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ သကြား အရောင်းအဝယ်ဖြစ်နေသည့် အခြေအနေများကို မြေပြန့်ဒေသရှိ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ သတင်းမှန်သိပြီး မှန်ကန်သည့်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်စေရန်၊ ရသင့်ရထိုက်သည့် အကျိုးအမြတ်များရရှိစေရန် တင်ပြပေးခြင်းဖြစ်ပါသည်။

မူဆယ်ဒေသတွင် ယခုသင်္ကြန်ကာလအပြီး ဖြစ်ပေါ်နေသည့် ဈေးနှုန်းများမှာ ငစိန် ၂၅ မှတ် တစ်အိတ် ၁၄၈ ယွမ်၊ ဧည့်မထ ၂၅မှတ် တစ်အိတ် ၁၅၅ ယွမ်၊ ဆန်ကွဲ တစ်အိတ် ၁၂၆ ယွမ်၊ သကြား(အိန္ဒိယ) တစ်အိတ် ၂၁ဝ ယွမ်၊ ပြောင်းတစ်အိတ် ၈၅ ယွမ် အသီးသီးဖြစ်ပေါ်လျက်ရှိကြောင်း သိရှိနေရပါသည်။

သင်္ကြန်အတက်နေ့ (၁ဝ၅) မိုင် ကုန်စည်ဒိုင်မှာ ဖြစ်ပေါ်နေသည့် သစ်သီးဈေးနှုန်းများမှာ စိန်တစ်လုံး သရက် ၁၅ ကီလိုဂရမ်ပါ တစ်ခြင်းလျှင် ၁၄ဝ ယွမ်၊ အစေ့မဲ့ဖရဲ တစ်ကီလိုဂရမ်လျှင် ၄ဒသမ၅ ယွမ်မှ ၅ ဒသမ ၅ ယွမ်၊ ဖရဲကြားသီး (ဝမ်းပုံ) တစ်ကီလိုဂရမ်လျှင် ၁ ဒသမ ၅ ယွမ်-၃ ဒသမ ၂ ယွမ်၊ ဖရဲဖြူသီး (ဝမ်းပုံ)တစ်ကီလို ဂရမ်လျှင် ၁ ဒသမ ၅ ယွမ်- ၃ယွမ်၊ သခွားသီးဈေးမှာ ရွှေသခွား တစ်ကီလိုဂရမ်လျှင် ၄ ယွမ်မှ ၅ ယွမ်၊ ဖရဲသခွား တစ်ကီလိုဂရမ်လျှင် ၄ ယွမ်၊ ပိုက်သခွား တစ်ကီလိုဂရမ်လျှင် ၆ ယွမ်မှ ၇ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။

မူဆယ်ဒေသ၏ ကုန်သွယ်မှုအခြေအနေများ၊ပို့ကုန်သွင်းကုန်ပစ္စည်းများအတွက် လိုင်စင်ထုတ်ပေးမှု အခြေအနေများ၊လိုင်စင်ဈေးနှုန်းများ၊ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပေါ်နေသည့် နောက်ဆုံး အခြေအနေများကို စုံစမ်းမေးမြန်းနိုင်ရန် မူဆယ်(၁ဝ၅)မိုင် ကုန်သွယ်ရေးဦးစီးဌာန၌ ပြည်သူများ မည်သူမဆို စုံစမ်းမေးမြန်းနိုင်သည့် စုံစမ်းရေးဌာန ဖွင့်လှစ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူများ ကုန်ပစ္စည်းထုတ်လုပ်သူ များ ကုန်သွယ်မှုအခြေအနေ သိရှိလိုသူများမှ မူဆယ် (၁ဝ၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ “စုံစမ်းရေးဌာန” သို့ လာရောက်စုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# WTO စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အိန္ဒိယနိုင်ငံအား တရုတ်နိုင်ငံက တိုက်တွန်း

ကမ္ဘာ့သံမဏိအများဆုံးထုတ်လုပ်သူဖြစ်သည့် တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံအား ကုန်သွယ်ရေး အတားအဆီး အစီအမံများအား အသုံးမပြုရန်နှင့် တရုတ်သံနှင့်သံမဏိတင်ပို့သူများ၏ တန်ပြန်စုပုံခွန်ဆိုင်ရာ ကိစ္စရပ်များအား စစ်ဆေးရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရန် ဧပြီ ၁၈ ရက်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရပါသည်။

တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် ၎င်းတို့တရုတ်နိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာ သက်သာမှုများ/ကုစားမှုများ ပြုလုပ်ရာတွင် အကျိုးပြုစေမည့်၊ ကန့်သတ်သင့်သည့်၊ ဥပဒေနှင့်ဆီလျော်ညီညွတ်မည့် စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများကို အစဉ်ထောက်ခံခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံအား ကုန်သွယ်ရေးအကာအကွယ်ပြုမှု အစီအမံများအား အသုံးမပြုရန်နှင့်တရုတ်သံနှင့် သံမဏိတင်ပို့သူများ၏ တန်ပြန်စုပုံခွန်ဆိုင်ရာ ကိစ္စရပ်များအား စစ်ဆေးရာတွင် WTO စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာမည်ဟု ၎င်းအနေဖြင့် မျှော်လင့်ပါကြောင်း၊ သံမဏိပိုလျှံမှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံအားလုံးမှ ပူးပေါင်းပါဝင်ကြိုးပမ်းဖြေရှင်းရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုအကာအကွယ်ပြုရေး စီမံချက်များသည် အဆိုပါပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ဘဲ နိုင်ငံတကာပုံမှန်ကုန်သွယ်မှုအစီအစဉ်များအား အဟန့်အတားများ ဖြစ်စေနိုင်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားထားကြောင်း သိရှိရပါသည်။

ဧပြီလလယ်မှစ၍ အိန္ဒိယနိုင်ငံသည် သံမဏိကွိုင်နှင့် သံမဏိပြားအပါ အဝင်တရုတ်သံမဏိတင်သွင်းမှုနှင့်စပ်လျဉ်း၍ တန်ပြန်စုပုံခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း ၎င်း၏ သံမဏိကုမ္ပဏီများအား ကုန်သွယ်မှုဆိုင်ရာ ပြဿနာများ ဖြေရှင်းရာ၌ ပြည်ပမှာ ပြိုင်ဘက်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် အစဉ်တိုက်တွန်းလျက်ရှိကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်းသိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံမှ ဟောင်ကောင်သို့ ပဲပုပ် တန်သန်း ၈၀ ကျော် တင်သွင်း

တရုတ်၏ ပဲပုပ်ထုတ်ကုန် တင်သွင်းမှုမှာ ၂၀၁၅ တွင် မက်ထရစ်တန်သန်းပေါင်း ၈၁ ဒသမ ၇ ရှိခဲ့ပြီး စုစုပေါင်းဝယ်လိုအား၏ ၈၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ တင်သွင်းခဲ့သည့် ပဲပုပ်ထုတ်ကုန်ပစ္စည်း အများစုမှာ မျိုးရိုးဗီဇပြုပြင်ထားသော ပဲပုပ်များဖြစ်ပြီး ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့ စုစုပေါင်းပဲပုပ်စိုက်ပျိုးသည့်ဧရိယာများ ၏ ၈၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဟောင်ကောင်သိပ္ပံ၊ နည်းပညာနှင့် ပညာရေးဝန်ကြီးဌာန၏ အကြီးအကဲ ဖြစ်သူ Liao Xiyuanမှ ပြောကြားခဲ့ သည်။

၁၉၉၆ ခုနှစ်တွင် ပဲပုပ်တင်သွင်း သည့် နိုင်ငံများအနက် တရုတ် နိုင်ငံမှာ ကမ္ဘာ့အများဆုံးပဲပုပ်တင်သွင်းသူဖြစ် ခဲ့ပြီး စုစုပေါင်း ၁ ဒသမ ၁၁ တန်သန်း ပေါင်းတင်သွင်းခဲ့သည်။ လာမည့်နှစ် တွင် ပဲပုပ်ဝယ်လိုအားနှင့်ရောင်းလိုအားကွာဟမှု နည်းပါးစေရန် ထွက်နှုန်း မြင့်ပဲပုပ်များ တိုးမြှင့်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း Liao မှထပ်မံပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ၂၀၁၅ - ၂၀၁၆ သီးနှံရာသီအတွင်း အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီအထွက်နှုန်း တန်ချိန် သန်း ၂၀ ကျော်အထိ မြင့်တက်မည်ဟု ခန့်မှန်း

ရာသီဥတုသင့်တင့်မျှတမှုနှင့် ဈေးနှုန်းကောင်းမွန်ခြင်းတို့ကြောင့် စိုက်ဧကမြင့်တက်လာရာ အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီအထွက်နှုန်းသည် ၂၀၁၅ -၂၀၁၆ နှစ်၊ သီးနှံရာသီကာလဖြစ်သည့် (ဇူလိုင်လမှဇွန်လ) အတွင်း စံချိန်သစ်ဖြစ်သည့် တန်ချိန် ၂၀၃ သိန်းအထိ မြင့်တက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၄-၁၅ ခုနှစ်၊ သီးနှံရာသီကာလအတွင်း မိုးနည်းပါးသဖြင့် အထွက်နှုန်းကျဆင်းခဲ့ရာ တန်ချိန် ၁၈ ဒသမ ၉၂ သန်းရှိခဲ့ပြီး၊ ၂၀၁၃-၁၄ တွင် ၁၉ ဒသမ ၄သန်းရှိခဲ့ကြောင်း၊ နွေရာသီကာလအတွင်း ကြက်သွန်ဈေးနှုန်းကောင်းမွန်မှုသည် တောင်သူလယ်သမားများအား ဆောင်းရာသီတွင် ကြက်သွန်နီဧက ပိုမိုစိုက်ပျိုးရန် တွန်းအားဖြစ်စေခဲ့သည်ဟု အမျိုးသားဥယျာဉ်ခြံစိုက်ပျိုးရေး သုတေသန နှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (NHRDF) ညွှန်ကြားရေးမှူး RPGupta PTI က ပြောကြားခဲ့ကြောင်း သိရပါသည်။

ယခုနှစ်တွင် ဟက်တာဧက ၁၂ သိန်း၌ ကြက်သွန်နီစိုက်ပျိုးခဲ့ရာ ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဟက်တာဧက ၁၁ ဒသမ ၇၃ သိန်းထက် အနည်းငယ်ပိုခဲ့ကြောင်း၊ ဆောင်းရာသီစိုက်ကြက်သွန်နီများအနေဖြင့် လက်ရှိအချိန်အထိ အခြေအနေကောင်းမွန်ကြောင်း၊ အထွက်နှုန်းမှာ ပြီးခဲ့သည့်နှစ်ထက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုအခါ မဟာရာရှ္ဘတ္တရာနှင့် ဂူဂျာရတ်၊ မဒ္ဒရာ ပြည်နယ်တို့တွင် ဆောင်းကြက်သွန်နီများ စတင်နုတ်သိမ်းနေပြီဖြစ်ကြောင်း၊ မိုးရာသီတွင် အသုံးပြုရန်အတွက် ဆောင်းကြက်သွန်နီများကိုသာ သိုလှောင်လေ့ရှိကြပြီး လယ်သမားများနှင့် ကုန်သည်များသည် ကြက်သွန်နီ သိုလှောင်မှုစတင်နေကြပြီဖြစ်ကြောင်း၊ ဈေးကွက်တွင် ကြက်သွန်နီအရည်အသွေးကောင်းမွန်ခြင်းကြောင့် လက်ရှိနှစ်အတွက် ကြက်သွန်နီတန်ချိန် ၄၅ သိန်းဝန်းကျင် သိုလှောင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ မဟာရာရှ္ဘတ္တရာပြည်နယ်ရှိ တောင်သူလယ်သမားများ အနေဖြင့် ပျမ်းမျှလက်ကားဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ရှစ်ရူပီးရရှိနေကြကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အနည်းဆုံး ၂၀ ရာခိုင်နှုန်း အမြတ်အစွန်းရရှိနေသည်ဟု Gupta ကပြောကြားထားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ထွက်ရှိသည့် ကြက်သွန်နီအထွက်နှုန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် ဆောင်းကြက်သွန်နီများဖြစ်ကြပြီး၊ နွေရာသီနှင့် နွေရာသီနှောင်းပိုင်းတွင် စိုက်ပျိုးသည့် ကြက်သွန်နီများမှာ ၂၀ ရာခိုင်နှုန်းစီဖြစ်ကြောင်း၊ ဆောင်းကြက်သွန်နီများကို အိန္ဒိယနိုင်ငံပြည်နယ်အားလုံးနီးပါးတွင် စိုက်ပျိုးကြပြီး၊ အဓိကစိုက်ပျိုးသည့် ပြည်နယ်များမှာ မဟာသျှတ္တရာ၊ ဂူဂျာရတ်၊ မဒ္ဒရာပရာဒေ့ရှ်၊ အနောက်ဘင်္ဂလား၊ ဘီဟာဂျာဂျတ်စသန်း၊ ဩရီသနှင့်ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံတွင် အွန်လိုင်းစိုက်ပျိုးရေးဈေး ပလက်ဖောင်းကို ဧပြီလ ၁၄ ရက်ကစတင်

အိန္ဒိယနိုင်ငံတစ်ဝန်းမှ လက်ကားဈေးပေါင်း ၅၈၅ ခုကို ပေါင်းစည်းထားသည့် အမျိုးသားစိုက်ပျိုးရေးထွက်ကုန် ဈေးပလက်ဖောင်းကို ယခုတစ်ပတ်တွင် စတင်မည်ဖြစ်ကြောင်း ဧပြီ ၁၂ တွင် ဝန်ကြီးချုပ် နရိန္ဒရာမိုးဒီ က ပြောကြားခဲ့ကြောင်း သိရသည်။

ပလက်ဖောင်းစတင်ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်ပစ္စည်းများကို ရောင်းချရန်အတွက် အခွင့်အလမ်းများ ပိုမိုပေးစွမ်းနိုင်ရန်ဖြစ်ပြီး၊ ၂၀၂၂ ခုနှစ်တွင် တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆတိုးလာရမည်ဟူသည့် ၎င်းတို့၏ စီမံချက်အား အကောင်အထည်ဖော်မည့် အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ကြောင်း၊ အဆိုပါပလက်ဖောင်းကို အကောင်အထည်ဖော်ရန် ပြီးခဲ့သည့်နှစ်ဇူလိုင်လက အတည်ပြုခဲ့ပြီး ရူပီးကုဋေ ၂၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ ယခုနှစ်စက်တင်ဘာလမှစ၍ စိုက်ပျိုးရေးထွက်ကုန်အမျိုးအမယ်ပေါင်း ၂၀၀ ကို ထုတ်ပြန်လိမ့်မည် ဖြစ်ကြောင်း သိရပါသည်။

လက်ရှိအချိန်တွင် တောင်သူလယ်သမားများမှာ ၎င်းတို့၏ထွက်ကုန်များကို လက်ကားဈေးများတွင် ရောင်းချရာ၌ အခွန်အမျိုးမျိုး ကောက်ခံနေသည့်အတွက် ကန့်သတ်ချက်များ ရှိနေသေးကြောင်း၊ ယခုဆောင်ရွက်မည့် အွန်လိုင်းစိုက်ပျိုးရေးထွက်ကုန်ဈေးသည် တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ထွက်ကုန်များကို မြေပြင်ရှိလက်ကားဈေးများတွင် ရောင်းချနိုင်သကဲ့သို့ အွန်လိုင်းဈေးမှလည်း ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ရွေးချယ်ခွင့်များ ပိုမိုရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ အွန်လိုင်းမှတစ်ဆင့်အလွယ်တကူရောင်းချနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေများမြှင့်တင်ပေးနိုင်ပြီး၊ အသင့်ရရှိနိုင်သည့် အခြေအနေများ တိုးတက်လာကာ ဈေးနှုန်းမြင့်တက်မှုကိုလည်း ထိန်းညှိလာနိုင်ဖွယ် ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီး ရာဒါမန်မိုဟန်ဆင်း က ပြောကြားထားကြောင်း သိရပါသည်။

ထို့ပြင် မြေဆီလွှာစမ်းသပ်ခြင်းနှင့်ဓာတ်မြေဩဇာအသုံးပြုမှု သင့်တင့်မျှတစေခြင်းတို့ကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ထားသည့် တောင်သူလယ်သမားများ၏ မြေယာများအတွက် မြေဆီလွှာအခြေအနေကတ်ပြားများ (Soil Health Card - SHC)ထုတ်ပေးခြင်း အစီအစဉ်မှာလည်း အစိုးရ၏ အရေးပါသည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း လယ်သမားများအတွက် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းမွန်လာစေနိုင်ကြောင်း ပြောကြားထားပါသည်။

အဆိုပါအစီအစဉ်အရ တောင်သူလယ်သမား သန်း၄၀သို့ မြေဆီလွှာအခြေအနေကတ်ပြားများ စီစဉ်ပေးမည်ဟု ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ကြေညာထားကြောင်း၊ ၂၀၁၆-၁၇ဘဏ္ဍာနှစ်တွင် မြေဆီလွှာစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်းပေါင်း ၃၆၀ ကို ထပ်တိုးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်နယ်ဓာတ်ခွဲခန်းများ၌ မြေဆီလွှာစမ်းသပ်စစ်ဆေးနိုင်မှုမှာ နှစ်စဉ် ၁၇ ဒသမ ၈ သန်းမှ ၂၁ ဒသမ ၄ သန်းသို့ တိုးတက်လာမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တောင်သူလယ်သမား ၁၄ သန်းအား soil health cards များထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောကြားထားပါသည်။

ထို့ပြင် အိန္ဒိယအစိုးရသည် တောင်သူလယ်သမားများအတွက် သီးနှံအာမခံစနစ် (crop insurance scheme)ကို ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းအစီအစဉ်မှ ရရှိနိုင်မည့်/ရရှိနေသည့် အကျိုးကျေးဇူးများဆိုင်ရာ သတင်းအချက်အလက်များကို Gram Panchayats နှင့် Krishi Vigyan Kendras အသင်းအဖွဲ့များမှတစ်ဆင့် တောင်သူလယ်သမားများအား တိုက်ရိုက်စီစဉ်ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂-၅-၂၀၁၆)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ သကြ်န်အပြီး မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယအဝယ်ပြန်လိုက်လာလို့ ဈေးမြင့်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က သကြ်န်အပြီး အဝယ်ပြန်လိုက်လာ ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ကျပ် ၁၇၀၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအရောင်းအဝယ်ပြန်လိုက်လာတော့ လှောင်လက်တွေက ထုတ်ရောင်းမှုများလာတယ်။ တချို့ကုန်သည်ကလည်း တက်ဈေးမျှော်ပြီးထိန်းရောင်းတာမျိုးလည်းရှိပါတယ်။ ပဲစင်းငုံနီ (RC) ကိုတော့ အိန္ဒိယဝယ်လက်ကတစ်တန်ကို ၁၅၄၅၀၀၀ ကျပ် ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲအုပ်စုဈေးစွာလာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့်မြို့ခံပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၇၀၀ ကျပ် (တစ်တန်ကို ၁၆၅၃၄၅၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၈၀ ကျပ် (တစ်တန်ကို ၁၅၁၈၇၂၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များ အရောင်းပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဈေးမြှင့်အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၉၀၄ ကျပ် (တစ်တန်ကို ၁၁၆၅၉၉၀ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်ပါး၊ ပဲစင်းငုံနီကို ရန်ကုန်အဝယ်များ ပဲတီစိမ်းလုံးသေး ပစ္စည်း လက်ကျန်နည်း

မုံရွာဈေးကွက်မှာ မတ်ပဲကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့်ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၆၄၀ ကျပ် (တစ်တန်ကို ၁၆၁၆၇၀၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားများပေမယ့် လှောင်လက်တွေက ထုတ်ရောင်းမှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးသေးကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အရောင်းအဝယ်လည်းပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်ပါး သိပ္ပံနှမ်းအရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်တွင် ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့်ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကို မန္တလေး-ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှ ပဲမျိုးစုံအရောင်းအဝယ်ပါး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပါးနေပေမယ့် အရောင်းအဝယ်တော့ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၇၂၅ ကျပ် (တစ်တန်ကို ၁၆၆၈၇၆၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူက တစ်ပိဿာကို ၉၂၅ ကျပ် (တစ်တန်ကို ၅၆၆၄၆၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိပေမယ့် အဝယ်မရှိခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၁၀၀ ကျပ် (တစ်တန်ကို ၆၇၃၆၂၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်သာအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲ ပုံမှန် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အဝယ်ပြန်လိုက်လာပြီး တစ်ပိဿာကို ၂၇၀၀ ကျပ် (တစ်တန်ကို ၁၆၅၃၄၅၃ ကျပ်) ဈေး ဖြင့်အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ပုံမှန်အဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၇၅ ကျပ် (တစ်တန် ကို ၁၁၄၈၂၃၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်းဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းဖြူ၊ နှမ်းနီ ပုံမှန်အရောင်းအဝယ်ဖြစ်၊ ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းဖြူနှင့် နှမ်းနီကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဆီစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ (ထိပ်စ) တစ်ပိဿာ ၂၃၀၀ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၀၀၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၁၉၁၁ ကျပ် (တစ်တန်ကို ၁၁၇၀၂၇၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့်အရောင်းများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိနေ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လိုအားပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးနှင့်အစာစပ်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၄၂၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် လေးသိန်းခွဲခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီနှံကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၁၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီအရောင်းနည်း၊ ကုလားပဲအုပ်စုဈေးမာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားများပေမယ့် ရောင်းသူ ကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားများတာကြောင့် ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၉၄၇ ကျပ် (တစ်တန်ကို ၁၁၉၂၃၂၃ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၈၅၈ ကျပ် (တစ်တန်ကို ၁၁၃၇၈၂၀ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်အဆွဲ ပုံမှန်ရှိ

မူဆယ်ဈေးကွက်သို့ ဒီတစ်ပတ်ပြောင်းသီးနှံ အဝင်ပုံမှန်ရှိသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၆၀ ကီလို တစ်အိတ်ကို ၉၀ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။



# ကယားပြည်နယ်အခြေပြုအလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်ကြီးကြပ်မှု ကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို နေပြည်တော်တွင်အောင်မြင်စွာကျင်းပ

မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ဦးစားပေး ကဏ္ဍ ၁၁ ခုရှိသည့်အနက် ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နယ်သာလန်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (CBI) မှ Netherlands Trust Fund (III) ၏ရန်ပုံငွေထောက်ပံ့မှု အစီအစဉ်ဖြင့်နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏နည်းပညာအကူအညီနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယားပြည်နယ် အခြေပြုအလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်း စီမံကိန်း ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ ကယားပြည်နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခြုံငုံသုံးသပ်ဦးဆောင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ကယားပြည်နယ်အခြေပြုအလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ (Project Steering Committee) ကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍသည် တစ်စတစ်စကြီးထွားလာခဲ့ပြီး အနာဂတ်အတွက် အလားအလာကောင်းလာနိုင်မည့်အခြေအနေများကိုရရှိထားပြီးဖြစ်သည်။ သဘာဝအရင်းအမြစ်များ ပေါများ ကြွယ်ဝပြီး ကုံလုံပြည့်စုံသောယဉ်ကျေးမှုထွန်းကားသည့်ကယားပြည်နယ်တွင်ခရီးသွားလုပ်ငန်း စီမံချက် စတင်အကောင်အထည်ဖော်ခြင်းသည် အချိန်အခါကောင်းတစ်ခုကိုအသုံးချခြင်းဖြစ်သည်။ စီမံကိန်း၏ အဓိကမျှော်မှန်းချက်များကို အကောင်အထည် ဖော်ခြင်းဖြင့် ယဉ်ကျေးမှုခရီးသွားအစီအစဉ်နှင့် ဖန်တီးလေ့လာမှုခရီးသွားအစီအစဉ်တို့ကဲ့သို့သော အောင်မြင်မှုရလဒ်ကောင်းများကိုလည်း ဒေသအတွင်း ရရှိခဲ့ပြီးဖြစ်သည်။ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်ကိုယ်တိုင် ကွင်းဆင်းလေ့လာဖော်ထုတ်ခဲ့သည့် ဒေသထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဝင်ရောက်နိုင်ရေး၊ အရည်အသွေးမြှင့်တင်နိုင်ရေးတို့ကို စီမံကိန်းကာလအတွင်းဆက်လက်မြှင့်တင်ဆောင်ရွက်သွားရန်ရှိသည်။

စီမံကိန်းကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ် ၂၆ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ အောင်မြင်စွာကျင်းပခဲ့သည်။ ယခုအခါစီမံကိန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များဖြစ်သည့် ITC နှင့် CBI တို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ကဏ္ဍခရီးသွား လုပ်ငန်းအသင်းအဖွဲ့များမှကိုယ်စားလှယ်များ ပါဝင်သည့် တတိယအကြိမ် အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဧပြီ ၂၆ ရက်တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ အသီးသီး တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (NES Unit)**

## ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ



ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမန်းဂျော်နီနဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများဟာ ဧပြီလ ပထတစ်ပတ်က ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်နဲ့ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI)ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နဲ့ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့ပါတယ်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးချုပ်ဦးမန်းဂျော်နီက စားသုံးသူရေးရာကိစ္စရပ်သည် ယခုအချိန်အခါတွင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ စားသုံးသူများကို စားသုံးသူဆိုင်ရာ အသိပညာပေးခြင်းကိစ္စရပ်များအား ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ရောင်းသူ၊ ဝယ်သူထုတ်လုပ်သူများ၊ အသိဉာဏ်ဆင်ခြင်တုံတရားများပြည့်ဝလာပြီး စားသုံးသူအကာအကွယ်ပေးရေးအလေ့အထ များထွန်းကားလာမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍လည်းဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှတိုင်းဒေသကြီးဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဧရာဝတီတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ARCCI) နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်တွေ့ဆုံပွဲ၊ အစည်းအဝေး၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲနှင့် သင်တန်းများကိုစားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် အခါအားလျော်စွာ ကျင်းပပြုလုပ်နိုင်ရန်လည်း လမ်းညွှန်မှာကြားခဲ့ကြောင်းသိရပါတယ်။

တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ဌာနရဲ့ လုပ်ငန်းတာဝန်များကိုရှင်းလင်း ပြောကြားပြီး (ARCCI)အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် ဦးမောင်မောင်ဦးတို့က လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ရာ ဝန်ကြီးချုပ်ဦးမန်းဂျော်နီကလမ်းညွှန်မှာကြားခဲ့ပြီး Ayeyar Trade Center ပြခန်းများကိုကြည့်ရှုလေ့လာခဲ့ရာ တိုင်းညွှန်ကြားရေးမှူးက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## လူကြိုက်အများဆုံး လေကြောင်းလိုင်းအဖြစ် အာရှလေကြောင်းလိုင်း Vietjet ရရှိ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပခဲ့သည့် ရွှေနဂါးပွဲတော်ဆုချီးမြှင့်ပွဲနှင့် ဗီယက်နမ်၏အကောင်းဆုံး အမှတ်တံဆိပ်ချီးမြှင့်ပွဲတွင် အာရှ၏ လူကြိုက်အများဆုံး တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် Vietjet သည် ဗီယက်နမ်နိုင်ငံ၏ အကောင်းဆုံးအမှတ်တံဆိပ်နှင့် တိုင်းပြည်အတွင်း လူကြိုက်အများဆုံးလေကြောင်းလိုင်းတစ်ခုအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နှစ်စဉ်ကျင်းပသည့် ဗီယက်နမ်၏ အကောင်းဆုံးအမှတ်တံဆိပ် ချီးမြှင့်ပွဲသည် နာမည်ကျော် Vietnam Economic Time Publication နှင့် ကုန်သွယ်စီးပွားဌာနစိတ် (စက်မှုနှင့်ကုန်သွယ်ဝန်ကြီးဌာန)တို့မှ စတင်ကြီးမှူးကျင်းပသောပွဲဖြစ်သည်။ ထိုဆုကို ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ နည်းပညာဆိုင်ရာ ဖြေရှင်းမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အပြင် လူမှုအသိုင်းအဝိုင်းတိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပါဝင်မှုအားကောင်းသော နာမည်ရစီးပွားရေးလုပ်ငန်းများအကြား ရွေးချယ်ခြင်းဖြစ်သည်။

Vietjet သည် လက်ရှိတွင် ပြည်တွင်းနှင့် ပြည်ပ အဖွဲ့အစည်းများမှ အသိအမှတ်ပြုဆုတံဆိပ်များစွာရရှိထားပြီး ထိုဆုများထဲတွင် ဗီယက်နမ်၏ အကောင်းဆုံးလုပ်ငန်းခွင်ဆု၊ PATA ရွှေတံဆိပ်၊ TTG Travel Award မှ ပေးအပ်သော ၂၀၁၅ ခုနှစ်၏ အကောင်းဆုံးအာရှတန်ဖိုးနည်းလေကြောင်းလိုင်းဆု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်သည့် ထိပ်သီးအမှတ်တံဆိပ်ဆု ၂၀၊တစ်နှစ်တာ အကောင်းဆုံးစီးပွားရေးလုပ်ငန်းဆု (လေကြောင်းလိုင်းကဏ္ဍ)၊ Defence and Transport by Asia-Pacific Stevie Awards 2015 တို့ပါဝင်ကြောင်း သိရသည်။

**မယ်သီတာ**

## ထိုင်းနိုင်ငံတွင် ASEAN SEA FOOD For the World & 11th Asian Fisheries and Aquaculture ဖိုရမ်နှင့်ပြပွဲ ကျင်းပမည်

ငါးနဲ့ရေထွက်ကုန် ကွန်ဖရင့်ကို အာရှပစိဖိတ်ရှိ ရေထွက်ကုန်စင်တာများကွန်ရက်မှ (NACA-Network of Aquaculture Centres in Asia-Pacific)၊ အရှေ့တောင်အာရှနိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်တာ (SEAFDEC-South East Asian Fisheries Development Centre) နဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ အပါအဝင် အခြားအသင်းများကပူးပေါင်းပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်ရှိ ဗန်ကောက်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနဲ့ ကုန်စည်ပြပွဲများစင်တာ (Bangkok International Trade & Exhibition Centre-BITEC )မှာ ကျင်းပသွားမယ်လို့ အွန်လိုင်းသတင်းများမှာ ဖော်ပြထားပါတယ်။




ကမ္ဘာတစ်ဝန်းမှာ ရေထွက်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လက်ကားရောင်းဝယ်သူများ၊ ရေထွက်ကုန်ထုတ်လုပ်သူ အများအပြား ပါဝင်ပြသကြမယ်လို့ သိရပါတယ်။

ကွန်ဖရင့်ကို ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ လည်းကောင်း၊ ကုန်သည်များနဲ့ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကိုဩဂုတ် ၄ ရက်မှ ၅ ရက်အထိလည်းကောင်း၊ အများပြည်သူလူထုကို ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းမှ ၆ ရက် ည ၂၀း၀၀ ချိန်အထိလည်းကောင်း ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။

**MIRT**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ ၁ဂ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဧပြီ ၁ ရက်မှ ၂၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ ၁၈ တန်ကျော်တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ငါးရှဉ့်မှာ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၂၈ သန်း၊ တန်ချိန် ၁၅ တန်ကျော်၊ ရေဘဝဲမှာ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်း၊ တန်ချိန် ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဧပြီ ၁၆ ရက်မှ ၂၂ ရက်တာကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်း တန်ဖိုးရှိ ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ ၁၀ တန်နီးပါးတင်ပို့နိုင်ခဲ့ပြီး၊ ပင်လယ်ငါးရှဉ့်မှာ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း၊ တန်ချိန် ရှစ်တန်ကျော်၊ ရေဘဝဲမှာ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း၊ တန်ချိန် တစ်တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သစ်သီးဝလံတင်ပို့မှုမှ ကန်ဒေါ်လာသန်း ၁၃၀ ကျော် ဆောင်ရွက်နိုင်

ပြည်ပသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်မှုနယ်စပ်ကုန်သွယ်မှုများနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်သီးဝလံတင်ပို့မှုမှာ ကန်ဒေါ်လာ ၁၃၈ ဒသမ ၇၃၂ တန်ဖိုးရှိ သစ်သီးဝလံ တန်ချိန် ၈ ဒသမ ၂၆၆ သိန်းတင်ပို့နိုင်ခဲ့ပါတယ်။သစ်သီးဝလံအလိုက် ပင်လယ်ရေကြောင်းနဲ့ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၂၀၄ တန်ဖိုးရှိ ဖရဲသီး ၅ ဒသမ ၉၁၈ တန်၊ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၆၁ တန်ဖိုးရှိ သခွားမွှေး ၁ ဒသမ ၀၁၃ တန်၊ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၂၃ တန်ဖိုးရှိ သရက်သီး သုည ဒသမ ၂၈၃ တန်၊ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၉၄ တန်ဖိုးရှိ သီဟိုဠ်စေ့ ၂၄ တန်၊ အမေရိကန်ဒေါ်လာ တန်ဖိုးရှိ အခြားသစ်သီးဝလံ ၁ ဒသမ ၀၂၇ တန်တို့ကို တင်ပို့နိုင်ခဲ့ပါတယ်။ ဖရဲသီးနဲ့သခွားမွှေးများကို ကုန်သွယ်ရေးစခန်းမှသာ အဓိကတင်ပို့တာဖြစ်ပြီး သရက်သီးနဲ့ သီဟိုဠ်စေ့ကိုမူ ပင်လယ်ရေကြောင်းရော ကုန်သွယ်ရေးစခန်းများက တင်ပို့တာဖြစ်ပါတယ်။

**MIRT**

## မြဝတီကုန်သွယ်ရေးဇုန်နဲ့ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ဧပြီ ၁၆ ရက်မှ ၂၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၉၇၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၁၂၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၂၆ တန်နီးပါးလျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၅၅ တန်ကျော်၊ကဏန်း ၁၉ တန်ကျော် တင်ပို့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၇ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၂၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၈၆ တန်ကျော်၊ကင်းမွန် ၂၃ တန်ကျော်၊ ပုစွန် ၇ တန်ကျော်၊ပင်လယ်ငါးရှဉ့် ၈ တန်ကျော်နဲ့ ရေဘဝဲ ၁၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂၂၇ တန်နီးပါးပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၈၆၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၇၁၈ တန်ကျော်၊ငါးမှုန့် ၈၉ တန်ကျော်၊ရေချိုပုစွန် ၁၀ တန်ကျော်၊ကဏန်းသေး(အသေ)၂ တန်ကျော်နဲ့ ကင်းမွန် ၈၄၀ ကီလိုဂရမ် တင်ပို့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇၉၀ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# သကြင်္န်အပြီးရော်ဘာဈေးမြင့်တက်

ဧပြီ ၃ ရက်မှ ၉ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၈၁၂ သန်းတန်ဖိုးရှိ ရော်ဘာ ၈၃၁ တန်ကို မလေးရှားတစ်နိုင်ငံတည်းသို့ တင်ပို့ခဲ့ပါတယ်။တင်ပို့တဲ့အမျိုးအစားတွေကတော့ RSS-3တန် ၈၁၀ နဲ့ MSR-20 ၂၁ တန်ဖြစ်ပါတယ်။သကြင်္န်ကာလအပြီး ဧပြီ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၆၇ သန်းဖိုးရှိ ရော်ဘာ MSR-20 196 တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ဧပြီ ၃ ရက်မှ ၂၃ ရက်အထိမှာ ရော်ဘာ ၁၀၂၇ တန်တင်ပို့ထားပြီး မတ်လတင်ပို့မှုထက် လျော့နည်းခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာဈေးမှာ ဧပြီလဆန်းကထက် နောက်ဆုံးပတ်မှာ ဈေးတက်လာတာတွေ့ရပါတယ်။နိုင်ငံတကာရော်ဘာဈေးတက်တဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း တက်လာပါတယ်။ရာသီဥတုပူပြင်းတဲ့အတွက် ရော်ဘာအစေးထွက်ရှိမှုလျော့နည်းလာလို့ ရော်ဘာဈေးမြင့်တက်လာခြင်းလဲ ဖြစ်ပါတယ်။ယခုတစ်ပတ် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားသော ရော်ဘာဈေးကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၁၀၁၀-၁၀၆၀ |

**ယဉ်ယဉ်အေး**

## မြိတ်ကုန်သွယ်ရေးစခန်းမှ မတ်လအတွင်း ကဏန်းမျိုးစုံ တင်ပို့



မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မတ်လအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၂၂ သန်းတန်ဖိုးရှိကဏန်းမျိုးစုံဖြစ်တဲ့ အေးခဲကဏန်းပျော့ ၅၇၆ ကီလိုဂရမ်၊ ကဏန်းနီ ၂၅ တန်ကျော်၊ ကဏန်းသေး (အသေ) လေးတန်ကျော်နဲ့ သဲကဏန်း နှစ်တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၎င်းအပြင် ကန်ဒေါ်လာ ၁၀ ဒသမ ၀၃၂ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၆၆၂၈ တန်ကျော်၊ ပုစွန် ၁၄၅ တန်ကျော်၊ ငါးမှုန့် ၂၆၄၆ တန်ကျော်၊ ကင်းမွန် (အခွံခွာ) ၁၆ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ပုစွန်ခြောက် နှစ်တန်ကျော်၊ ကင်းမွန် ၁၂ တန်ကျော်၊ ကင်းမွန်ခေါင်း ခုနစ်တန်ကျော်၊ ကင်းမွန်ခြောက် ၂၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၄၁၇ သန်းတန်ဖိုးရှိလယ်ယာထွက်ကုန်များဖြစ်သော ရော်ဘာ MSR-20 တန် ၁၅၀ ကျော်၊ RSS-3 တန် ၃၁၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ဧပြီ ၂၀ ရက်အထိ ပြောင်းတန် ၁၂၀၀၀ ကျော်တင်ပို့ခဲ့

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀ ရက်အတွင်းမြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပြောင်းဖူးစေ့ ၇၆၂၀ တန်၊လွယ်ဂျယ်မှ ၂၆၄၇ တန်ခွဲ၊ ချင်းရွှေဟော်မှ ၂၁၅ တန်နဲ့ ကန်ပိုက်တီးမှ ၁၂၉၁ တန်ခွဲတို့ကို ကန်ဒေါ်လာ ၃ ဒသမ ၀၆၀ သန်းဖိုးတင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာသုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ပြောင်းတန် ၂၅၀ တင်ပို့ခဲ့ရာ စုစုပေါင်း ပြောင်း ၁၂၀၂၄ တန် ကျော်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဧပြီလ ပထမပတ်က မူဆယ်ကုန်စည်ဒိုင်တွင် ပြောင်းတစ်တန်ကို ၂၇၇၀၅၄ ကျပ်ရှိခဲ့ရာ ဧပြီလ နောက်ဆုံးပတ်အထိ ပြောင်းဈေးတွေ ပြောင်းလဲမှုမရှိခဲ့ပါဘူး။ ပြောင်းတင်ပို့မှုမှာ တစ်ရက်လျှင် ပြောင်းကားအစီး ၂၀-၄၀ ခန့်ရှိခဲ့ပြီး သင်္ကြန်ကာလအတွင်းမှာ ၂ စီးမှ ၅ စီးသာရှိခဲ့ပါတယ်။

**မော်မော်အောင်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၄၆ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၉ ရက်မှ ၂၂ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၄ သန်းတန်ဖိုးရှိ ဆီးဆန် ၄၆ တန်ကျော်ကို တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ဧပြီပထမပတ်အတွင်းမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၈၂ သန်းတန်ဖိုးရှိ ဆီးဆန် ၆၈ တန်ကျော်တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းကတော့ ဧပြီ ၉ ရက်မှ ၂၂ ရက်အထိကာလအတွင်း ဆီးဆန်တင်ပို့မှုမရှိသော်လည်း ဆီးသီးခြောက် ၆၉ တန်၊ ဆီးယိုထုတ် ၃၉ တန်နဲ့ ဆီးဖတ်တန် ၂၀ စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်းဖိုးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

# 4th China-South Asia Expo & 24th China Kunming Import and Export Fair

# ကုန်စည်ပြပွဲများနှင့် မြန်မာနိုင်ငံ

|ဝင်းသန်းကျော်(ကုန်စည်ပြပွဲ)|

**ကူမင်းကုန်စည်ပြပွဲသမိုင်းကြောင်း**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ တွင် ကူမင်းကုန်စည်ပြပွဲ ကို ၁၉၉၂ ခုနှစ်မှ စတင်၍ နှစ်စဉ် ဇွန်လ၌ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေနှင့် ကူမင်းကုန်စည်ပြပွဲသို့ ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ပါဝင်ပြသခဲ့ပါသည်။ ကူမင်းသွင်းကုန်၊ပို့ကုန်ကုန်စည်ပြပွဲနှင့်အတူ ၂၀၀၈ ခုနှစ်၌ တရုတ်တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲကိုပါ ပူးတွဲကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ၂၀၀၉ ခုနှစ်၌ အဆိုပါကုန်စည်ပြပွဲများအပြင် အကြီးတန်းအရာရှိများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အဆင့်မြင့် မဲခေါင်ဒေသပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၊ မဲခေါင်ဒေသနိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ၊ မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးစကြံရက်သတ္တပတ်လှုပ်ရှားမှု သတ်မှတ်လျက် တစ်ပြိုင်တည်း ပူးတွဲကျင်းပခဲ့ပါသည်။ ၎င်းပြပွဲများအစပြု၍ မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံ၊ တောင်အာရှနိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ နီပေါနိုင်ငံ၊ အာဖဂန်နစ္စတန်၊ မော်လဒိုက်၊ ဘူတန်၊ တရုတ်(တိုင်ပေ)နိုင်ငံ တို့ပါဝင်ပြသကြောင်းသိရှိရပါသည်။

**ကူမင်းကုန်စည်ပြပွဲကျင်းပမည့် ခန်းမဆောင်သစ်ကြီး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ Kunming International Convention & Center တွင် ၂၀၁၄ ခုနှစ်အထိ ကူမင်းကုန်စည်ပြပွဲများကို ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ် မှစ၍ အသစ်ဆောက်လုပ်ပြီးသော Kunming Dianchi International Convention & Exhibition Center တွင် လက်ခံ ကျင်းပပေးလျှက်ရှိပါသည်။

**ကူမင်းကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ခဲ့မှု အခြေအနေ**

ကူမင်းကုန်စည်ပြပွဲများတွင် ၂၀၀၅ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ပြပွဲအကြိမ် | ပြခန်း | ကုမ္ပဏီ | လူဦးရေ | တန်ဖိုး(ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၂၀၀၅ ခုနှစ် | ၃၀ | ၂၆ | ၇၀ | ၄၂၁၆၅.၆၀ |
| ၂၀၀၆ခုနှစ် | ၃၀ | ၁၈ | ၇၂ | ၇၄၂၅၀.၃၀ |
| ၂၀၀၇ ခုနှစ် | ၄၀ | ၃၈ | ၇၅ | ၃၉၂၁၈.၃၆ |
| ၂၀၀၈ ခုနှစ် | ၃၀ | ၂၉ | ၈၄ | ၈၃၃၂.၆၃ |
| ၂၀၀၉ ခုနှစ် | ၃၀ | ၂၅ | ၁၂၉ | ၁၆၃၈၁၃.၁၅ |
| ၂၀၁၀ ခုနှစ် | ၃၆ | ၂၅ | ၁၄၆ | ၃၅၉၄၉၄.၄၀ |
| ၂၀၁၁ ခုနှစ် | ၃၀ | ၁၆ | ၁၄၅ | ၂၁၇၅၅၄.၉၀ |
| ၂၀၁၂ ခုနှစ် | ၃၀ | ၂၈ | ၁၄၄ | ၂၇၆၀၆၃.၈၇ |
| ၂၀၁၃ ခုနှစ် | ၃၀ | ၄၇ | ၁၈၈ | ၃၉၇၆၁၁.၈၄ |
| ၂၀၁၄ ခုနှစ် | ၃၀ | ၅၁ | ၁၉၀ | ၂၄၉၁၉၁.၁၃ |
| ၂၀၁၅ ခုနှစ် | ၃၅ | ၃၉ | ၁၅၀ | ၂၁၀၆၈၆.၅၆ |

**ကူမင်းကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အကြို ညှိနှိုင်းအစည်းအဝေး**

4th China-South Asia Expo & 24th China Kunming Import and Export ကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အကြိုညှိနှိုင်းအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးသို့ China Council for the Promotion of International Trade Yunnan Sun Council – CCPIT မှ President Ms. Haung Shan ဦးဆောင်သော Kunming Expo တာဝန်ရှိသူများ၊ အာဆီယံ နိုင်ငံများနှင့် တောင်အာရှနိုင်ငံ




များမှ ကိုယ်စား လှယ်များ၊ ပြပွဲတွင် ပါဝင်ပြသမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အခြား ပြည်နယ်များမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြပါသည်။ ၎င်းအစည်းအဝေးသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံး သူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်း တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ယခုနှစ်ကျင်းပမည့် ကုန်စည် ပြပွဲအား အသစ်ဆောက်လုပ်ပြီး ဖြစ်သည့် Kunming Dianchi International Convention & Exhibition Center တွင် ကျင်းပ မည်ဖြစ်ကြောင်း၊ နိုင်ငံအလိုက်အခန်းလိုအပ်ချက်ကို အချိန်မီပေးပို့ရန်နှင့် ပြခန်းခန့်မှန်းထားများကို ပြန်ကြားပေးမည် ဖြစ်ကြောင်း၊ ယခုအစည်းအဝေးပြီးပါက ကြိုတင်ပေးပို့ထားသည့် Letter of Attorney ကို လက်မှတ်ရေးထိုးကြရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

မြန်မာကိုယ်စားလှယ်က ဆွေးနွေးရာတွင် ယခင်နှစ်က မြန်မာကုမ္ပဏီများအနေနှင့် ပြခန်း ၃၀ ရရှိလိုပါကြောင်း၊ ပြခန်းခန့်မှန်းထားများနှင့်ပတ်သက်၍ Complementary Booth များ ယခင်နှစ်ကထက် ပိုမိုခွဲဝေရရှိရန် မျှော်လင့်ပါကြောင်း၊ မြန်မာ လုပ်ငန်းရှင်များ နယ်စပ်ဖြတ်ကျော်ဝင် ရောက်ရာတွင် ကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ရွှေလီမြို့ရှိ သက်ဆိုင်ရာဌာနများမှ ကူညီပံ့ပိုးပေးနိုင်ရန် ပြပွဲကော်မတီမှ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ Exhibitor, Visitor ဝင်ခွင့်ကတ်များ အချိန်မီရရှိလိုပါကြောင်း တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်ရ ရှိခဲ့မှု အခြေအနေ**

ကူမင်းကုန်စည်ပြပွဲကျင်းပရေးကော်မတီသည် ပါဝင်ပြသသည့်နိုင်ငံများအနေဖြင့် တစ်နှစ်ထက် တစ်နှစ် ထူးခြားစွာပြသနိုင်ရေးနှင့် ပိုမိုစိတ်ဝင်စားအောင်ဆောင်ရွက်လျက်ရှိရာ ဆုချီးမြှင့်ခြင်းအစီ အစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အနေနှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ကူမင်းကုန်စည်ပြပွဲ၌ "စုစည်းမှုအကောင်းဆုံးဆု" လက်ခံရရှိခဲ့ ပါသည်။

**ပြပွဲသို့မြန်မာလုပ်ငန်းရှင်များအချိန်မီသွားရောက်နိုင်ရေး**

စတုတ္ထအကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည် ပြပွဲနှင့် ၂၄ ကြိမ်မြောက် ကူမင်း သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲ (4th China-South Asia Expo & 24th China Kunming Import and Export Fair) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ အချိန်မီသွား ရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ သမဝါယမဦးစီး ဌာနနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များသို့ အကြောင်းကြားထား ပြီး ဖြစ်ပါသည်။

အထက်ပါကုန်စည်ပြပွဲကြီးသို့ ယခင်နှစ်များနည်းတူ အောင်မြင်စွာ သွားရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် ပြပွဲကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများ၊ UMFCCI နှင့်ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့် ပါဝင်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

## မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာသားဖြင့် ရေးသားဖော်ပြထားခြင်း မရှိပါက ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများကို ဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်

တောင်သူလယ်သမားများ သုံးစွဲနေသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေသြဇာ ဥပဒေပုဒ်မ(၃၁)အရလည်းကောင်း၊ပိုးသတ်ဆေး ဥပဒေ ပုဒ်မ (၃၄)အရလည်းကောင်း ၊တောင်သူလယ်သမားများ နားလည်လွယ်သော မြန်မာစာသားများနဲ့ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော် အချို့သော ကုမ္ပဏီများသည် မြေသြဇာကော်မတီနဲ့ ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ပြီးဖြစ်သော်လည်းတင်သွင်းသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနဲ့ ပိုးသတ်ဆေးများမှာ မူရင်းနိုင်ငံခြားဘာသာစာသားများအတိုင်း ဖော်ပြထားတာကို စစ်ဆေးတွေ့ရှိရတဲ့အပြင် အချို့သော ကုမ္ပဏီများက တင်သွင်းရောင်းချနေတဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးများမှာလည်း မြေသြဇာကော်မတီနဲ့ ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည်ကို စစ်ဆေးတွေ့ရှိနေရဆဲဖြစ်တယ်လို့သိရပါတယ်။

ဒါကြောင့် မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာသားနဲ့ ရေးသားဖော်ပြထားခြင်းမရှိတဲ့ ဓာတ်မြေသြဇာ ၊ ရွက်ဖျန်းမြေသြဇာနဲ့ ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းမည် ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသေးသော ဓာတ်မြေသြဇာ၊ ရွက်ဖျန်းမြေသြဇာနှင့်ပိုးသတ်ဆေးများ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ဓာတ်မြေသြဇာ ဥပဒေအမှတ် (၃၆)အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေပုဒ်မ အမှတ် (၄၃) အရလည်းကောင်း၊ တင်သွင်းရောင်းချသူအားလုံးကို ထိရောက်စွာ အရေးယူသွားမှာဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက သတိပေးနှိုးဆော်ပြီး အသိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သိရပါတယ်။

**MIRT**

# မုန့်လုံးစက္ကူကပ်နေတဲ့ တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးနဲ့ ပို့ကုန်တိုးမြှင့်ရေး



မယ်သီတာ

> တရားမဝင်ကုန်သွယ်မှုပြုနေတဲ့ သူတွေကို တရားဝင်ကုန်သွယ်မှု ပြုသူများက ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုအပ်လှပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အစိုးရအနေနဲ့လည်း ဘက်မလိုက်ဘဲ ထိရောက်တဲ့ အရေးယူမှုတွေပြုလုပ်ဖို့ လိုအပ်လှပါတယ်။

မုန့်လုံးစက္ကူကပ်တဲ့သဘောတရားကို အားလုံးသိပြီးကြမှာပါ။ ဘယ်တော့မှ ပြီးဆုံးသွားခြင်းမရှိတဲ့အကြောင်းတရားတစ်ခုကို ပြောချင်ရင် မုန့်လုံးစက္ကူကပ်နေပြီလို့ ပြောတတ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့ ဘာလုပ်မယ် ညာလုပ်မယ် စသည်ဖြင့်ပြောဆိုနေကြတာတွေ၊ ဝေဖန်လေကန်နေကြတာတွေဟာ အချိန်ကာလတော်တော်ကို ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က မြန်မာ့စီးပွားရေးကို နာလန်ထူအောင်လုပ်ဆောင်ခဲ့သလို ဖြေလျှော့သင့်တာမှန်သမျှ ဖြေလျှော့ပေးခဲ့ပြီးပါပြီ။ လုပ်ငန်းရှင်တွေ တောင်းဆိုသမျှကိုလည်း လုပ်ဆောင်သင့်သလောက် လုပ်ဆောင်ပေးခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နဲ့ ကုန်သည်လုပ်ငန်းရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ စက်ရုံအလုပ်ရုံပိုင်ရှင်တွေ၊ စီးပွားရေးရာ ပညာရှင်တွေ စတဲ့ စီးပွားရေးလောကမှာ ပတ်သက်ဆက်နွယ်နေသူအားလုံး တွေ့ဆုံပွဲကို UMFCCI မှာ ကျင်းပခဲ့ကြပါတယ်။

အဲဒီတွေ့ဆုံပွဲရဲ့ အဖွင့်မိန့်ခွန်းမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံရဲ့ကျဆင်းနေတဲ့ပို့ကုန်ကို ငါးနှစ်အတွင်း သုံးဆမြင့်တက်စေရမယ်လို့ ပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့နိုင်ငံဟာ ကုန်သွယ်မှုနဲ့ဂျီဒီပီအချိုးက အင်မတန်မှ နည်းပါးပါတယ်။ ဗီယက်နမ်နိုင်ငံဆိုရင် ရှစ်နှစ်အတွင်းမှာကုန်သွယ်မှုပမာဏက လေးဆလောက်တက်သွားတယ်။ ကျွန်တော်တို့က ဒီငါးနှစ်အတွင်းမှာ နှစ်ဆတောင် မတက်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့အနေနဲ့ ယိုးဒယားကို ယှဉ်နိုင်ဖို့နေနေသာသာ ကမ္ဘောဒီးယားကိုတောင် မယှဉ်နိုင်ပါဘူး။ ဒါကြောင့်ကျွန်တော်တို့အနေနဲ့ လာမယ့် ငါးနှစ်အတွင်းမှာ ပို့ကုန်ကို သုံးဆလောက်တိုးတက်အောင်လုပ်မှ မြန်မာနိုင်ငံရဲ့စီးပွားရေးက အခြေခိုင်မာမှာ ဖြစ်ပါတယ်။ ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် နိမ့်ကျနေတာကိုတွေ့ရပါတယ်။ ပို့ကုန်ပိုင်းကိုကြည့်ရင် အစိုးရဘက်က ပို့ကုန်နဲ့ကုန်သည်ကြီးများဘက်က ပို့ကုန်ကို နှိုင်းယှဉ်ရင် အစိုးရဘက်က ပို့ကုန်က သာနေတာကို တွေ့ရပါတယ်။ ဒါကဘာလဲဆိုရင် အစိုးရဘက်က ပို့ကုန်ဝင်ငွေကများနေပြီး ကုန်သည်တွေဘက်က ပို့ကုန်ဝင်ငွေက နည်းနေပါတယ်။ အချိုးက တော်တော်လေးကို ကွာဟနေပါတယ်။ ကုန်သည်ကြီးများအနေနဲ့ ဒီအချိုးကို ဘယ်လိုမှီအောင်လိုက်ကြမလဲ။ အစိုးရနဲ့ပုဂ္ဂလိကရဲ့ ပို့ကုန်ပိုင်းမှာ တစ်ဖက်စောင်းနင်းဖြစ်နေတယ်။ တစ်ဖက်ကလည်း ပို့ကုန်နဲ့သွင်းကုန်ကလည်း တစ်ဘက်စောင်းနင်းဖြစ်နေတယ်။ ဒါကိုတည့်မတ်ဖို့ဆိုရင် Exported Growth ပေါ့။ ဒီ Trend က အသားကျနေတဲ့ Model ဖြစ်နေတယ်"လို့ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေဟာ တခြားအိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းစာရင် ဘာကြောင့် နည်းပါးနေရသလဲ။ အဖြေက ရှင်းပါတယ်။ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ စာရင်းအင်းကိန်းဂဏန်းအချက်အလက်တွေအရဆိုရင်တော့ ပို့ကုန်ပိုင်းမှာနည်းပါးနေတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်တစ်ဖက်အိမ်နီးချင်းနိုင်ငံတွေက ထုတ်ပြန်ထားတဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏကိုကြည့်ရင် ပို့ကုန်ပမာဏဟာ လက်ရှိစာရွက်တွေပေါ်က ကိန်းဂဏန်းတွေထက် များပြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါဘာကြောင့်လဲ။ အဖြေက ရှင်းပါတယ်။ တရားမဝင်ကုန်သွယ်မှုပါ။ တရားမဝင်ကုန်သွယ်မှု မပျောက်သရွေ့ ပို့ကုန်ပမာဏ ဘယ်လိုမှ မြင့်တက်လာစရာအကြောင်းမရှိပါဘူး။ တရားမဝင်ကုန်သွယ်မှုကို ဘယ်သူတွေ လုပ်နေသလဲ။ နယ်စပ်ဒေသမှာ ရှိနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ တရားမဝင် ကုန်သွယ်မှုကိုမှ တပ်မက်နေတဲ့ ကုန်သည်အကြီးစား၊ အလတ်စား၊ အငယ်စားတွေ၊ လာဘ်ပေးလာဘ်ယူမှုကိုပြုလုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေသူတို့အားလုံးဟာ တရားမဝင်ကုန်သွယ်မှုရဲ့အခြေခံ အကြောင်းတရားများပါပဲ။

ယခင်အစိုးရလက်ထက် မိုဘိုင်းတင်းမ်ဆိုတဲ့ တရားမဝင်ကုန်သွယ်မှုကို တားဆီးတဲ့အဖွဲ့ရှိနေပေမယ့်လည်း တရားမဝင်ကုန်သွယ်မှုတွေရှိနေခဲ့ပါတယ်။ ရန်ကုန်အရောက်၊ အိမ်အရောက် ပို့ပေးနေတဲ့ တရားမဝင် ကုန်သွယ်မှုအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံရဲ့နေရာအနှံ့အပြားမှာ ရှိနေခဲ့ပါတယ်။ အဲဒီ တရားမဝင်ကုန်သွယ်မှုကိုတိုက်ဖျက်ဖို့ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ကို တာဝန်ပေးမယ်လို့ ဆိုပါတယ်။ ဒီအချက်ကိုလည်း ပြန်လည်စဉ်းစားဖို့ လိုအပ်လိမ့်မယ်လို့ ထင်မိပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တွေဟာလည်း လူသားတွေသာဖြစ်တာကြောင့် တစ်ချိန်မှာ မိုဘိုင်းတင်းမ်ထက် ဆိုးရွားတဲ့အဖြစ်တွေ ဖြစ်ပေါ်လာနိုင်တာကို ကြိုတင်သိထားဖို့ လိုအပ်ပါလိမ့်မယ်။

ဘယ်သူတွေက တရားမဝင် ကုန်သွယ်မှုကို လုပ်နေတယ်။ ဘယ်သူက ဘယ်အဖွဲ့အစည်းနဲ့ဆက်သွယ်ပြီး မှောင်ခိုရောင်းဝယ်နေတယ်ဆိုတဲ့ အချက်တွေကို သိတာက ကုန်သည်အသိုင်းအဝိုင်းကပဲဖြစ်ပါတယ်။ တရားမဝင်ကုန်သွယ်မှုပြုနေတဲ့သူတွေကို တရားဝင်ကုန်သွယ်မှုပြုသူများက ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုအပ်လှပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အစိုးရအနေနဲ့လည်း ဘက်မလိုက်ဘဲ ထိရောက်တဲ့အရေးယူမှုတွေပြုလုပ်ဖို့ လိုအပ်လှပါတယ်။ စီမံချက်ကာလဆိုတဲ့အချိန်တွေကို အတတ်နိုင်ဆုံးလျှော့ချပြီး ဥပဒေနဲ့အညီ ကျောသားရင်သားမခွဲခြားဘဲ အရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။

"ကုန်သွယ်မှုပြုရင် တရားဝင်တင်သွင်းရင် ကုန်ကျစရိတ်ပိုများတယ်။ အချိန်ကြာတယ်။ တရားမဝင်က ကုန်ကျစရိတ်နည်းတယ်၊ အချိန်မြန်တယ်။ ဒါကြောင့် ကုန်သည်အများစုက တရားမဝင်ကုန်သွယ် ကြတာများတယ်။ ပို့ကုန်ပမာဏတိုးတက်အောင် လုပ်မယ်ဆိုရင် ဒါကို ထိန်းချုပ်နိုင်ဖို့လိုအပ်တယ်"လို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေကို ပြည်တွင်းကထွက်ရှိတဲ့ ငါးသယံဇာတတွေ၊ လယ်ယာထွက်ကုန်သီးနှံတွေ၊ သစ်တောထွက်ပစ္စည်းတွေကိုသာ အများဆုံးတင်ပို့လျက်ရှိနေပြီး တခြားလူသုံးကုန် ပစ္စည်းတွေကတော့ ပြည်တွင်းသုံးအဖြစ်နဲ့သာ ထုတ်လုပ်လျက်ရှိနေတာကို တွေ့ရပါတယ်။

အဲဒီလို တင်ပို့တဲ့ကုန်ပစ္စည်းတွေဟာ သယံဇာတတွေ ရှားပါးလာတာ၊ ရာသီဥတုဖောက်ပြန်ပျက်စီးမှုတွေ ဖြစ်ပေါ်လာတာတွေကြောင့် တဖြည်းဖြည်းနဲ့ နည်းပါးလာတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။

ရေထွက်ကုန်တွေ ရှားပါးလာတာကြောင့် ရေသယံဇာတနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်တိုးနန္ဒာတင်က "မြန်မာနိုင်ငံမှာ ငါးရှားတယ်။ ဘာလို့ ငါးရှားတာသလဲဆိုတော့ ကျွန်မတို့မွေးတဲ့ ငါးကြင်း၊ ငါးမြစ်ချင်းက နှစ်နှစ်၊ နှစ်နှစ်ခွဲလောက် မွေးရတယ်၊ အိမ်နီးချင်းတွေက လေးလခွဲ ငါးလပဲ မွေးရတဲ့ သက်တမ်းတိုငါးကို မွေးကြတယ်။ တခြားနိုင်ငံတွေက ငါးကို တစ်နှစ် နှစ်ကြိမ် ထုတ်ယူနေချိန်မှာ မြန်မာက တစ်ခါငါးထုတ်ယူနိုင်ဖို့ နှစ်နှစ်လောက်ကြာနေတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ငါးမွေးတဲ့စနစ်ကို ပြောင်းသင့်တယ်လို့ ကျွန်မပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် မျိုးကောင်းမျိုးသန့် မွေးမြူရေးငါးရဖို့ Rootstocks တွေလိုပါတယ်။ Rootstocks ကို သွားဝယ်လို့မရဘူး။ သူတို့ဆီမှာ သွားဝယ်ရင် သူတို့က ငါးသားပေါက်ကိုပဲရောင်းတယ်။ ဒါကြောင့် အစိုးရချင်း လက်မှတ်ထိုးပြီးမှ ဒါကိုတင်သွင်းနိုင်မယ်"လို့ ပြောကြားခဲ့ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေကို အမီလိုက်နိုင်ဖို့အတွက် အစိုးရချင်းပေါင်းစပ်ညှိနှိုင်းမှုနဲ့ နိုင်ငံရဲ့လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ လိုအပ်လှပါတယ်။

စာမျက်နှာ ၂၀ သို့ ➲


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

➲ စာမျက်နှာ ၁၈ မှ အဆက်

ဒါ့အပြင် ပို့ကုန်သုံးဆတိုးမြှင့်ဖို့အတွက်ဆိုရင် လက်ရှိနယ်စပ်ဒေသတွေမှာရှိနေတဲ့ ကုန်သွယ်ရေးစခန်းတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့ လိုမှာဖြစ်ပါတယ်။ တရုတ်နယ်စပ်မှာရှိတဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဟာ အခုအချိန်အထိ တိုးတက်မှုရှိမလာသေးတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံ၊ ကြယ်ဝေါင်ဒေသဟာ မူဆယ်မြို့ကို အခြေခံပြီး သူ့ဘက်ခြမ်းကို တိုးတက်အောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကြယ်ဝေါင်မြို့ကြီးက လှပသေသပ်သလောက် မူဆယ်မြို့ကတော့ လမ်းကျဉ်း၊ ကားလမ်းပိတ်၊ ဖုန်တသောသောနဲ့ လူ့အန္တပေါင်းစုံမှီတင်းနေတဲ့မြို့ကြီးတစ်မြို့လိုဖြစ်နေတာဟာ တကယ်ကို ဝမ်းနည်းဖို့ကောင်းလှပါတယ်။

တရုတ်နိုင်ငံရဲ့ ရွှေလီမြို့တော်ဝန်ဟာ မူဆယ်ကို အမှီပြုပြီး ကြယ်ဝေါင်ဒေသကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့ပြီး အခုအခါမှာ မူဆယ်မြို့ရဲ့ ရွာငယ်လေးတစ်ရွာဖြစ်တဲ့ မန်ဝိန်းကျေးရွာကို အခြေပြုပြီး ကျိန်စမ်းကျော့ကုန်သွယ်မှုစခန်းကို ဖွင့်လှစ်နေပြီဖြစ်ပါတယ်။ ကျိန်စမ်းကျော့ ကုန်သွယ်မှုလမ်းကြောင်းဟာ မူဆယ်မြို့ကို ဖြတ်သန်းမသွားဘဲ မြို့ပြင်ကနေသာ ဖြတ်သန်းသွားတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုကို လျော့ပါးသက်သာစေနိုင်မယ်လို့ဆိုပါတယ်။ ကျိန်စမ်းကျော့နယ်စပ်စခန်းကို ဖွင့်လှစ်ပေးနိုင်ဖို့အတွက် အစိုးရကို နားပူနားဆာလုပ်နေတာ အတန်ငယ်ကြာနေပြီလို့ ယူဆရပါတယ်။

ဒါ့အပြင် Re-import ဖြစ်နေတဲ့ ပို့ကုန်လုပ်ငန်းတွေကိုလည်း ထိန်းသိမ်းဆောင်ရွက်သင့်နေပါပြီ။ မြန်မာပြည်တွင်းက ဝိသမသမားကုန်သည်တစ်စုဟာ ပြည်တွင်းက သယံဇာတတွေကို ပြည်ပကို နည်းလမ်းမျိုးစုံနဲ့တင်ပို့နေပြီး အဲဒီပို့ကုန်တွေဟာ ပြည်တွင်းကို သွင်းကုန်အနေနဲ့ပြန်လည်ဝင်ရောက်လာတာ ကို သိရှိပြီးဖြစ်မှာပါ။ ဒါတွေဟာ နိုင်ငံအတွက် အလွန်ပင် ဝမ်းနည်းစရာကောင်းလှတဲ့ ဖြစ်ရပ်တွေပါ။ ပြည်တွင်းက စကျင်ကျောက်တွေ၊ ကျောက်စိမ်းတွေ၊ သစ်လုံးခွဲခြမ်းတွေ စတဲ့သယံဇာတပစ္စည်းတွေ အပါအဝင် ဆီထွက်သီးနှံတွေကို ပြည်တွင်းမှာ Value Added လုပ်ပြီး ပြည်ပကိုတင်ပို့မယ်ဆိုရင် ပို့ကုန်ပမာဏတိုးတက်လာနိုင်သလို ပြည်တွင်းမှာလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်တွင်းက အသေးစား၊ အလတ်စားလုပ်ငန်းငယ်လေးတွေဟာ ပြည်ပက တင်သွင်းလာတဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေရဲ့ အရည်အသွေးကိုလိုက်မမီတာကြောင့် တဖြည်းဖြည်းနဲ့ လုပ်ငန်းတွေ ရပ်ဆိုင်းရတဲ့အထိ ဖြစ်နေခဲ့တာဟာ ဆယ်စုနှစ်နီးပါးရှိတော့မှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေအနေနဲ့ မိမိလုပ်ငန်းတိုးတက်ဖို့၊ မိမိစက်ရုံမှထွက်ရှိတဲ့ကုန်ပစ္စည်းတွေ အရည် အသွေးကောင်းကောင်းနဲ့ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ဖို့အတွက် နိုင်ငံတကာအဆင့်မီတဲ့ ကုန်ထုတ်လုပ်မှု နည်းပညာတွေကို ရှာဖွေဆည်းပူးကြဖို့လိုအပ်ပါတယ်။

အဲဒီလို အရည်အသွေးကောင်းတဲ့ ထုတ်ကုန်တွေရဖို့အတွက် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA) ဟာ အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါပေမယ့်လည်း FDA ဟာ အားနည်းချက်တွေ အများအပြားနဲ့မို့ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ဘယ်လိုမှ စွမ်းဆောင်ရည်ပြည့်ဝမှာ မဟုတ်ပါဘူး။ ဒါကြောင့် FDA အနေနဲ့လည်း အားနည်းချက်တွေကို အချိန်မီ ဖြည့်ဆည်းဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

"ထုတ်ကုန်မရှိဘဲနဲ့ ပို့ကုန်ဘယ်လိုလုပ်ရှိမှာလဲ။ အခုဆိုရင် ဇုန်တွေမှာ တကယ်ထုတ်နေတဲ့သူတွေ ရှိတယ်။ အဲဒီစက်မှုဇုန်တွေက ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်လာအောင် အားပေးဖို့လိုတယ်။ သူတို့ရဲ့ Quality တက်လာပြီးတော့မှ နိုင်ငံတကာက ဝယ်ချင်စိတ်ရှိလာတော့မှ ရောင်းလို့ရမှာပေါ့။ ငါးထုတ်ချင်တဲ့သူကို ငါးထုတ်ချင်လာအောင် အားမပေးနိုင်ဘူး။ ငါးမျိုးစေ့တွေ မရနိုင်ဘူး။ ဒါတွေက အစိုးရချင်းချိတ်ဆက်မှ ရတာမျိုး၊ သူများနိုင်ငံတွေမှာ ငါးမျိုးတွေ ကောင်းအောင်လုပ်ပေးတယ်။ ငါးသားပေါက်တွေကို Quality ထိန်းပေးနိုင်တယ်။ လျှော့ပေါ့မှုတွေ လုပ်ပေးနိုင်တယ်။ နောက်ပြီး ယှဉ်ပြိုင်ရောင်းချနိုင်အောင်လို့ အဲဒီသူကို Credit ပေးမယ်။ လုပ်လို့ရတာတွေ အများကြီးရှိတယ်။ ဒါမှမဟုတ်ရင် ထုတ်တဲ့သူတွေကို အဆင်ပြေအောင်လို့ သူက Trade Negotiation တွေလုပ်ပေးမယ်။ Trade Negotiation က အများကြီးလုပ်လို့ရတယ်။ ဒါက သူ့အနေနဲ့ အရင်ဆုံး ဝန်ကြီးဌာနအချင်းချင်းညှိပြီးမှ ကျွန်တော်တို့ကို ပြောသင့်တယ်။ ကျွန်တော် စိုက်ပျိုးရေးဌာနနဲ့ညှိပြီးပြီ။ ပဲကို အရည်အသွေးတက်ဖို့အတွက် ဘာတွေလုပ်ဖို့လိုအပ်သလဲ။ နောက်ပြီး စက်မှုဇုန်တွေဆိုရင်လည်း မီးကောင်းအောင်လုပ်ပေးမယ်။ ခေတ်မီစက်တွေရအောင် လုပ်ပေးမယ်။ အားလုံးအဆင်ပြေအောင်လုပ်ပေးမယ်။ ပြီးရင် စကားပြောပေးမယ်။ ဟိုဘက်က ကန်ထရိုက်သမားနဲ့။ Mutually Agreement ဆိုတာက ဝန်ကြီးဌာနအချင်းချင်းပဲ ပြောလို့ရတာလေ။ ကျွန်တော်တို့ ကုန်သွယ်မှု သံအရာရှိတွေလွှတ်ပေးမယ်။ သွားစကားပြောပေးမယ်၊ မဝယ်ဝယ်အောင် လုပ်ပေးမယ်၊ ကုန်ကျစရိတ်တွေခံပြီး လွှတ်ပေးမယ်။ ခင်ဗျားတို့ အဲဒီမှာ သွားရောင်းကြ၊ ဒါမှလည်း ပို့ကုန်သုံးဆတိုးမြှင့်မှာလေ။ ဒီအတိုင်းကြီး ပို့ကုန်သုံးဆတိုးရမယ်လို့ ပြောလို့မရပါဘူး။ တကယ်ဆိုရင် Export Strategy ကိုးမျိုးကိုပဲ ဦးစိုက်ရမှာပါ။ ကုန်ပစ္စည်းတစ်ခုကို ဝယ်ချင်လာအောင် အခြေခံကျကျလုပ်ပေးပြီးမှ နိုင်ငံတကာမှာပါ ရောင်းလို့ဝယ်လို့ရအောင် လုပ်ပေးရမှာက သူတို့တာဝန်ပါ"လို့ မြန်မာနိုင်ငံ ကုန်စည်ပို့ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောကြားခဲ့ပါတယ်။

စက်မှုဇုန်တွေအနေနဲ့လည်း အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။ အဲဒီအခြေခံအဆောက်အအုံတွေ ပြည့်စုံမှုမရှိဘဲ ထုတ်ကုန်သုံးဆတိုးမြှင့်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။

ဒါ့အပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုရှိဖို့ကလည်း ပို့ကုန်မြှင့်တင်ရေးကဏ္ဍမှာ ပါဝင်နေတဲ့ အဓိကအချက်တစ်ချက်လည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ပူးပေါင်းလုပ်ဆောင်ခြင်းမရှိတဲ့ဝန်ကြီးဌာနအချင်းချင်းရဲ့အရိုးစွဲနေတဲ့စိတ်ဓာတ်တွေကိုလည်း ပြုပြင်ကြရမှာဖြစ်ပါတယ်။

ပို့ကုန်တိုးမြှင့်ရေးကဏ္ဍကို အားစိုက်လုပ်ဆောင်နေချိန်မှာ သွင်းကုန်ကဏ္ဍကိုလည်း လျစ်လျူရှုထားလို့မရပါဘူး။ တရားမဝင်သွင်းကုန်တွေ ပြည်တွင်းကို အလုံးအရင်းနဲ့ ဝင်ရောက်နေတာကိုလည်း တားဆီးကြရမှာဖြစ်ပါတယ်။ တရားမဝင် ပို့ ကုန်သွင်းကုန်တွေကို တားဆီးနိုင်ဖို့ကလည်း ကုန်သည်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှသာ ထိထိရောက်ရောက် တားဆီးနိုင်မှာဖြစ်ပါတယ်။

တရားမဝင်ကုန်စည်စီးဆင်းမှုကို ထိထိရောက်ရောက် တားဆီးနိုင်မယ်၊ ပြည်တွင်းက လုပ်ငန်းရှင်တွေ၊ ကုန်သည်ပွဲစားတွေအနေနဲ့လည်း မိမိကိုယ်ကျိုးထက် တိုင်းပြည်အတွက်ဆိုတဲ့စိတ်ထားရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း လူသားတိုင်းရှိသင့်တဲ့ကျင့်ဝတ်တွေအပြင် စီးပွားရေးလုပ်ငန်းရှင်တွေထားသင့်တဲ့ ကျင့်ဝတ်တွေလည်း ရှိဖို့လိုအပ်လှပါတယ်။ စီးပွားရေးသမားတွေရဲ့ မတော်လောဘတွေကြောင့် တိုင်းပြည်ရဲ့ ရေမြေသဘာဝသယံဇာတတွေ ကုန်ခမ်းသလောက်ဖြစ်နေတာကို သတိပြုရမှာဖြစ်ပါတယ်။

ပို့ကုန်သုံးဆတိုးမြှင့်ဖို့ဆိုရင် ထုတ်ကုန်ကို သုံးဆတိုးမြှင့်ရမှာဖြစ်ကြောင်း၊ အဲဒီလို တိုးမြှင့်ပါက ဝန်ထမ်းများအနေနဲ့ အလုပ်ကို ယခင်ကထက် သုံးဆလုပ်ရမှာဖြစ်ကြောင်း၊ အဲဒီလိုလုပ်နိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီလားလို့ မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်းမှ ဒေါက်တာစိုးထွန်းက ပြောကြားခဲ့ပါတယ်။

ယခုလက်ရှိအချိန်မှာလည်း အယ်လ်နီညိုပြဿနာကို မြန်မာနိုင်ငံအပါအဝင် အာဆီယံအသိုက်အဝန်းက နိုင်ငံတွေလည်း ခံစားနေကြရပါတယ်။ အဲဒီရာသီဥတုဖောက်ပြန်ပြောင်းလဲတဲ့ပြဿနာကြောင့် ပြည်တွင်းစီးပွားရေးတွေမှာ ကမောက်ကမဖြစ်လာနိုင်တယ်ဆိုတာကို ကြိုတင်တွက်ဆထားဖို့လိုအပ်ပါတယ်။

ကုန်သည်တွေအနေနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အတိုင်း ပို့ကုန်သုံးဆ တိုးမြှင့်ဖို့အတွက် ပြည်တွင်းစားသုံးမှုဖူလုံဖို့ကို အရေးမထားဘဲ ပြည်ပကို တင်ပို့နေမယ်ဆိုရင် ပို့ကုန်အရေအတွက်တိုးတက်လာပေမယ့် ပြည်သူတွေအနေနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ပို့ကုန်သုံးဆတိုးမြှင့်ရေးကိစ္စအတွက် ဝန်ကြီးဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကုန်သည်များ၊ စီးပွားရေး လုပ်ငန်းရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ရန်၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရန်၊ တရားမဝင်ကုန်စည်စီးဆင်းမှု ပပျောက်ရန်၊ ထုတ်လုပ်မှုကဏ္ဍများမှာ လိုအပ်နေတဲ့ အခြေခံအချက်တွေကို ဖြည့်ဆည်းပေးရန် စတဲ့အချက်များကို အဓိကဦးတည်ပြီး ဆောင်ရွက်ရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

## SCGက အာဆီယံတွင် ပထမဦးဆုံးသော သရီးဒီပရင့်တင်းနည်းပညာဖြင့် ပြုလုပ်ထားသည့် ဘိလပ်မြေဆောက်လုပ်မှုပုံစံအား မိတ်ဆက်

SCG သည် အာဆီယံတွင် ပထမဦးဆုံးသော သရီးဒီပရင့်တင်းနည်းပညာဖြင့် ပြုလုပ်ထားသည့် ဘိလပ်မြေဆောက်လုပ်မှုပုံစံအား Architect'16 ပြပွဲတွင် မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို ထိုင်းနိုင်ငံ၊ မြောင်သောင်ဌာနီရှိ Challenger Hall တွင် ဧပြီ ၂၆ ရက်မှ မေ ၁ရက်အထိ ပြသ ခဲ့ကြောင်း SCG ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

SCG ဘိလပ်မြေ-ဆောက်လုပ်ရေးပစ္စည်းများ၏ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာဒါရိုက်တာ Mr. Sanit Ketsuwan က Architect'16 ပြပွဲမှာဆိုရင် SCG က Discover Next By SCG Experience ဆိုတဲ့အယူအဆနဲ့ အိမ်တွင်းအလှဆင်ရေး တီထွင်ဖန်တီးမှုနဲ့နည်းပညာတွေကိုပြသထားပါတယ်။ သရီးဒီပရင့်တင်းနည်းပညာနဲ့ ပြုလုပ်ထားတဲ့ ၂၁ရာစု C လိုဏ်ဂူဟာဆိုရင် အာဆီယံမှာ ပထမဦးဆုံးသရီးဒီပရင့်တင်းနည်းပညာနဲ့ပြုလုပ်ထားတဲ့ ဘိလပ်မြေအဆောက်အအုံသစ်ဖြစ်ပြီး သုံးမီတာအထက် မြင့်မားပါတယ်"ဟု ပြောကြားခဲ့သည်။



SCG ဘိလပ်မြေအနေဖြင့် အဆင့်မြင့်နည်းပညာများဖြင့် တီထွင်ဆန်းသစ်ထားသည့် ဘိလပ်မြေအမိုးပြားများ၊ ဘုတ်ပြားများ၊ သက်ကြီးရွယ်အိုများအား လဲကျခြင်းမှကာကွယ်ပေးမည့် အသုံးအဆောင်ပစ္စည်းများကို ဖန်တီးထုတ်လုပ်ထားပြီး အဆိုပါပြပွဲတွင် ထည့်သွင်းပြသခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## မူဆယ်နှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တရားဝင်တင်သွင်းရန်ကျန်ရှိသည့် လုပ်ငန်းသုံးယာဉ်စီးရေ တစ်သောင်းကျော်အား ပြန်လည်တင်သွင်းခွင့်ပြုမည်

သွင်းကုန်လိုင်စင်ရရှိပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တရားဝင်တင်သွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းသုံးယာဉ်ယန္တရားများအား သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြု၍ ပြန်လည်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

တရားဝင်တင်သွင်းရန်ကျန်ရှိနေသည့် လုပ်ငန်းသုံးယာဉ်ယန္တရားများအနက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၈၀၀၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၄၆၃၂ စီးတို့ကို သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြု၍ ပြန်လည်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်များအား သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ရာတွင် သွင်းကုန်လိုင်စင်သက်တမ်းရပ်ဆိုင်းထားသည့်နေ့မှ ကျန်ရှိသက်တမ်းအား တိုးမြှင့်ပေးမည်ဖြစ်ပြီး သက်တမ်းတိုးပေးခြင်း၊ ယာဉ်တင်သွင်းခွင့်ပေးခြင်း၊ယာဉ်စစ်ဆေးသည့်လုပ်ငန်းစဉ်အားလုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါ တရားဝင် တင်သွင်းရန်ကျန်ရှိသည့် လုပ်ငန်းသုံးယာဉ်ယန္တရားများအား တရားဝင်တင်သွင်းခွင့်လိုင်စင် ပြန်လည်ထုတ်ပေးရာတွင် လာဘ်ပေးလာဘ်ယူကိစ္စများအား ရှောင်ရှားပြီး မှန်ကန်သောနည်းလမ်းများဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

သင့်ကျန်းမာရေး

## အစာစားပြီး မလုပ်သင့်တဲ့အလုပ်များ



ဒေါက်တာလွင်သန့်

**ထမင်းစားပြီး၊ မလုပ်သင့်တဲ့ တားမြစ်အစားအစာတွေရှိတယ်။**

**(၁) ဆေးလိပ်သောက်ခြင်း။** ထမင်းစားပြီးချိန်အစာချေစနစ်၊ သွေးလှည့်ပတ်မှုပမာဏများလာတယ်။ ထမင်းစားပြီးချိန်မှာ အစာအိမ်ထဲမရောက်ခင် ဆေးလိပ်မသောက်သင့်ပါ။ ဆေးလိပ်ရဲ့ ဆိုးကျိုးက မူလဆိုးကျိုးထက် ၁၀ ဆလောက်မြင့်တက်သွားတယ်ဆိုတယ်။ ဆေးလိပ်သောက်ခြင်းကို ဘယ်အခါမှ မလုပ်သင့်ပါ။

**(၂) ရေနွေးကြမ်းသောက်ခြင်း။** ထမင်းစားပြီးရင်၊ ရေနွေးကြမ်းသောက်တတ်ကြတယ်။ ရေနွေးကြမ်းမှာပါတဲ့ အက်ဆစ်ပစ္စည်းအများအပြားဟာ အစာမှာ ပါဝင်တဲ့သံဓာတ်၊ သွပ်ဓာတ်တို့နဲ့ပေါင်းပြီး ပျော်ဝင်ဖို့ခက်ခဲတဲ့ ပစ္စည်းများအဖြစ် ပြောင်းလဲသွားတတ်တယ်။ သံဓာတ်၊ သွပ်ဓာတ်များကို ကိုယ်ခန္ဓာကစုပ်ယူခြင်း မပြုနိုင်တော့ဘဲ အလဟဿဖြစ်စေတယ်။ နာရီဝက်ကျော်မှ ရေနွေးကြမ်းသောက်သင့်တယ်။

**(၃) ရေချိုးခြင်း။** ထမင်းစားပြီး ရေချိုးရင် လူခန္ဓာကိုယ်ရဲ့ အပေါ်ယံအရေပြားမှာ သွေးလှည့်ပတ်မှု ပမာဏများပြားလာတယ်။ အစာချေလမ်းကြောင်း သွေးလှည့်ပတ်မှုပမာဏလျော့နည်းသွားတယ်။ အစာချေစွမ်းအားယုတ်လျော့စေတယ်။ ထမင်းစားပြီး နှစ်နာရီကြာမှ ရေချိုးသင့်ပါတယ်။

**(၄) ခါးပတ်လျှော့ခြင်း။** အဝလွန်လို့ဗိုက်အစ်နေလို့ ခါးပတ်လျှော့ချလိုက်ရင် ဝမ်းခေါင်းအတွင်းဖိအားကို လျှော့ချရာရောက်တယ်။ အစာချေလမ်းကြောင်းရဲ့ ထောက်ပံ့မှုကို လျော့နည်းစေတယ်။ အစာအိမ်၊ အူနဲ့ အရိုးဆက်အရွတ်တို့ကို ဝန်ပိစေတယ်။ အစာအိမ်အောက်တွဲကျခြင်း၊ ဗိုက်နာခြင်းစတဲ့ အစာချေမှုစနစ်ရဲ့ ရောဂါများဖြစ်ပေါ်စေနိုင်တယ်။ ထမင်းကို အဝလွန်အောင် မစားဘဲ၊ ၇၀ ရာခိုင်နှုန်းခန့်ဝအောင်စားရင်၊ ခါးပတ်လျှော့၊ လုံချည်လျှော့ဖို့ မလိုတော့ပါ။

**(၅) အိပ်စက်ခြင်း။** ထမင်းစားပြီးချက်ချင်းလဲလျောင်းအိပ်စက်ရင် လူကိုသေစေနိုင်တယ်ဆိုတယ်။ ထမင်းစားပြီး အနည်းဆုံးနာရီဝက်ခန့် နားပြီးမှ အိပ်စက်သင့်တယ်လို့ တိုက်တွန်းထားတယ်။

**(၆) လမ်းလျှောက်ခြင်း။** ထမင်းစားပြီးပြီးချင်း လမ်းလျှောက်ခြင်းဟာ အစာချေခြင်း၊ အာဟာရစုပ်ယူခြင်းတို့ကို အနှောင့်အယှက်ဖြစ်စေတယ်။ သက်ကြီးရင့်သူများရဲ့ နှလုံးစွမ်းအားကို လျော့ကျစေတယ်။ သွေးကြောမာကျောစေနိုင်တယ်။ ထမင်းစားပြီး မိနစ် ၃၀ အနားယူပြီး အစာကြေမှ လမ်းလျှောက်ရမယ်။

**(၇) ကားမောင်းခြင်း။** ထမင်းစားပြီး ကားမောင်းခြင်းဟာ ကားတိုက်မှုဖြစ်လွယ်တယ်။ ထမင်းစားပြီးချိန်မှာ အစာချေလမ်းကြောင်းမှာ သွေးပမာဏအမြောက်အမြားလိုတယ်။ ဦးနှောက်မှာ အခိုက်အတန့်အားဖြင့် သွေးချို့တဲ့မှုဖြစ်ပေါ်စေလို့ ငိုက်မျဉ်းတတ်တယ်။ ကားမောင်းရာမှာ ဆုံးဖြတ်ချက်မှားတတ်တယ်။ ထမင်းစားပြီး နာရီဝက်ကြာမှ ကားမောင်းသင့်ပါတယ်။

**(၈) အသီးစားခြင်း။** အသီးစားတာကို အစာအိမ်အတွင်းအချိန် (၁-၂) နာရီခန့်အစာချေပြီးမှ တစ်ဖြည်းဖြည်းအူသိမ်၊ အူမအတွင်း အပို့ခံရလို့ ခွာပြီးစားသင့်တယ်။ အကောင်းဆုံးက ထမင်းမစားမီ (သို့မဟုတ်) စားပြီး (၁-၂) နာရီကြာမှ အသီးစားသင့်တယ်။ အသီးများရဲ့ ဗီတာမင်ဓာတ်ကို ခန္ဓာကိုယ်မှ သာမန်ထက်စုပ်ယူနိုင်ခြင်းပြုလို့၊ ပိုမိုအကျိုးရှိစေတယ်ဆိုတယ်။

ထမင်းစားပြီးချိန် အထက်ပါအရေးတကြီး မလုပ်သင့်တဲ့အလုပ်ရှစ်မျိုးကို ရှောင်ရှားနိုင်မယ်ဆိုရင် ကျန်းမာဝဖြိုး၊ အလှတိုးစေမယ်ဆိုပါတယ်။

## ဗီယက်နမ်နိုင်ငံတွင် ကင်ဆာရောဂါကြောင့် နှစ်စဉ် လူ ၇၅၀၀၀ ကျော် သေဆုံး

ဗီယက်နမ်နိုင်ငံတွင် ကင်ဆာရောဂါကြောင့် သေဆုံးသူပေါင်း ၇၅၀၀၀ ကျော်ရှိပြီး ကင်ဆာရောဂါဖြစ်ပွားနေပြီဟု စတင်သိရှိသူပေါင်းမှာ တစ်သိန်းခွဲခန့် ရှိနေပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ကင်ဆာရောဂါဖြစ်ပွားမှုသည် ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နှစ်ထက်တစ်နှစ်မြင့်တက်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံတွင်လည်း ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Pham Le Tuan က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ အမျိုးသားကျန်းမာရေး မဟာဗျူဟာစီမံကိန်းအရ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ကင်ဆာ ရောဂါတိုက်ဖျက်ရေးနှင့် ကာကွယ်ရေး တို့ကိုလုပ်ဆောင်ခဲ့ရာ အဆိုပါ ငါးနှစ် စီမံကိန်းကာလတွင် ကင်ဆာရောဂါ ဖြစ်ပွားနေသူပေါင်း ၅၃၂၀၀၀ ကို တွေ့ရှိခဲ့ရသည်။

ကျန်းမာရေး ဝန်ကြီးဌာနက ပြုလုပ်ခဲ့သည့်ကင်ဆာရောဂါဆိုင်ရာ ဆွေးနွေး ပွဲတွင် ပါဝင်ဆွေးနွေးသူများသည် ဗီယက်နမ်နိုင်ငံ၌ ကင်ဆာရောဂါကုသရာတွင် ကုန်ကျစရိတ်များပြားမှုများ၊ ကင်ဆာရောဂါသည်များအတွက် ကျန်းမာရေးအာမခံထားရှိမှုများ၊ ကင်ဆာရောဂါကုသရေးအတွက် ဆောင်ရွက်ထားရှိသည့်နည်းလမ်းများကို အဓိကထား၍ ဆွေးနွေးခဲ့ကြကြောင်း ဗီယက်နမ်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**

## ဆီးချိုရောဂါကြောင့် ကမ္ဘာပေါ်တစ်နှစ်လျှင် လူပေါင်း တစ်သန်းခွဲခန့် သေဆုံးလျက်ရှိဟုဆို

ဆီးချိုရောဂါကြောင့် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူပေါင်းတစ်သန်းခွဲခန့် သေဆုံးနေရကြောင်း ကုလသမဂ္ဂ ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာအရ ကုလ သမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကနှစ်စဉ်ဆီးချိုရောဂါကြောင့် သေဆုံးပမာဏမြင့်တက်နေသည့်အတွက် ဧပြီလ ၇ရက်က ကျရောက်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို လူမှုဘဝ ကျန်းမာဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့ဟု ဆောင်ပုဒ်ချမှတ်ကာ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆီးချိုရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သည့် ရောဂါဖြစ်သော်လည်း ယနေ့ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိနေသည့် ရောဂါတစ်မျိုး ပင်ဖြစ်သည်။

၁၉၈၀ပြည့်နှစ်အတွင်းက လူငယ် လူရွယ်ပေါင်း ၁၀၈ သန်းသည် ဆီးချိုရောဂါသည်များအဖြစ်အသက်ရှင်သန်နေထိုင်ခဲ့ကြကြောင်း၊ ၂၀၁၄ခုနှစ်တွင် အဆိုပါပမာဏသည် လျော့ကျသွားခြင်း မရှိဘဲ ၄၂၂ သန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ယင်းပမာဏသည် ကမ္ဘာ့ငယ် ရွယ်သူလူဦးရေ၏ ၈ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ အဝလွန်ခြင်းနှင့် ခန္ဓာကိုယ်အလေးချိန် အလွန်မြင့်တက်ခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း၊ ဘန်ကီမွန်းက ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဒီရောဂါဆိုးကြီးကို ကျွန်တော်တို့ အနေနဲ့ ဆေးဝါးအမျိုးမျိုးတွေ၊ ကုသ ရေးပစ္စည်းတွေနဲ့ ကာကွယ်ကုသပေးနေပေမယ့်လည်း အဲဒီရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ တစ်နှစ် ကို ၁ ဒသမ ၅သန်းလောက်ရှိနေတဲ့အတွက် စိုးရိမ်စရာ ကောင်းနေပါတယ်။ ဒါ့အပြင် သွေးအတွင်း သကြားဓာတ်ပမာဏ ပိုမိုမြင့်တက်မှုကြောင့် သေဆုံးရတဲ့ ရောဂါသည်ပမာဏဟာလည်း တစ်နှစ်ကို ၂ ဒသမ ၂သန်းလောက်ရှိနေပါပြီ"ဟု ဘန်ကီမွန်းက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**

## လတ်ဆတ်သည့်သစ်သီးဝလံများသည် နှလုံးရောဂါဖြစ်ပွားမှုကို ထူးထူးခြားခြား လျှော့ချပေးနိုင်

"ပန်းသီးတစ်လုံးကို နေ့တိုင်းစားပါ။ ဆရာဝန်နှင့်အဝေးဆုံးမှာနေရသလိုဖြစ်နေပါလိမ့်မည်"ဆိုသောစကားသည် ရှေးရိုးစကားတစ်ခွန်းဖြစ်သော်လည်း ယခုအချိန်အထိ မှန်ကန်နေကြောင်း သက်သေပြနေသည်ဟုဆေးသိပ္ပံပညာရှင်များက ဆိုသည်။



တရုတ်လူမျိုးများအား လေ့လာတွေ့ရှိချက်များအရ လတ်ဆတ်သောသစ်သီးဝလံများကို နေ့စဉ်စားသုံးနေသောလူတစ်ဦးသည်နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်သကဲ့သို့ လေဖြတ်ရောဂါဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

သစ်သီးဝလံများကိုနေ့စဉ်စားသုံးနေသူတစ်ဦးနှင့် နေ့စဉ်မစားသုံးသူတစ်ဦးတို့ကို နှိုင်းယှဉ်ပါက နေ့စဉ်စားသုံးသူတစ်ဦးသည် အဆိုပါရောဂါများဖြစ်ပွားခြင်းမှ ကင်းစင်နေသည်ကို တွေ့ရှိရသည်ဟု လေ့လာချက်စာတမ်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် အရွယ်ရောက်ပြီး သူပေါင်း တစ်သန်းကို ခုနစ်နှစ်ကြာလေ့လာတွေ့ရှိချက်များအရ လတ်ဆတ်သောသစ်သီးဝလံများကို စားသုံးသူများသည် ယူနိုက်တက်ကင်းဒမ်းနှင့်အမေရိကန်နိုင်ငံတို့တွင် နေထိုင်ကြသည့်သူများကဲ့သို့ ကျန်းမာခြင်းသုခကို အပြည့်အဝခံစားကြရသည်ဟု နယူးအင်္ဂလန်ဆေးပညာရပ်ဆိုင်ရာဂျာနယ်တွင် ဖော်ပြထားကြောင်းဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

အောက်စဖို့ဒ် တက္ကသိုလ်နှင့် တရုတ်နိုင်ငံဆေးပညာရပ်ဆိုင်ရာသိပ္ပံကျောင်းတို့ ပူးပေါင်း၍ တရုတ်နိုင်ငံရှိ မြို့ကြီး ၁၀မြို့နှင့် တရုတ်နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူပေါင်း ငါးသိန်းကျော်အား လေ့လာဆန်းစစ်ခဲ့ရာ အထက်ပါအတိုင်းပင် တွေ့ရှိခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



# Housing & Lifestyle Expo 2016 အိမ်ခြံမြေအရောင်းပြပွဲကြီးကို ရန်ကုန်မြို့၌ကျင်းပမည်

Housing & Lifestyle Expo 2016 ပြပွဲကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအရောင်းပြပွဲတွင် နိုင်ငံတွင်းရှိ အကောင်းမွန်ဆုံးနဲ့ အသင့်တော်ဆုံးသော အဆောက်အအုံများကို မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြမည် ဖြစ်သည်။

အဆိုပါအရောင်းပြပွဲကြီးကို House.com.mm အွန်လိုင်းအိမ်ခြံမြေ ဝက်ဘ်ဆိုက်မှ ကြီးမှူး၍ အိမ်ရာဝယ်ယူလိုသူများနှင့် ငှားရမ်းလိုသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက် လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်အတွင်းရှိ ပြည်တွင်းပြည်ပမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ သင့်တော်ကောင်းမွန်သည့် အဆောက်အအုံများကို ရွေးချယ်စုစည်းကာ အရောင်းပြပွဲပြုလုပ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အဆင့်မြင့်ဇိမ်ခံအဆောက်အအုံများမှစ၍ ဈေးနှုန်းအနိမ့်အမြင့် အခန်းများအပါအဝင် ဈေးနှုန်းအသင့် အတင့်ရှိသည့် ကွန်ဒိုအခန်းများကိုပါ ထည့်သွင်းရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင်ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHBD) အနေဖြင့်လည်း အိမ်ရာချေး ငွေဆိုင်ရာများနှင့်စပ်လျဉ်းသောသတင်း အချက်များကို အိမ်ရာဝယ်ယူရန် ငွေကြေးလိုအပ်ချက်ရှိသူများအား ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် House.com. mm မှ ဦးစီးကျင်းပခဲ့သည့် Myanmar Real Estate Expo ပြပွဲကြီးတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅သန်းအထိ အရောင်းအဝယ်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅သန်းအထိ ငွေပေးချေမှုနှင့်အရောင်းအဝယ်ဆိုင်ရာဆွေး နွေးမှုများရှိခဲ့ကြောင်း House.com. mm ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

## ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် တာဝန်ရှိဝန်ထမ်းများသည် ဧပြီ ၄ ရက်တွင် ပခုက္ကူခရိုင်အတွင်းရှိ ညောင်ပင်ကျေးရွာနဲ့ကန်စောင့်ကျေးရွာများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

ပခုက္ကူခရိုင်အတွင်းရှိ မြစ်ခြေမြို့နယ် ညောင်ပင်ကျေးရွာရှိ ActionAid သင်တန်းကျောင်းသို့ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဦးနဲ့ တာဝန်ရှိသူများ ရောက်ရှိကာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါဟောပြောဆွေးနွေးပွဲသို့ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါတယ်။

ထို့ပြင် ကမ္မမြို့နယ်ခွဲ၊ ကန်စောင့်ကျေးရွာရှိ Action Aid သင်တန်းကျောင်းသို့ ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူတို့ရောက်ရှိခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြ ပါသည်။ အဆိုပါ ကန့်စောင့်ကျေးရွာတွင်ပြုလုပ်သည့်ဟောပြောဆွေးနွေးပွဲသို့ Action Aid သင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ပပရွှေ ပခုက္ကူ**

# မန္တလေးမြို့တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပမည်

မန္တလေးမြို့၌ မေ ၇ ရက်နှင့် ၈ ရက်တို့တွင် အလုပ်အကိုင် အခွင့်အလမ်းများပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း Work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါအလုပ်အကိုင်ပြပွဲကို မန္တလေးရတနာမောလ်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကို တယ်လီနောမြန်မာမှ အဓိကကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကုမ္ပဏီပေါင်း ၁၄ခုမှ ဝန်ထမ်းများခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ လာရောက်သူများအနေဖြင့် အလုပ်လျှောက်လွှာများကို တစ်ပါတည်းယူဆောင်လာရန်လိုအပ်ပြီး သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီသူများကို လုပ်ငန်းရှင်များဘက်မှ တိုက်ရိုက်အင်တာဗျူး၍ ခေါ်ယူသွားမည့်အခွင့်အရေးများကိုပါရရှိနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ မန္တလေးမှာ အလုပ်အကိုင်ပြပွဲတွေ လုပ်တော့လုပ်တယ်။ ဒါပေမယ့် တော်တော်လေးကို နည်းပါတယ်။ အခုလိုလုပ်ငန်းတွေ အများကြီးက တစ်ထိုင်တည်းခေါ်မှာဆိုတော့ အလုပ်ရဖို့ အခွင့်အရေးလည်းများသွားမယ်။ လုပ်ငန်းရှင်နဲ့လည်း တိုက်ရိုက်ထိတွေ့ခွင့်ရမယ်ဆိုတော့ ပိုကောင်းတာပေါ့"မန္တလေးမြို့မှ မနှင်းဝေကပြောကြားသည်။

**မယ်သီတာ**

# သင်္ကြန်ပွဲတော်အပြီး ရန်ကုန်ကားဈေးကွက်ဈေးတန်း မြင့်လာသော်လည်း ကားလေးများ အရောင်းအဝယ်ရှိ



အတာသင်္ကြန်ပွဲတော်အပြီး ဧပြီလကုန်ပိုင်းအတွင်း ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ ကားလေးများရောင်းပန်း ဝယ်ပန်းပွင့်လာပြီး ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများတွင် လူပြန်လည်စည်ကားနေကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွင်း ပြောင်းလဲသတ်မှတ်ခဲ့သည့် အခွန်အကောက်ကောက်ခံမှုနှုန်းစနစ်သစ်အရ အမည်ပြောင်းကိစ္စရပ်များအား ၁၅ရာခိုင်နှုန်း တိုးမြှင့်သွားသဖြင့် မော်တော်ယာဉ်အမည်ပြောင်းသူများ လတ်တလောနည်းပါးသွားကာ မော်တော်ယာဉ်ဟောင်းအပ်နှံစာရွက် စလစ်ဈေးနှုန်းများ ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဧပြီ ၁ ရက်မှစ၍ ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ရပ်နားရန်နေရာ ကားပါကင်ထောက်ခံချက်များ လတ်တလော ချထားပေးမှုမရှိသေးသဖြင့် တင်ပြထားဆဲ ကားပါကင်နေရာလျှောက်ထားမှု စောင်ရေထောင်နှင့်ချီ၍ ရပ်တန့်နေပြီး လတ်တလောအရောင်းအဝယ်လုပ်နေသော ကားပါကင်အပါကားများ၏ ဈေးတန်းအနည်းငယ်မြင့်တက်နေကြောင်း၊ သို့သော်လည်း လတ်တလောအသုံးပြုလိုသူများ အမှန်တကယ် လိုအပ်နေသူများမှာလည်း ဝယ်ယူမှုရှိသဖြင့် ကားလေးများ အရောင်းအဝယ်ရှိနေကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်က ရှင်းပြသည်။

စလစ်ကပ်ကားများမှာ စလစ်ဈေးတန်းမြင့်တက်မှုနှင့် ပြည်ပတင်သွင်းကားများလေလံဈေးတန်း မြင့်တက်မှု၊ လတ်တလောအခြေအနေကို စောင့်ကြည့်နေသဖြင့်လည်းကောင်း၊ နယ်ဝယ်လက်များမှာလည်း ယခင်ကဲ့သို့အဆင်းမများဘဲ ဆင်းကြည့်သူများမှာလည်း ဈေးကွက်မေးရုံ/ထောက်လှမ်းရုံ သက်သက်သာဖြစ်သောကြောင့်လည်းကောင်း အရောင်းအဝယ် အေးနေရခြင်းဖြစ်ကြောင်း ၎င်းတို့မှပြောသည်။ အငှားယာဉ်တက္ကစီ ဈေးကွက်အနေဖြင့် နောက်ဆုံး အကွာရာထုတ်ကားများ ဈေးမြင့်တက်မှုရှိနေသဖြင့် နံပါတ်ဟောင်းတက္ကစီများ အထူးသဖြင့် လက်ရှိအကွာရာထက် ၃ /၄ တန်းနိမ့် သိန်းတစ်ရာဝန်းကျင် တက္ကစီအငှားယာဉ်များသာ အဝယ်ရှိနေကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/အာလ်ဖတ် | 5E | ၂၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | တိုယိုတာ/ဗစ် (၂၀၁၂) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ပရိုဘောက် | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ပရိုဘောက် | ယာယီ | ၁၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အေဒီဗင် | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဝစ်ရှ် (၂၀၀၃) | ယာယီ | ၂၀၅ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ဒိုင်ဟတ်စု (၂၀၀၆) | ယာယီ (Mdy) | ၇၀ သိန်း | |
| ၉။ | အပ်ကား | - | ၇၅ သိန်း | |

## ဘားအံမြို့အိန္ဒုစံပြကျေးရွာတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်နှင့် ဝန်ထမ်းတို့သည် ဧပြီ ၂၈ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ အိန္ဒုစံပြကျေးရွာ ဘုန်းကြီးကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ဆွေးနွေးဟောပြောပွဲသို့ ကျေးရွာရှိ ရပ်ကွက်အသီးသီးမှ ဒေသခံ ပြည်သူ ၂၅၀ ဦးခန့်၊အလယ်တန်းအဆင့် ကျောင်းသား/သူ ၁၀၀ ဦးခန့်၊ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။ ၎င်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားခြင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်း၊ ကရင်ပြည်နယ်အတွင်းဆောင်ရွက်မှုတို့အား ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဆက်လက်၍ စားသုံးသူရေးရာဌာနခွဲမှ ဒေါ်ခင်ကြည်က ဟောပြောဆွေးနွေးရာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ အခွင့်အရေးနှင့်တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ကရင်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းများ အကြောင်း၊ စားသုံးသူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နေထိုင်နိုင်ရေး ကာကွယ်နိုင်မည့်အကြောင်းနှင့် မိမိတို့ကလည်း သတိကြီးစွာ ဖြင့် ရွေးချယ်တတ်ရန် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်က တရားမဝင်ရောင်းချနေသော စပ်ဆေးများအကြောင်း၊ ဆေးဝါးအတု/အစစ်များ အကြောင်းရှင်းလင်းခြင်း၊ ဆေးဝယ်သောက်သုံးသူများ သိရှိစေရန် ဆေးညွှန်းစာ ရက်လွန်မှုရှိ/မရှိ၊ ဆရာဝန်ညွှန်ကြားစာပါမှ ရောင်းချခွင့်/ဝယ်ယူခွင့်ရှိသည့် ဆေးများအကြောင်း၊ အလှကုန်ပစ္စည်းများတွင် ဓာတုပစ္စည်းများပိုမိုသုံးထားသည့်အတွက် သုံးစွဲသူများထိခိုက်နစ်နာမှုရှိသည့် ပစ္စည်းများကိုဖော်ပြခြင်း၊ မသုံးစွဲကြရန် ဆွေးနွေးပြောကြားပြီး ဒေါ်နန်းလှလှနန်းက သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးများအကြောင်း၊ ဓာတုဆိုးဆေးကို အချို့အစားအစာများတွင် ထည့်သွင်းအသုံးပြုလာမှုကြောင့် စားသုံးသူတို့မှာ များစွာသော ရောဂါအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ အရောင်အသွေးလှပအောင် အသုံးပြုထားသော အစားအစာများကို ကလေးငယ်များစားမိရာတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များအကြောင်း စသည်တို့ကို ဆွေးနွေးပါသည်။

စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက နိဂုံးချုပ်ပြောကြားရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစေရန် စားသုံးသူများအတွက် အကာအကွယ်ပေးနေသော ဥပဒေရှိနေပြီဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများဖြစ်သည့်အတွက် အသိပညာဗဟုသုတပေးခြင်းလည်းဖြစ်ကြောင်း၊ စားသုံးသူပြည်သူများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ တက်ရောက်လာသူအားလုံးကိုလည်း စားသုံးသူအကာ အကွယ်ပေးရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ဥပဒေစာအုပ်ပေးအပ်ခြင်းနှင့် တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းမှုအား ပြန်လည်ရှင်းပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်- ကရင်**

## ကချင်ပြည်နယ်ဗန်းမော်မြို့နယ်ရှိ သီရိရတနာမြို့မဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဗန်းမော်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှဦးစီး၍မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဧပြီ ၂၇ ရက်နေ့သီရိရတနာမြို့မဈေး၊ ဈေးတာဝန်ခံရုံးတွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနကျန်းမာရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၅ ဦး ၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီအဖွဲ့ဝင် ၅ ဦး၊ ဈေးအတွင်းကုန်မျိုးစုံရောင်းချသူဈေးသူဈေးသား ၄၆ ဦးစုစုပေါင်း ၇၀ ဦးဖြင့်စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကိုကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲအခမ်းအနားတွင်စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စားသုံးသူအကာကွယ်ပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ပြီးနောက် ဈေးအတွင်းလှည့်လည်ကာ စားသုံးရန်မသင့်သောကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိကို ကြည့်ရှုစစ်ဆေး ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**မောင်မောင်ခိုင် - စားသုံး/ဦးစီး**

## ယင်းမာပင်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်ချက်နှင့်အညီ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲများကို ယင်းမာပင်ခရိုင်အတွင်း ရှိမြို့နယ်များသို့ သွားရောက်ပြီး ရပ်ကွက်နဲ့ ကျေးရွာများမှာရှိတဲ့ စားသုံးသူမိဘပြည်သူများကိုပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ဧပြီ ၂၆ ရက်တွင် ဦးသောင်းကြိုင် ဦးစီးမှူး ဦးစီးတဲ့ ဝန်ထမ်းများက နံနက်ပိုင်းတွင် ဆားလင်းကြီးမြို့နယ်၊ ရွှေလှေရွာနဲ့ နေ့လယ်ပိုင်းမှာ သာယာကုန်းရွာ၊ အေးကုန်းရွာသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကိုကျင်းပပြုလုပ်ခဲ့ပါတယ်။ ဟောပြောပွဲသို့ ရွှေလှေကျေးရွာမှ ၇၀ ဦး၊ သာယာကုန်း ကျေးရွာမှ ၅၀ ဦးနှင့် အေးကုန်းကျေးရွာမှ ၂၄ ဦး တက်ရောက်ခဲ့ပါတယ်။ ဧပြီ ၂၇ ရက်မှာလည်း ဦးသောင်းကြိုင် ဦးစီးတဲ့ ဝန်ထမ်းများက ဆားလင်းကြီးမြို့နယ် ရုံးပင်ရိုးရာနဲ့ ထန်းတောဒေသကြီးကျေးရွာတို့တွင်လည်းကောင်း ဦးသန်းပို၊ ဦးစီးမှူး ဦးစီးတဲ့ဝန်ထမ်းများက ယင်းမာပင်မြို့နယ် ဇီးဖြူပင်ကျေးရွာနဲ့ သက္ကပြုကျေးရွာများသို့လည်းကောင်း သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပါတယ်။ ဟောပြောတွင် ရုံးပင်ရိုးရွာမှ ၅၀ ဦး၊ ထန်းတောကြီးကျေးရွာမှ ၃၅ ဦးနှင့် ယင်းမာပင်မြို့နယ် ဇီးဖြူပင် ကျေးရွာမှ ၅၅ ဦး၊ သက္ကပြုကျေးရွာမှ လူဦးရေ ၇၅ ဦး တက်ရောက်ခဲ့ပါတယ်။ ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများနှင့် သက်ဆိုင်ရာ ဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး ပြည်သူလူထုအတွက် အန္တရာယ်ဖြစ်စေတတ်သည့် အစားအစာများကို ခွဲခြားသိရှိပြီး ရွေးချယ်စားသုံးတတ်စေရန်အတွက် အန္တရာယ်ရှိတဲ့ လူသုံးကုန်ပစ္စည်းတွေ ဆိုးဆေးပါသော အစားအသောက်များနှင့် မှုမမှန်စားဆီများအကြောင်း၊ အချိုမှုန့်စားသုံးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ၊ တာရှည်ခံအောင် ဖော်မလင်ဆေး အသုံးပြုထားသော စားသောက်ကုန်ပစ္စည်းများ အကြောင်းကို စားသုံးသူမိဘပြည်သူများသိရှိအောင် ဟောပြောခဲ့ပါတယ်။ ဟောပြောပွဲတွင် ပညာပေးလက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ခွင့်မပြု ဓာတုဆိုးဆေးပါ ဆေးဝါး စားသောက်ကုန်နဲ့ မုန့်အမည် စာရင်းစာရွက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ကောမတ်စ်ဂျာနယ်များကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။

**မိုးမိုးမြင့်-ဆားလင်းကြီး**

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၅-၂၀၁၆ မှ ၈-၅-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လူတကာ၏ အထင်ကြီးမှု၊ ယုံကြည်မှု၊ အားကိုးမှုတို့ကြောင့် မိမိ၏အသွားအလာအနေအထိုင်တို့သည် ကျဉ်းကျပ်မှုများဖြစ်ပေါ်လာရတတ်ပါသည်။ ဝါဂွမ်း၊ ပိုးထည်၊ ချည်ထည်နှင့် ဖန်စီအဆင်ဆန်းများ အကျိုးပေးပါသည်။ မှတ်ဉာဏ်ကောင်းခြင်း၊ အတွေးအခေါ်ကောင်းခြင်း၊ ဝီရိယအားကောင်းခြင်းတို့ကြောင့် ပညာရေး အတွက် အောင်မြင်ခြင်းများကို ရရှိစေပါသည်။ ကျန်းမာရေးတွင် ခြေဖျားလက်ဖျားများ ထုံကျင်ကိုက်ခဲခြင်း၊ အစာအိမ်လေနာရောဂါတို့ကို သတိပြုသင့်ပါသည်။ အချစ်ရေးတွင် မထင်မှတ်မရည်ရွယ်ဘဲ ချစ်သူတွေ့ရတတ်သည်။ အိမ်ထောင်ရေး သာယာခိုင်မြဲမှုရှိတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင် မုန့်လုံးရေပေါ်ကပ်လှူပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုငွေကြေးနည်းပါးစွာ ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အထူးကြိုးစား၍ ဆောင်ရွက်လုပ်ကိုင်ရတတ်သည်။ ပညာရေးတွင် ကံကောင်းသည်ဟုဆိုရပါမည်။ အဝေးခရီးရောက်ပြီးမှ သံယောဇဉ်ခင်တွယ်မှု ဖြစ်ပြီး ချစ်သူအဆင့်သို့ ရောက်လာရတတ်သည်။ အိမ်ထောင်ဖက်နှင့် သားသမီးများ၏ နောင်ရေးအတွက် လုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေရတတ်သည်။ ကျန်းမာရေး လေဖြန်းခြင်း၊ နုန်းချိခွေယိုင်ခြင်း၊ အကြောအချဉ်အားနည်းခြင်းတို့ကို သတိထားသင့်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ဆီမီး ၂ တိုင်၊ အမွှေးတိုင် ၂ တိုင် ရုပ်နာမ် ၂ ပါးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများ ငရုတ်၊ ကြက်သွန်၊ ပြောင်း၊ ဂျုံ၊ ဆန်စပါးစသည်တို့ အကျိုးပေးပါသည်။ ပညာရေးတွင် အခက်အခဲမရှိဟု ထင်ရတတ်ပါသည်။ ကျန်းမာရေးတွင် ခရီးဝေးသွားမိ၍ ခြေကုန်လက်ပန်းကျခြင်း၊ ငှက်ဖျားရောဂါဖြစ်တတ်ခြင်း၊ ဆီး၊ ကျောက်ကပ်နှင့်ပတ်သက်သောရောဂါတို့ကို သတိထားဆင်ခြင်သင့်ပါသည်။ အချစ်ရေးတွင် အကောင်းဆုံးမဟုတ်သော်လည်း မညံ့ပါ။ ချစ်သူကြင်ဖက် ရွေးချယ်သင့်ပါသည်။ အိမ်ထောင်ပြုရန် ဆန္ဒမစောသင့်ပါ။

**ယတြာ။ ။သံဃာတော်နှင့် သီလရှင်အား ထီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မူလလုပ်ငန်းတစ်ခုတည်းကိုသာရွေးချယ်လုပ်ကိုင်ထားသော်လည်း အစုရှယ်ယာများကိုခေါ်ယူ၍ လုပ်ငန်းများ တိုးချဲ့ထွင်လုပ်ကိုင်ရတတ်သည်။ ပညာရေးတွင် ရှင်းလင်းလွယ်ကူစွာနားလည်ထားသော ဘာသာရပ်ဆိုင်ရာသင်ခန်းစာများကိုကြိုးစားမှုပြုနေရတတ်သည်။ အချစ်ရေးတွင် ကောင်းဆိုးနှစ်တန်ရောထွေးနေသော အချစ်ရေးဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ သက်ကြီးရွယ်အိုအား အဟာရကျွေး၍ ငွေလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများအောင်မြင်မြတ်စွန်းနိုင်သော ကာလဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် မှားယွင်းမှုများမဖြစ်ပေါ်ရန် အထူးကြိုးစား၍ လုပ်ကိုင်ရတတ်သည်။ အချစ်ရေးတွင် တည်ငြိမ်သောအချစ်နှင့် ချစ်ကြသည်ဆိုသော်လည်း အိမ်ထောင်ပြုရန်အတွက်အဆင်မပြေမှုများ တွေ့ကြုံနေရတတ်သည်။ ပညာရေးကိုကြိုးစားမှုပြုနေရတတ်ပါသည်။ ကျန်းမာရေး အိပ်ရေးပျက်မှုနှင့် စိတ်ဖိစီးမှုများကြောင့် ဖြစ်တတ်သောဦးနှောက်နှင့် အာရုံကြောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ပေါက်ပေါက်လှူ၍ ရေသပ္ပာယ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင်ရောက်ရှိနေသော အတိုင်းအတာအတွင်းအောင်မြင်မှုများ ရရှိနေမည်။ စိတ်ပင်ပန်းမှုများနေမည်။ ပညာရေးတွင် စီမံခန့်ခွဲမှု နက္ခတ္တပညာစသည်တို့နှင့် အကျိုးပေးပါသည်။ ကျောက်ကပ်နှင့် အသည်းရောဂါတို့ သတိပြုသင့်ပါသည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာတတ်သော်လည်း စိတ်ကောက်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း သဝန်တိုတတ်ခြင်းတို့ကြောင့် အဆင်ပြေမှုအားနည်းနေလိမ့်မည်။

**ယတြာ။ ။ တရားစခန်းမှ သံဃာတော်အား ဆေးဝါးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ကျွန်းသစ်၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတစ်ဖက် စီးပွားရေးတစ်ဖက် လုပ်ကိုင်ဆောင်ရွက်နေရတတ်သော်လည်း မည်သို့ပင်အခက်အခဲများရှိနေစေကာမူ ပူစရာ မလိုပါအောင်မြင်နိုင်ပါသည်။ အချစ်ရေးကံကောင်းနေတတ်ပါသည်။ အိမ်ထောင်ဖက်နှင့် စိတ်တူသဘောတူကြင်နာမှုရှိနေမည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုများ၍ဖြစ်တတ်သော ရောဂါများဖြစ်တတ်ပါသည်။

**ယတြာ။ ။ သမ္ဗုဒ္ဓေဂါထာရွတ်ဆိုပူဇော်ပါ။**

# ကသာခရိုင်၏ တတိယအများဆုံးထုတ်ကုန် နေကြာသီးနှံ စတင်ရိတ်သိမ်းချိန်ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် နေကြာစိုက်ပျိုးထုတ်လုပ်မှုမှာ ခရိုင်အတွင်း တတိယအများဆုံးဖြစ်ပြီး၊ စိုက်ပျိုးဧက ၄၈၇၉၇ ရှိတယ်လို့ သိရပါတယ်။ ခရိုင်တွင်းအထွက်နှုန်းခြင်းမတူပေမယ့် ပျမ်းမျှအထွက် တင်း သုံးဆယ်ရှိပြီး ၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီ ကသာခရိုင်နေကြာထုတ်ကုန် တင်းပေါင်း ၁၄၆၃၉၁၀ ထွက်ရှိမှာဖြစ်ပါတယ်၊ လက်ရှိစတင်ရိတ်သိမ်းနေကြပြီဖြစ်ပြီး နေကြာတစ်တင်း ၈၅၀၀ ကျပ်မှ ၉၀၀၀ ကျပ်ကြားဈေးဖွင့်လို့ နေကြာစိုက်တောင်သူများ ဈေးကောင်းရကြတယ်လို့ သိရပါတယ်။

နေကြာအထွက် စုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းက ခရိုင်အတွင်း လှော်လက်များဝယ်ယူသိုလှောင်လျက်ရှိပြီး ၅ ရာခိုင်နှုန်းကို မန္တလေး၊ မြစ်ကြီးနား၊ ရွှေဘို၊ မုံရွာ ပွဲရုံများကို တင်ပို့ကြပါတယ်။ လှော်နေကြာတင်ပို့မှုများပြီး ဆီစားနေကြာ မရှိသလောက် နည်းပါးတယ်။ နေကြာစေ့လှော်ဖိုလုပ်ငန်းများက နှစ်ပေါက်ဝယ်လှောင်ထားပါတယ်။ နေကြာသီးနှံကို ဧရာဝတီ၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ အများအပြား စိုက်ပျိုးနေတာ တွေ့ရပါတယ်။ ပြည်ပတင်ပို့မှုများ ပုံမှန်ရှိနေပြီး ဈေးကွက်ခိုင်မာလို့ မျိုးကောင်း မျိုးသန့် အထွက်တိုးနေကြာစိုက်ပျိုးပါက တောင်သူများဝင်ငွေပိုမိုရနိုင်တယ်လို့ နေကြာဈေးကွက်သတင်းအရသိရပါတယ်။

လှော်နေကြာတစ်တင်းကို သန့်စင်ပါက ၁၃ ပြည်ရပါတယ်။ လှော်ပြီးဈေးကွက်ဝင်နေကြာစေ့ အထုပ် ၁၀၀ ရပါတယ်၊ တစ်ထုပ် ငါးရာကျပ် ဈေးရောင်းရလို့ ငါးသောင်းကျပ်ကျော်ရပါတယ်။ အဆင့်ဆင့် ကုန်ကျစရိတ်နဲ့ လုပ်သားခနုတ်ပြီး တစ်တင်းနှစ်သောင်းအသားတင်မြတ်ပါတယ်။ ဆီစားနေကြာကြိတ်ပါက အဆန် သုံးတင်း ဆီတစ်ပိဿာထွက်ပါတယ်။ တစ်ပိဿာ ၆၀၀၀ ကျပ်ဈေးရောင်းရလို့ ၆၀၀၀၀ ကျပ်ဝင်ငွေရှိပါတယ်။ ကုန်ကြမ်းမှအဆင့်ဆင့် ကုန်ကျစရိတ်နုတ်ပြီး ၃၀၀၀၀ ကျပ် အကျိုးအမြတ်ရှိပါတယ်။ ဒါကအစေ့စားနေကြာနဲ့ ဆီစားနေကြာတစ်တင်းတိုင်းရဲ့ အသုံးပြုမှုနဲ့အကျိုးအမြတ်ကိုစက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များဘက်က တွက်ချက်ခြင်းဖြစ်ရာ လုပ်ငန်းရှင်များအရှုံးမရှိတဲ့ သီးနှံဖြစ်ကြောင်း နေကြာစေ့လုပ်ငန်းရှင်များထံမှ သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# တစ်သျှူးငှက်ပျောတင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ရှာဖွေပေးနေပြီ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့သည် ကချင်ပြည်နယ်ဒေသအတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဘိန်းစိုက်ပျိုးမှုပပျောက်ပြီး ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သည့် တောင်သူများအား လူနေမှုဘဝအဆင့်အတန်း မြင့်မား၍ ဖွံ့ဖြိုးတိုး တက်စေရေးအတွက် ရည်ရွယ်ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်အား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တစ်သျှူးငှက်ပျောဟုဆိုရာတွင် တရုတ်နိုင်ငံ (Tissue) နည်းပညာဖြင့် မျိုးစေ့ထုတ်စိုက်ပျိုးသော ငှက်ပျောမှာ ဘရာဇီး (တစ်သျှူး) မျိုး၊ တရုတ်ဘာသာ ခေါ် (ရှန်ကျောင်း) ဖြစ်ပြီး မြန်မာ ဘာသာအခေါ် အနေဖြင့် (သီးမွှေး ငှက်ပျော) ဟု အမိပ္ပာယ်ရသည်။ တရုတ်ပြည်တွင်းရှိ စီချွမ်ပြည်နယ်၊ ဖူကျန်ပြည်နယ်၊ ကော့ကျိုးပြည်နယ်များမှ ငှက်ပျောမျိုးများအား မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်၍ တရုတ်နိုင်ငံစိုက်ပျိုးရေးအဖွဲ့မှ ကျွမ်းကျင်သူများ၏ အကူအညီကို ရယူ၍ ဒေသခံပြည်သူ များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဝိုင်းမော်မြို့နယ်အတွင်း၌ တစ်သျှူး ငှက်ပျောများအား မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ ၁၅၀၀ ဧက ခန့်၊ မြန်မာအကယ်ဒမီ အင်တာနေရှင်နယ်လီမိတက်မှ ဧက ၂၀၀၀ ခန့်၊ ချန်းရင်း ခူးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဧက ၆၀၀၀ ခန့်၊ လွယ်ငူးဘွမ်ခေတ် သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဧက ၃၀၀၀ ခန့်၊ စုစုပေါင်း တစ်သျှူးငှက်ပျော ၁၂၅၀၀ ဧကခန့်စိုက်ပျိုးထားရှိပြီး စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျောများအား နိုင်ငံတော်သို့ တရားဝင်အခွန်ပေးဆောင်၍ တရုတ်နိုင်ငံသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှတစ်ဆင့်တင်ပို့လျက်ရှိပါသည်။

ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ် တစ်ဝိုက်တွင် စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျောများအား ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်ပြည်တွင်းရှိ စီချွမ်၊ ရှန်ဟိုင်း၊ ပေကျင်း၊ ရှန်းရှီး၊ နင်ရှာ့၊ လျောင်နယ်ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောတင်ပို့နိုင်မှုအနေ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ၃၃၇၇၀ တန်ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ၉၆၃၄၀ တန် တင်ပို့နိုင်ခဲ့သဖြင့် တစ်သျှူးငှက်ပျောတစ်မျိုးတည်းမှ နိုင်ငံတော်အတွက် ၂ ရာခိုင်နှုန်း အခွန်ငွေရရှိမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျပ်သန်းပေါင်း ၁၀၁ ဒသမ ၃၁ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျပ်သန်းပေါင်း ၇၆၅ ဒသမ ၀၈၅ သန်းရရှိခဲ့ပါသည်။

တစ်သျှူးငှက်ပျောများ စိုက်ပျိုးထွက်ရှိရာဒေသ ဖြစ်သော ဝိုင်းမော်မြို့ နယ်တစ်ဝိုက်တွင် တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် ကုမ္ပဏီများဖြစ်သည့် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်း ကုမ္ပဏီလီမိတက်၊ မြန်မာအကယ်ဒမီအင်တာနေရှင်နယ်လီမိတက်၊ ချန်းရင်းခူးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၊ လွယ်ငူးဘွမ်ခေတ်သတ္တုရှာဖွေ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တို့တွင် ဒေသခံပြည်သူလုပ်သား ၁၁၄၀၀ ဦးခန့် လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ဒေသခံပြည်သူများ အလုပ် အကိုင်များရရှိကာ လုပ်သားတစ်ဦးချင်း၏ တစ်ရက်ဝင်ငွေမှာ ကျပ် ၅၀၀၀ ခန့်ဖြစ်ကြောင်း သိရှိရပါသည်။

ကန်ပိုက်တီးကုန်သွယ်ရေးစခန်းအနေဖြင့် ကချင်ပြည်နယ်ဝိုင်းမော်မြို့ နယ်ဒေသတစ်ဝိုက်တွင် တစ်သျှူးငှက်ပျောစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများအား ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချော မွေ့စေရေးနှင့် ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများအား ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများ၊ မိတ်ဖက် အဖွဲ့အစည်းများဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် စိုက်ပျိုးသည့် ကုမ္ပဏီများမှလည်းတိုးချဲ့ စိုက်ပျိုးရန် အလားအလာများရှိကြောင်းသိရှိရပါသည်။

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိမှု၊ နိုင်ငံတော်မှ အခွန်ရရှိမှုနှင့် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပေါ် များစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ပါသည်။



# မြို့ကြီးများ၏ ၂-၅-၂၀၁၆ မှ ၆-၅-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၅-၂၀၁၆) | အင်္ဂါ(၃-၅-၂၀၁၆) | ဗုဒ္ဓဟူး(၄-၅-၂၀၁၆) | ကြာသပတေး(၅-၅-၂၀၁၆) | သောကြာ(၆-၅-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၆°F |
| ရန်ကုန်မြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၇°F |
| မြစ်ကြီးနား | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | ၅၀% ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| လားရှိုး | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| လွိုင်ကော် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| တောင်ကြီး | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | ၃၀% ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| ဘားအံ | နေသာ ၃၇°C/၉၈°F | ၅၀% ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| တောင်ငူ | ၅၀% ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၂°C/၁၀၇°F |
| မုံရွာ | ၃၀% ၄၁°C/၁၀၅°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၇°F |
| ပုသိမ် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မြိတ် | ၆၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၂°F | ၅၀% ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F |
| စစ်တွေ | ၃၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မကွေး | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၅°F |
| ဖလမ်း | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | ၃၀% ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |



## အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် အပူချိန်မြင့်မားမှုကြောင့် နေ့လယ်ဘက်၌ ထမင်းဟင်းချက်ပြုတ်ခြင်းကို ပိတ်ပင်

အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးတွင် အပူချိန်များ စံချိန်တင်မြင့်တက်လာမှုကြောင့် ဘီဟာပြည်နယ်တွင် နေ့လယ်ဘက်၌ ထမင်းဟင်းချက်ပြုတ်ခြင်းများကို ယခုလကုန်ပိုင်းမှစ၍ ပိတ်ပင်ထားကြောင်း သိရသည်။

ဘီဟာပြည်နယ်တွင် နေ့လယ်ဘက် ထမင်းဟင်း ချက်ပြုတ်ခြင်းများကြောင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားပြီး လူသေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဘီဟာပြည်နယ်အစိုးရက ယခုကဲ့သို့ တားမြစ်ပိတ်ပင်ရခြင်းဖြစ်ကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ဧပြီလကုန်ပိုင်းက ဘီဟာပြည်နယ်တောင်ပိုင်းရှိ ရွာတစ်ရွာတွင် နေ့လယ်ဘက် ထမင်းဟင်းချက်ပြုတ်ရာမှ နေအိမ်တံစက်မြိတ်ကို မီးစွဲလောင်ခဲ့ရာ လူပေါင်း ၇၉ ဦးသေဆုံးခဲ့ရကြောင်း ဘီဟာပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်မြင့်မားမှုများကြောင့် ယခုဧပြီလအတွင်း လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရပြီး လူပေါင်းတစ်ထောင်ကျော်ခန့်မှာ ဆေးရုံဆေးခန်းများတွင် ဆေးကုသမှုများ ခံယူနေကြရသည်။

မဟာရသျှတ္တရာ၊ ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်းရှိ ကျေးရွာများတွင် ရေကန်များ၊ ဆည်မြောင်းများ၊ မြစ်များမှာ ရေများခန်းခြောက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းမှုနှင့် ရေပြတ်လပ်မှုတို့ကြောင့် သီးနှံစိုက်ခင်းများမှာလည်း ပျက်စီးနေပြီဖြစ်ကြောင်း၊ အချို့သောဒေသများတွင် ပြည်နယ်အစိုးရအသီးသီး၏ ဦးဆောင်မှုဖြင့် သောက်သုံးရေများကို ပေးဝေလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် လူသန်းပေါင်း ၃၃၀ ခန့်နှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့သည်အစာရေစာပြတ်လပ်မှု၊ ရေရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှုတို့ကြောင့် အတိဒုက္ခရောက်လျက်ရှိ သည်ဟု ဆိုသည်။

ဩရိဿ၊ တီရန်ဂါနာ၊ အင်ဒရာပရာဒေ့ရှ်တို့တွင် နေ့အပူချိန်များမှာ ၄၄ -၄၅ ဒီဂရီစင်တီဂရိတ် အထိမြင့်တက်လာခဲ့သည်။

**မယ်သီတာ**

# ဗင်နွာတူနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်

ဗင်နွာတူနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့် ငလျင်တစ်ခု ဧပြီ ၂၉ရက်က လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဗင်နွာတူနိုင်ငံ၏ အထင်ကရကျွန်း တစ်ကျွန်းဖြစ်သည့် မာလီကာလုကျွန်းကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး လူဂန်ဗယ်လီ၏ တောင်ဘက်နှင့် အရှေ့တောင်ဘက် ၆၄ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဗင်နွာတူငလျင်တိုင်းတာရေးအဖွဲ့က ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ဆူနာမီရေလှိုင်းများသည် သေးငယ်လွန်းသဖြင့် သာမန်ရေလှိုင်းလောက်သာရှိခဲ့ကြောင်း ဆူနာမီသတိပေးချက်ထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကဲ့သို့ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သော်လည်း မြို့တော်တစ်ဝိုက်တွင် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း နှစ်နာရီအကြာတွင် အဆိုပါသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း အမျိုးသားဆူနာမီ သတိပေးချက်ထုတ်ပြန်ရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိသည်ကို များစွာအံ့ဩမိကြောင်း ပို့တ်ဗီလာမှ ဂျာနယ်လစ်တစ်ဦးဖြစ်သူ မော့ဆက်စ်က ပြောကြားခဲ့ သည်။

"ငလျင်လှုပ်တုန်းက ယိမ်းထိုးနေတာ။ ဒါပေမယ့် သတိရလို့ လိုက်ကြည့်မိတော့ ပျက်စီးဆုံးရှုံးမှုက မဆိုစလောက်ပါပဲ။ ကျွန်တော်တို့ ဗင်နွာတူနိုင်ငံအတွက်ကတော့ ငလျင်ဘေးဒဏ်က အမြဲခံစားနေရတာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ဗင်နွာတူနိုင်ငံသည် မီးတောင်စက်ကွင်းအတွင်းတွင် ကျရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မကြာခဏ ငလျင်လှုပ်ခတ်လေ့ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.15 Monday May 2 2016

# မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည်

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများနှင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အကြိုခြေစမ်းပွဲအဖြစ် မလေးရှားနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မလေးရှားအသင်းနှင့် ခြေစမ်းပွဲကို မေ ၂၈ ရက်တွင် သုဝဏ္ဏလူငယ် အားကစားလေ့ကျင့်ရေးစခန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မလေးရှားအသင်းအနေဖြင့်လည်း ခြေစမ်းပွဲကို လာရောက်ကစားမည်ဖြစ်ကြောင်း ဧပြီ ၁၂ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် မလေးရှားအသင်းနှင့် ခြေစမ်းပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပဏာမမြန်မာ့လက်ရွေးစင်ကစားသမား ၂၄ ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါကစားသမား ၂၄ ဦးမှာ (ဂိုး) ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက် သမ်းမြန်မာ)၊ ရန်အောင်လင်း(ရတနာပုံ)၊(နောက်) ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ထန်၊ သီဟထက်အောင်(ရန်ကုန်)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်းယူနိုက်တက်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ (လယ်) လှိုင်းဘိုဘို၊ ရဲကိုဦး၊ အောင်သူ၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်နိုင်ဦး(ချင်း)၊ (ရှေ့) ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ ဆမ်လန်မန်(ချင်း)၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ဖြစ်သည်။



ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း လေ့ကျင့်ရေးအစီအစဉ်များပြုလုပ်ရာနေရာသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် လာရောက်အားပေးခဲ့ပြီး ကစားသမားများနှင့် နည်းပြအဖွဲ့အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် မလေးရှားအသင်းနှင့် ခြေစမ်းပွဲကစားပြီးပါက ဆူဇူကီးဖလားအကြိုလေးနိုင်ငံ ဖိတ်ခေါ်ဖလားပြိုင်ပွဲကြီးအား ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတကာခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကမ္ဘာ့ဘောလုံးအင်အားကြီးနိုင်ငံအချို့တို့၌ သွားရောက်လေ့ကျင့်ခြေစမ်းမှုများပြုလုပ်မည်ဖြစ်သည်။

# တိုက်စစ်မှူး ဘီးရှက်ဖ်၊ ကွင်းလယ်လူအလီကာမာရာတို့နှစ်ဦးနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နှစ်ဦးသဘောတူ လမ်းခွဲ

ရှမ်းယူနိုက်တက်အသင်းသည် အီရန်တိုက်စစ်မှူး ဘီးရှက်ဖ်နှင့် ကွင်းလယ်လူ အလီကာမာရာတို့ကို နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းလိုက်ကာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ရှမ်းယူနိုက်တက်အသင်း၏တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

အီရန်တိုက်စစ်မှူး ဘီးရှက်ဖ်သည် ပထမအကျော့ ၁၁ ပွဲတွင် ၆ပွဲပါဝင်ကစားခဲ့ပြီး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ထို့ပြင် ဘီးရှက်ဖ်သည် ပုသိမ်မြို့တွင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်နှင့်ပွဲတွင် ပြစ်ဒဏ်ကျူးလွန်မှုကြောင့် လေးပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးလေးသိန်း ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ အဆိုပါပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် ဧရာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အဆိုပါကစားသမားသည် ဧပြီ ၃ရက်က ရန်ကုန်မြို့တွင် ကစားခဲ့သည့် ရခိုင်ယူနိုက်တက်နှင့် ပွဲစဉ်တွင်လည်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရကာ လေးပွဲပယ်နှင့် ဒဏ်ကြေးသုံးသိန်း ပြစ်ဒဏ်ထပ်မံချမှတ်ခံခဲ့ရသည်။

ထို့ပြင် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ အလီကာမာရာသည် ပထမအကျော့ ၁၁ ပွဲတွင် ၉ပွဲ ပါဝင်ကစားခဲ့ပြီး တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ အဆိုပါကစားသမားနှစ်ဦးသည် အသင်းကစားကွက်နှင့် အံဝင်ခွင်ကျ မဖြစ်ခြင်း၊ ခြေစွမ်းပိုင်းနှင့် စည်းကမ်းပိုင်းတို့တွင်လည်း အားနည်းချက်များရှိနေခြင်းတို့ကြောင့် နှစ်ဦးသဘောတူစာချုပ်များဖျက်သိမ်းရန် အသင်းဘုတ်အဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရှမ်းယူနိုက်တက်အသင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ ၁၁ ပွဲတွင် နှစ်ပွဲနိုင်၊ ၆ ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ၁၂ မှတ်ဖြင့် ဇယားတိုင်၏ အဆင့် ၉ နေရာတွင် ရပ်တည်လျက်ရှိသည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့တွင် အောင်မြင်မှုများရရှိရေးအတွက် အသင်းကို ပြင်ဆင်သွားမည်ဖြစ်သည်။



# ရန်ကုန်ယူနိုက်တက်အသင်းနှင့် အင်တာမီလန်အသင်းတို့ ပူးပေါင်း၍ အကယ်ဒမီဖွင့်လှစ်ရန် ကနဦးဆွေးနွေးပွဲပြုလုပ်

ရန်ကုန်ယူနိုက်တက်အသင်းနှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့ပူးပေါင်း၍ လူငယ်ဘောလုံးအကယ်ဒမီဖွင့်လှစ်ရေးအတွက် ကနဦးဆွေးနွေးမှုများကို ပထမအကြိမ်အဖြစ် ဧပြီ ၂၆ရက်က ရန်ကုန်ယူနိုက်တက်အသင်းပိုင်မြက်ခင်းတုကွင်းရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ယူနိုက်တက်အသင်းမှ နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးနှင့် အင်တာမီလန်အသင်းမှ ကိုယ်စားလှယ် အဒမ်ပပ်ဖရီနှင့် စီးပွားရေးအတိုင်ပင်ခံဆိုင်မွန်စပီနာတို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း၏နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ရန်ကုန်ယူနိုက်တက်အသင်းမှ ကြီးမှူး၍ ဖွင့်လှစ်လျက်ရှိသည့် School of Football သင်တန်းကျောင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အင်တာမီလန်အသင်းကိုယ်စားလှယ် အဒမ်ပပ်ဖရီက ရန်ကုန်ယူနိုက်တက်အသင်းနှင့်ပူးပေါင်း၍ ဘောလုံးအကယ်ဒမီဖွင့်လှစ်နိုင်ရေးနှင့် လိုအပ်သည်များ ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနိုင်ရေးကို အဓိကထား၍ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဦးဝင်းသူမိုးက ယနေ့ ကနဦးဆွေးနွေးမှုများကို ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇထံတင်ပြပြီး လိုအပ်သည့်ညွှန်ကြားမှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသို့ ရောက်ရှိလာသည့်အင်တာမီလန်အသင်း တာဝန်ရှိသူများက ရန်ကုန်ယူနိုက်တက်အသင်းမြက်ခင်းတုကွင်း၊ ကိုယ်ကာယ လေ့ကျင့်ရေးခန်းမ၊ ရေကူးကန်နှင့် ကစားသမားများ ထားရှိသည့် အဆောင်တို့ကို လိုက်လံကြည့်ရှုခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဇွဲကပင်အသင်းနှင့် ခရိုအေးရှားတိုက်စစ်မှူး ဇီကိုဗစ်တို့ နှစ်ဦးသဘောတူ လမ်းခွဲ



OMNL-1 ပြိုင်ပွဲဝင် ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ခရိုအေးရှားတိုက်စစ်မှူး ဇီကိုဗစ်တို့ နှစ်ဦးသဘောတူလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဇီကိုဗစ်သည် ဇွဲကပင်ယူနိုက်တက်အသင်းသို့ ၂၀၁၅ ခုနှစ်အတွင်းက ရောက်ရှိခဲ့ခြင်းဖြစ်ပြီး၂၀၁၆ ခုနှစ် ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသည့် ကစားသမားတစ်ဦးဖြစ်သည်။

"ကစားသမားနဲ့ ကလပ်အသင်းတို့ နှစ်ဦးသဘောတူညီနိုင်းပြီး လမ်းခွဲခဲ့တာပါ။ သူ့နေရာမှာအစားထိုးဖို့ နိုင်ငံခြားသားကစားသမား ထပ်မံဖြည့်တင်းသွားမှာပါ။ မကြာခင်ရောက်လာပါလိမ့်မယ်"ဟု ဇွဲကပင်ယူနိုက်တက်အသင်း မီဒီယာတာဝန်ခံက ပြောကြားခဲ့သည်။

ဇီကိုဗစ်နှင့် လမ်းခွဲလိုက်သဖြင့် ယခုအခါတွင် ဇွဲကပင်ယူနိုက်တက်ဘောလုံးအသင်းတွင် နိုင်ငံခြားသားကစားသမား ဂျူနီယာ၊ ကမ်နှင့် ကလစ်ဖို့ဒ်တို့ သုံးဦး ကျန်ရှိနေကြောင်း သိရသည်။

# ဇေယျာရွှေမြေအသင်း ပြည်ပကစားသမားတစ်ဦးကို စာချုပ်ချုပ်ဆို၍ ခေါ်ယူမည်

OMNL-1 ပြိုင်ပွဲဝင် ဇေယျာရွှေမြေအသင်းသည် ယခုနှစ်ရာသီဝက်ကာလအပြောင်းအရွှေ့ကာလအတွင်း လူသစ်ခေါ်ယူမှုအဖြစ် ဆီနီဂေါနိုင်ငံမှ ကွင်းလယ်တိုက်စစ်မှူး ထရာအိုယေးနာမန်နှင့်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း အသင်းမီဒီယာတာဝန်ခံ ဦးကျော်ကျော်မိုးက ပြောကြားခဲ့သည်။



"ကျွန်တော်တို့ လာမယ့် မေလ ၂ ရက်၊ ၃ရက်လောက်ဆိုရင် သူနဲ့စာချုပ်ချုပ်ဆိုနိုင်တော့မှာပါ။ အခုလောလောဆယ်အနေနဲ့တော့ ကာလတိုစာချုပ်သဘောမျိုးပါပဲ။ မကွေးအသင်းက ခံစစ်ကစားသမား မျိုးမင်းဇော်နဲ့လည်း ညှိနှိုင်းပြီးပါပြီ။ မကြာခင်အချိန်အတွင်းမှာ စာချုပ်ချုပ်ဆိုဖို့ ရှိပါတယ်။ နောက်ထပ် ကမ်းလှမ်းထားတဲ့ ကစားသမားတွေလည်း ရှိပါသေးတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ဇေယျာရွှေမြေအသင်းသည် ယခုနှစ် ရာသီဝက်ကာလတွင် သုံးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးဖြင့် ရမှတ် ၁၃ မှတ်ရရှိကာ အမှတ်ပေးဇယားအဆင့် ၈ နေရာတွင်ရပ်တည်နေပြီး အမာခံကစားသမား အချို့နှင့် စာချုပ်ဖျက်သိမ်းထားသော အသင်းတစ်သင်းဖြစ်သည်။

# ဟဲဗီးဝိတ်သရဖူလုပွဲအတွက် ဝလာဒီမာကလစ်ချ်ကိုနှင့် တိုင်ဆန်ဖူရီတို့ ဇူလိုင်လ ၉ ရက်တွင် ထိုးသတ်ကြမည်



ယူကရိန်း ဟဲဗီးဝိတ်ချန်ပီယံ ဝလာဒီမာကလစ်ချ်ကိုနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ တိုင်ဆန်ဖူရီတို့သည် လာမည့်ဇူလိုင်လ ၉ ရက်တွင် ဟဲဗီးဝိတ်သရဖူလုပွဲအတွက် ပြန်လည် ထိုးသတ်ရမည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ ၎င်းတို့နှစ်ဦး၏ သရဖူလုပွဲကို အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ၎င်းတို့နှစ်ဦးသည် ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် တွေ့ဆုံခဲ့ကြပြီး ဂျာမနီနိုင်ငံသားများ၏ရှေ့မှောက်တွင် ၎င်းတို့၏ သဘောထားများကို ပြောကြားခဲ့ကြသည်။

တိုင်ဆန်ဖူရီနှင့် ဝလာဒီမာကလစ်ချ်ကိုတို့ နှစ်ဦးသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၈ရက်က ဂျာမနီနိုင်ငံ ဒတ်ဆယ်လ်ဒေါ့ဖ်မြို့တွင် ပထမအကြိမ် သရဖူလုပွဲကို ကျင်းပခဲ့သည်။အဆိုပါသရဖူလုပွဲတွင် ယူကရိန်းနိုင်ငံသားဟဲဗီး ဝိတ်ချန်ပီယံ ဝလာဒီမာကလစ်ချ်ကိုကို အနိုင်ရယူနိုင်ခဲ့ကာ ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို တိုင်ဆန်ဖူရီက ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

ထို့အတွက်ကြောင့် ကလစ်ချ်ကိုက တိုင်ဆန်ဖူရီနှင့် ပြန်လည်ထိုးသတ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦး မကျေပွဲနွှဲမည့်အကြောင်းကို ဂျာမနီနိုင်ငံသား ပရိသတ်များရှေ့မှောက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

“ဝလာဒီမာက တကယ့်ကို အေးချမ်းတဲ့ လက်ဝှေ့သမားတစ်ဦးပါ။ သူက ဘာစွန့်စားမှုကိုမှ မလိုချင်တဲ့သူပါ။ သူက ကျွန်တော့်ကိုပြောတယ်။ ကစားပွဲကောင်းတစ်ပွဲကိုပဲ ကစားချင်တယ်” ဟု ဖူရီကပြောကြားခဲ့သည်။

တိုင်ဆန်ဖူရီက “ကျွန်တော်က ဂျစ်ပစီတစ်ယောက်လေ။ ကျွန်တော် ဒီပွဲပြီးပြီးချင်း လန်ဒန်ကနေ ထွက်ခွာရမှာပါ။ ကျွန်တော့်ကို သူတို့က လက်ခံနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်ကလည်း ကျွန်တော့်ရဲ့သရုပ်မှန်ကို ဘယ်တော့မှ ပြင်မှာမဟုတ်ပါဘူး”ဟု ပြောကြားခဲ့သည်။

မန်ချက်စတာတွင် ထိုးသတ်မည့်ပွဲနှင့်ပတ်သက်၍ ကလစ်ချ်ကိုသည် ၎င်း၏ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Instagram တွင် မန်ချက်စတာစီးတီးဘောလုံးအသင်း၏အင်္ကျီကို ဝတ်ဆင်ပြခဲ့ပြီး မန်ချက်စတာယူနိုက်တက်အသင်း၏ မြို့ခံပြိုင်ဘက်ကို အနိုင်ယူမည်ဟုရေးသားဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုင်ဆန်ဖူရီသည် ၎င်း၏လက်ဝှေ့သမားဘဝ သက်တမ်းအတွင်း ၂၅ ပွဲ ထိုးသတ်ခဲ့ရာ ၂၅ ပွဲစလုံး အနိုင်ရရှိခဲ့ပြီး အလဲထိုးပွဲမှာ ၁၈ ပွဲရှိခဲ့သည်။

အသက် ၄၀ အရွယ်ရှိပြီဖြစ်သည့် ဝလာဒီမာကလစ်ချ်ကိုသည် ၎င်း၏ လက်ဝှေ့သမား သက်တမ်းအတွင်း ၆၈ ပွဲ ထိုးသတ်ခဲ့ရာ ၆၄ ပွဲအနိုင်ရရှိခဲ့ပြီး လေးပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ၎င်းသည် အလဲထိုးပွဲပေါင်း ၅၃ ပွဲအထိရှိနေပြီဖြစ်သည်။




# ၂၀၁၆ ဝင်ဘာယ်ဒန်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုကြေး ပေါင် နှစ်သန်းအထိ တိုးမြှင့်ရရှိမည်

၂၀၁၆ခုနှစ်အတွင်းကျင်းပမည့် ဝင်ဘာယ်ဒန်တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ များ၏ တစ်ဦးချင်းပွဲစဉ်များတွင် ချန်ပီယံ ဆုကြေးများကို ပေါင်နှစ်သန်းအထိတိုးမြှင့်လိုက်ကြောင်း ဘီဘီစီသတင်းတစ် ရပ်တွင် ဖော်ပြထားသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားအမျိုး သမီးတစ်ဦးချင်း တင်းနစ်ပွဲစဉ်များတွင် ချန်ပီယံဖြစ်သည့်တင်းနစ်ကစားသမား တစ်ဦးလျှင် ပေါင် နှစ်သန်းရရှိမည်ဖြစ်ပြီးစုစုပေါင်းဆုကြေးပမာဏမှာ ပေါင် ၂၈ ဒသမ ၁သန်းဖြစ်လာခဲ့သည်။

၂၀၁၅ခုနှစ် ဝင်ဘာယ်ဒန်တင်းနစ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချီးမြှင့်သည့် စုစုပေါင်း ဆုကြေးငွေပမာဏမှာ ပေါင် ၂၆ ဒသမ ၇၅သန်းသာရှိခဲ့ရာ ယခုနှစ်တွင် ပေါင် ၁ ဒသမ ၃၅သန်းတိုးမြှင့်ပေးခဲ့ ကြောင်းအဆိုပါသတင်းတွင်ဖော်ပြထားသည်။

ယခုနှစ်တွင်ကျင်းပမည့် ဝင်ဘာယ် ဒန်တင်းနစ်ပြိုင်ပွဲတွင် မသန်စွမ်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ဝှီးချဲ တစ်ဦးချင်းပြိုင်ပွဲများကို စတင်ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ခုနှစ်က တစ်ဦးချင်းပြိုင်ပွဲ များ ပါဝင်ခြင်းမရှိခဲ့ဘဲ နှစ်ယောက်တွဲပြိုင်ပွဲများကိုသာ ထည့်သွင်းကျင်းပခဲ့ သည်။ အဆိုပါနှစ်ယောက်တွဲပြိုင်ပွဲများတွင် ချန်ပီယံရရှိသည့်ကစားသမားနှစ် ဦးအား တစ်ဦးလျှင် ပေါင် ၆၄၀၀၀ ချီးမြှင့်ပေးခဲ့သည်။

သို့သော် ယခုနှစ်တွင် စတင်ထည့်သွင်းကျင်းပမည့် ဝှီးချဲတစ်ဦးချင်းပြိုင်ပွဲများတွင်ချန်ပီယံဆုရရှိသည့်ကစားသမားအား ဆုကြေး ပေါင်နှစ်သိန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။




# ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် တိုက်ဂါးဝုဒ် စာရင်းပေးသွင်း

အဓိကဖလားဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ၁၄ ကြိမ်အထိ ဖလားများရယူနိုင်ခဲ့သည့် အမေရိကန်နိုင်ငံသား ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်သည် ယခုနှစ်တွင်ကျင်းပမည့် ယူအက်စ်အိုးပင်းဂေါက်သီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့ကြောင်းသိရသည်။ တိုက်ဂါးဝုဒ်သည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း နိုင်ပွဲမရရှိခဲ့ချေ။

အဆိုပါပြိုင်ပွဲသည် ၂၀၁၅ ခုနှစ်အတွင်း ၎င်းနောက်ဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲတစ်ပွဲလည်းဖြစ်သည်။ တိုက်ဂါးဝုဒ်သည် ၎င်းခံစားနေရသည့် နောက်ကျောဒဏ်ရာကို သုံးကြိမ်တိတိ ခွဲစိတ်ကုသမှုခံယူပြီးနောက် အနားယူလျက်ရှိသည်။

သို့သော်လည်း ၎င်းအနေဖြင့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည်ဟုစာရင်းပေးသွင်းထားသော်လည်း ဇွန်လ ၁၆ရက်တွင် Okamount ၌ကျင်းပမည့် ဒုတိယမေဂျာဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အာမ မခံနိုင်ကြောင်း ၎င်း၏ကိုယ်စားလှယ်ဖြစ်သူ မာ့ခ်စတိန်းဘတ်ဂ်ကပြောကြားခဲ့သည်။

“စာရင်းသွင်းတယ်ဆိုတာ လုပ်ရိုးလုပ်စဉ်တစ်ခုလိုမျိုးလုပ်တာပါ”ဟု ၎င်းက ESPN သို့ ပြောကြားခဲ့သည်။

# အင်းစ်အတွက် နစ်နာကြေးအဖြစ် လီဗာပူးအသင်းက ဘန်လေအသင်းကို စတာလင်ပေါင် ခြောက်သန်းခွဲ ပေးချေရမည်

အလွတ်ဈေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း ဒန်နီအင်းစ်အတွက် လီဗာပူးလ်အနေဖြင့် ဘန်လေအသင်းအား နစ်နာကြေး စတာလင်ပေါင် ၆ ဒသမ ၅ သန်းပေးချေရတော့မည်ဟု သိရှိရသည်။

အသက်၂၃ နှစ်အောက် အင်္ဂလိပ်ကစားသမားတစ်ဦးသည် စာချုပ်သက်တမ်း ပြည့်သွားသော်လည်း ပြည်တွင်းကလပ်အချင်းချင်း ကူးပြောင်းမှုတွင် မိခင်ကလပ်အတွက် နစ်နာမှုရှိကြောင်း သတ်မှတ်ချက်ဖြင့် လီဗာပူးလ်က ယခုကဲ့သို့ ပြောင်းရွှေ့ကြေး ပေးချေရခြင်းဖြစ်သည်။

မန်ချက်စတာမြို့တွင် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများ နစ်နာကြေးဆိုင်ရာ ကော်မတီဝင်များနှင့် ကလပ်အသင်းနှစ်သင်းမှ ကိုယ်စားလှယ်များ တက်ရောက်ပြီးနောက် ယခုအပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။




လီဗာပူးလ်သည် အင်းစ်၏ ပါဝင်ကစားမှု ပွဲအရေအတွက်ကိုအခြေခံကာ နောက်ထပ် စတာလင်ပေါင် ၁ ဒသမ ၅ သန်းကိုလည်းပေးချေရမည်ဖြစ်ပြီး အင်းစ်ကို ရောင်းထုတ်ချိန်တွင် ရရှိမည့် ပြောင်းရွှေ့ကြေးအနက် ၂၀ ရာခိုင်နှုန်းကိုလည်း ဘန်လေထံခွဲဝေပေးရမည်ဟု ဆိုသည်။

အင်းစ်သည် ဘန်လေအသင်း တန်းဆင်းသွားပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ ယခုရာသီအစပိုင်းက လီဗာပူးသို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ သို့သော် ပြောင်းရွှေ့ကြေး တစ်ပြားတစ်ချပ်မှ မရခဲ့သဖြင့် ဘန်လေအသင်းက တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့တိုင်ကြားမှုကြောင့် ကော်မတီဖွဲ့၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အင်းစ်သည် လီဗာပူးကစားသမားဘဝ အစပိုင်းတွင် ခြေစွမ်းပြနိုင်သော်လည်း ဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူနေရသည်။ ၎င်း၏ နစ်နာကြေးကိစ္စသည်မန်ချက်စတာစီးတီးထံမှ ဒန်နီရယ်လ်စတားရစ်ချ်ကို ချဲလ်ဆီးခေါ်ယူချိန်က ပေးချေရသည့် နစ်နာကြေးပမာဏ စံချိန်ကိုကျော်လွန်ခဲ့သည်။

# ဟားခါးမြို့အတွင်းရှိ နွေရာသီ Sunday School ကလေးသူငယ်များ သင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဧပြီလ ၁၀ ရက်နေ့တွင် မာရာနှစ်ခြင်းခရစ်ယာန် အသင်းတော် ဘုရားကျောင်း၊ Sunday School ၌ လည်းကောင်း၊ ဧပြီလ ၁၇ ရက်တွင် မာရာဧဝံဂေလိ အသင်းတော်ဘုရားကျောင်း၊ နွေရာသီ Sunday School ကလေးသူငယ်များသင်တန်း၌ လည်းကောင်း၊ Sunday School သင်တန်း သားကလေးငယ်တို့အား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ သွား ရောက်ဆောင်ရွက်ခဲ့ပါသည်။

အသိပညာပေး ဟောပြောဆွေးနွေးခဲ့ရာတွင် Sunday School ဆရာ/ဆရာမ သုံးဦး၊ Sunday School ကလေး ၃၈ ဦး၊ စုစုပေါင်း ၄၁ ဦးတို့တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင် ၃၀ စောင်၊ ကျန်းမာရေးဝန်ကြီးဌာနက စားသုံးရန်မသင့် ကြေညာထားသော မြေပဲဆီများစာရင်းအစောင် ၃၀ နှင့်၊ စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ ဥပဒေမူကြမ်းစာအုပ် ၁၀ အုပ်တို့ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

ထိုဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဌာနခွဲမှ ဒေါ်ဒေါ်ကြယ်က စားသုံးသူအ ကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ နေ့စဉ်စားသုံးသင့်သော အစားအစာ များနှင့် လူတို့၏ ကျန်းမာရေးအကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

**ဒေါ်ကြယ်(စားသုံးသူ)၊ ဟားခါးမြို့**

# ကယားပြည်နယ်၊ အမှတ်(၃၅၆)အမြောက်တပ်ရင်း၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန ကယားပြည်နယ်၊ ပြည်နယ် ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ် ပေးရေးအသိပညာပေး ဟောပြောပွဲ များကို စဉ်ဆက်မပြတ် ကြိုးစားလျက် ရှိရာ ဧပြီ ၂၇ ရက်တွင် အမှတ်(၃၅၆) အမြောက်တပ်ရင်းသို့ သွားရောက် ဟောပြောခဲ့သည်ဟု သတင်းရရှိပါ သည်။

ဟောပြောဆွေးနွေးပွဲတွင် အစား အသောက်များကြောင့် ထိခိုက်နစ်နာ မှုများ၊ အေးခဲအသားများ၊ ယင်မနား ဆေးသုံးစွဲထားသော ငါးပိ၊ငါးခြောက် များနှင့် မြောင်းဆီများအကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။ FDA မှ စမ်းသပ်စစ်ဆေးပြီး စားသောက်ရန် မသင့်သော အစားအသောက်များ အကြောင်းကိုလည်း အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့သည်။

အသီးအရွက်များကို မစား သောက်မီ (မိနစ်အနည်းငယ်)ဆားရည် နှင့်စိမ်၍ စားသောက်စေလိုကြောင်း ဆားရည်ဟာ ဓာတုပစ္စည်းများ၏ ဓာတ် ကိုပြယ်စေကြောင်း တိုက်တွန်းပြော ကြားခဲ့သည်။

ဆက်လက်၍ မိမိတို့ဌာန၏ရှေ့ ဆက်မည့် လုပ်ငန်းစဉ်များအကြောင်း ကို အကျဉ်းချုပ်ရှင်းလင်း၍ စားသုံးသူ များ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသောက်နိုင်ရေးကို အစဉ်ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယား ပြည်နယ်အတွင်းရှိလူဦးရေ ရာနှုန်း ပြည့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာတိုးပွားစေရန် ဟောပြောပွဲ များ ဆက်လက်ပြုလုပ်သွားမည်ဟု သတင်းရရှိပါသည်။

**လွင်ကိုအောင်-လှိုင်ကော်**

# မပါရင်မဖြစ်တော့ဘူးလား




ရန်ကုန်တိုင်းဒေသကြီး၊ခရမ်း မြို့နယ်တွင် စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၌ မြို့နယ် ခန်းမတွင် ကျေးလက်အုပ်ချုပ်ရေးမှူး များအား အကာအကွယ်ပေးရေး လုပ်ငန်းကို ပထမအကြိမ် ဆောင်ရွက် ပေးခဲ့ပြီးဖြစ်သလို ၂၀၁၅-၂၀၁၆ ခုနှစ်၌ မြို့နယ်အထက်တန်းကျောင်း တွင် မြို့ပေါ်ရှိ ကျောင်းအုပ် ဆရာ/ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ ကျင်းပပြုလုပ်သည့်အထက်တန်းကျောင်း အမှတ်(၂)မှ ကျောင်းသူ ကျောင်းသား များအား စားသုံးသူအကာအကွယ်ပေး ရေးလုပ်ငန်းများကို ဒုတိယအကြိမ် အဖြစ် ဟောပြောပွဲများ၊ လက်ကမ်းစာ စောင်များ ဖြန့်ဝေပေးခြင်း ဦးစီးဌာန၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များကို မြို့နယ်ရှိ အုပ်ချုပ် ရေးမှူး၊ ကျန်းမာရေးမှူး၊ ပညာရေးမှူး များနှင့်တကွ ရန်ကုန်တိုင်းစားသုံးသူ ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ က အကောင်အထည်ဖော် ပညာပေး ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ခရမ်း မြို့နယ်မှ တာဝန်သိပြည်သူ တစ်ဦးက ခရမ်းမြို့မဈေးအတွင်း တရုတ်နိုင်ငံမှ တင်သွင်းသော အချိုမှုန့် (ဟင်းခတ်မှုန့်)များကို အထိန်းအသိမ်း မဲ့စွာ ရောင်းချနေခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်း စားသုံးသူရေးရာဦးစီးဌာန သို့ ဧပြီ ၁ ရက်က ဆက်သွယ်တင်ပြလာ သည့်အတွက် ရန်ကုန်တိုင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်း သိန်းနှင့် ခရိုင်ဦးစီးမှူး ဦးရွှေဖြူတို့ ပါဝင်သော အဖွဲ့ဖြင့် ခရမ်းမြို့နယ်ရှိ အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဝေဖြိုးကျော်၊ ကျန်းမာရေးမှူး ဦးမင်း သွင်နှင့် စည်ပင်သာယာဦးစီးဌာနမှ တာဝန်ရှိပြည်သူများနှင့် ပူးပေါင်း၍ ခရမ်းဈေးအတွင်း ရောင်းချနေသော အချိုမှုန့်(ဟင်းခတ်မှုန့်)များကို နမူနာ အဖြစ် တစ်ဆိုင်လျှင် ၅၀၀ ဂရမ်ခန့် နမူနာဝယ်ယူခြင်း၊ရောင်းချသော ဆိုင်ရှင် နှင့် ဝယ်ယူနေသော ဈေးဝယ်ပြည်သူ တို့အား အချိုမှုန့်(ဟင်းခတ်မှုန့်)စား ခြင်းနှင့်ပတ်သက်၍ အန္တရာယ်ရှိ ကြောင်း၊ မစားသင့်ကြောင်း၊ ဈေး အတွင်း လမ်းလျှောက်ပညာပေး ဆောင်ရွက်ခဲ့ပါသည်။သို့ပါသော်လည်း စားသုံးသူရှိရင် ရောင်းချရမှာပါပဲ တင်သွင်းသူရှိမှလည်း ရောင်းချလို့ရမှာ လို့ ရောင်းချသူ ဈေးသည်က ပြန်လည် ပြောသလို ဝယ်သူများအနေဖြင့် ဒါမှ မပါလျှင် ဟင်းမဖြစ်သလို ခံစားရပြီး ဟင်းအိုးတင်မက၊ ငါးပိရည်တောင် အချိုမှုန့်ခတ်ပြီး ငရုတ်သီးမှုန့်နဲ့ စားရင် ဖြစ်တယ်ဆိုတဲ့ ပြည်သူများ၏ ရင်တွင်း ဖြစ်စကားများကို ကြားသိခဲ့ရပါသည်။

ထို့ကြောင့် တာဝန်ရှိသူပြည်သူ တစ်ဦးအနေဖြင့် မိမိမြို့နယ်ရှိ ပြည်သူ များ အဆိပ်မှုန့်ကို စားသုံးပါက သွေး တိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ စသည့်ဝေဒနာများ ကို စွဲကပ်ခံစားရမည်ကို စိုးရိမ်စိတ်ကြီး စွာဖြင့် တင်ပြလာခြင်းဖြစ်သော်လည်း အချိုမှုန့်သည် တရားဝင်တင်သွင်းခွင့်ပြု ထားသော သွင်းကုန်ပစ္စည်းဖြစ်နေတဲ့ အတွက် ခရမ်းမြို့နယ်ရှိ ပြည်သူများ အနေဖြင့် အချိုမှုန့်(ဟင်းခတ်မှုန့်) စားသုံးမှီဝဲခြင်းမပြုရန်၊ အချိုမှုန့်(ဟင်း ခတ်မှုန့်)နှင့်ပတ်သက်၍ ဟောပြောပွဲ များ လက်ကမ်းစာစောင်များ ဖြန့်ဝေ မှုများ ဆောင်ရွက်သင့်ကြောင်း အကြံ ပေးဆောင်ရွက်ခဲ့ကြသည်ဟု သတင်း ရရှိပါသည်။

**သိန်းမြင့်၊သန်လျင်**



# မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များအား ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးဆွေးနွေး

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် မွန်ပြည်နယ်အတွင်းရှိမြို့နယ် များမှ ဈေးများ၊ စတိုးဆိုင်များအား သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့ အစည်းများဖြင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဧပြီ ၂၆ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော် မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဈေးဆိုင်များနှင့် လမ်းဘေး ဝဲယာတစ်လျှောက် စတိုးဆိုင်များ၊ ဆေးဆိုင်များ၊ မုရစ်ကလေးကျေးရွာအုပ်စုနှင့် ကမာကေးကျေးရွာများမှ ဈေးဆိုင်များနှင့် စတိုးဆိုင်များသို့လည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်သော ဝန်ထမ်းများနှင့် ဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သံလွင်ဈေးနှင့် ဈေးပတ်ဝန်းကျင်ရှိ စတိုးဆိုင်များနှင့် ဆေးဆိုင်များသို့လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးဦးဆောင်သော ဝန်ထမ်းများ၊ ဈေးတာဝန်ခံဦးမြသန်းနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များသည် မော်လမြိုင် မြို့ မင်္ဂလာဈေး (ကုလားဈေး) သို့လည်းကောင်း စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ၊ လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ အကြောင်း လက်ကမ်းစာစောင်များ၊ ရောင်စုံပုံနှိပ်စာစောင်များဝေငှပြီး အသိပညာ ပေးဆွေးနွေး ခြင်း၊ တားမြစ်ထားသော ကုန်စည်များအား မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဖြင့် မီးရှို့ဖျက်ဆီးရန် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်ရာတွင် ဈေးဆိုင်ပိုင်ရှင်များ၊ စတိုးဆိုင် ပိုင်ရှင်များ၊ ဆေးဆိုင်ပိုင်ရှင်များ ၊ ဈေးသူဈေးသားများ နှင့် အကျိုးတော်ဆောင်အဖွဲ့ဝင်များမှ ယခုကဲ့သို့လာရောက် စစ်ဆေး၍ အသိပညာ ပေးရှင်းလင်းဆွေးနွေးခြင်းဖြင့် တားမြစ်ကုန်စည်များ၏ ဘေးအန္တရာယ်ဆိုးကျိုးများ ပိုမိုသိရှိ၍ မကြာခဏ လာရောက်ဆွေးနွေးပေးပါရန်နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါတယ်။

**နေဇင်သက် - မွန်**



# မဟာအောင်မြေမြို့နယ်ဘုရားကြီးဈေးတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ကွင်းဆင်းဆောင်ရွက်မှုပြုလုပ်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် ဈေးအတွင်း ရောင်းချနေသည့် လူသုံးကုန်၊ စားသောက်ကုန်များအား ကွင်းဆင်းစစ်ဆေးခြင်းကို မဟာအောင်မြေမြို့နယ် ဘုရားကြီးဈေးတွင် ဧပြီ ၂၅ ရက်၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ ဦးတင်အောင်ကျော် (ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများ၊ တိုင်းပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။

ဟောပြောပွဲ အခမ်းအနားအား မဟာအောင်မြေမြို့နယ်၊ ဘုရားကြီးဈေးရှိ ဓမ္မာရုံ၌ နံနက်ပိုင်းက စတင်ကျင်းပခဲ့ရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက အဖွင့်အမှာ စကားပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးဦးဇော်မင်းက "စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ အစားအစာများ စားသုံးခြင်း၏နောက်ဆက်တွဲဆိုးကျိုးများ၊ အာဟာရဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ခွဲခြားသိရှိ ရွေးချယ်စားသုံးတတ်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါတယ်။

"ကျန်းမာရေးနှင့်ပတ်သက်သော သိကောင်းစရာအကြောင်း" ခေါင်းစဉ်ဖြင့် တိုင်းပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်နှင်းသွယ်အေးက ဆွေးနွေးရာတွင် စားသောက်ကုန်ပစ္စည်းများကြောင့် မိမိတို့၏လူမျိုးများသက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် ပြုမူနေထိုင်နိုင်ရန်၊ အစားအသောက်များကို ရွေးချယ်စားသောက်တတ်စေရန်နှင့် ကျန်းမာရေးအသိ သတိရှိစေရန် အတွက် ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ/ ဈေးသားများနှင့် စိတ်ပါဝင်စားသူ ၂၀၀ ဦးခန့်တက်ရောက်ခဲ့ပြီး ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေသော "စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာ"လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပါတယ်။ ထို့နောက် အဆိုပါ ဈေးအတွင်းစားသုံးရန် မသင့်သည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ လှည့်လည် စစ်ဆေးရာတွင် စားသုံးသူ ရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးအကျိုးတော်ဆောင် ကော်မတီဝင်များလိုက်ပါစစ်ဆေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စိုးအောင် - မန္တလေး**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဧပြီလ ၂၆ ရက်၊ နေ့လယ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး သင်တန်းခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။




ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာ၌ စားသုံးသူ အခွင့်အရေးများ ရယူနိုင်ရေး၊ စားသုံးသူ၏တာဝန်များကို လိုက်နာဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းကိုစီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်နိုင်ရေး၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်က စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် အစားအသောက်နှင့်ဆေးဝါးများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက်ပြည်ပမှတင်သွင်းရာတွင် စိစစ်ထောက်ခံချက်ထုတ်ပေးမှု၊ ပြည်တွင်းထုတ်ကုန်များကို စိစစ်ခွင့်ပြုချက်ထုတ်ပေးမှု၊ ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးနောက်ပိုင်း ကုန်ပစ္စည်းများကို ဈေးကွက်ထောက်လှမ်းရေးဆောင်ရွက်နေမှု၊ စားသုံးသူပြည်သူများအနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ခွင့်ပြုထောက်ခံချက်ပါရှိတဲ့ ကုန်စည်များကို ဦးစားပေး ရွေးချယ်သုံးစွဲရေးတို့ကို ဆွေးနွေးပြောကြားခြင်း၊ ကျောက်တံတားမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မြသက်ဝင်းက မြို့နယ်အတွင်းရှိကျောင်းများ၊ ဈေးများမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်များ ရောင်းချရေး၊ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ မရောင်းချရေး၊ သတ်မှတ် စည်းကမ်းများနှင့်အညီ ရောင်းချရေးတို့ကို စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများနှင့် လိုက်နာဆောင်ရွက်သွားရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲကို လေ့လာသုံးသပ်ကြည့်ပါက ဟောပြောဆွေးနွေးခဲ့ကြသည့် ဌာနများက စားသုံးသူပြည်သူများအတွက် ဆောင်ရွက်နေမှုများ၊ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနဲ့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဆွေးနွေးပွဲမှ ရရှိခဲ့တဲ့ စားသုံးသူကာကွယ်ရေး ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို မိမိတို့၏မိသားစု၊ ပတ်ဝန်းကျင်များတွင် ထပ်ဆင့်ဖြန့်ဝေပေးခြင်း၊ ပူးပေါင်း ပါဝင်ခြင်း၊ လိုက်နာလုပ်ဆောင်ခြင်းများ ဆောင်ရွက်လာကြမည် ဖြစ်သည့်အတွက် ကျောက်တံတားမြို့နယ် အတွင်းရှိ စားသုံးသူပြည်သူများ၊ ကျောင်းသား/ကျောင်းသူများအားလုံး ဘေးကင်း လုံခြုံတဲ့ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲလာနိုင်ခြင်း၊ ဥပဒေ၏ အကာအကွယ်ပေးမှုများကို ရရှိလာမည်ဖြစ်ခြင်းတို့ကြောင့် ထိုက်သင့်တဲ့အောင်မြင်မှုများရရှိခဲ့တဲ့ဟောပြောဆွေးနွေးပွဲ တစ်ခုဟု ဆိုရမှာဖြစ်ပါတယ်။

ထိုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲဆောင်ရွက်နေသလို တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်ဦး စီးမှူးရုံးမှလည်း တွံတေးမြို့နယ် တမံကြီးကျေးရွာ၊ ကော့မှူးမြို့နယ် တောင်ဂျောင်ကျေးရွာတို့တွင်လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်တွင်လည်းကောင်း၊ လှည်းကူးခရိုင်ဦးစီးမှူးရုံးမှလည်း လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး တွင်လည်းကောင်း၊ ထန်းတပင်မြို့နယ် (၁) ရပ်ကွက်တွင်လည်းကောင်း၊ မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ သန်လျင်ခရိုင်ဦးစီးမှူးရုံးမှလည်း သုံးခွမြို့နယ် သုံးခွ အနောက်ကျေးရွာ၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာဈေးတို့တွင်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဧပြီလ ၂၅ ရက်မှ ၂၉ ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသဖြင့် ယခုကဲ့သို့ စဉ်ဆက်မပြတ်ဆောင်ရွက်မှုများ ကြိုးပမ်းလုပ်ဆောင်သွားမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၏ အကာအကွယ်ပေးမှုကို ရရှိခံစားနိုင်ရေးအတွက် ကုန်စည်၊ ဝန်ဆောင်မှုများကို ဥပဒေနှင့်အညီ ရွေးချယ်ဝယ်ယူစားသုံးလာသည့်အလေ့အထကောင်းများ ရရှိလာမည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါတယ်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# ဒေသဆိုင်ရာကိုယ်ပိုင်လက္ခဏာတစ်ရပ်ထူထောင်မြှင့်တင်ဖို့ အာဆီယံသတင်းသမားများကြိုးပမ်း

အာဆီယံဒေသရဲ့ ကိုယ်ပိုင်လက္ခဏာတစ်ရပ်ကို ထူထောင်နိုင်ရေးကို ရည်ရွယ်လျက်သတင်းဖြန့်ဝေမှုလုပ်ငန်းနယ်ပယ်အသီးသီးမှာ ဆောင်ရွက်နေသူတို့ ပါဝင်တဲ့ ဒေသဆိုင်ရာဖိုရမ်တစ်ခုကို အရှေ့တောင်အာရှဒေသမှ သတင်းသမားတို့က ထူထောင်ကြမှာဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းက မိမိတို့တစ်နိုင်ငံချင်းစီရဲ့အလေးပေးမှုအရ သတင်းများကို ဖော်ပြပေးလျက်ရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာ အာဆီယံတစ်ခုလုံးရဲ့အမြင်ကို အစားထိုးပြီး သတင်းများ ထုတ်ပြန်နိုင်ဖို့အတွက် အာဆီယံဒေသတွင်းရှိ သတင်းသမားများကို စုစည်းဖို့ ဒီဖိုရမ်က ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

“အာဆီယံ မီဒီယာဖိုရမ်က အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် ကောင်းမွန်တဲ့အခွင့်အလမ်းတစ်ခုဖြစ်မှာပါ။ ဒီဖိုရမ်က ဘက်မလိုက်ဘဲရပ်တည်သွားမှာဖြစ်ပြီး နိုင်ငံရေး အာဘော်တစ်ခုအဖြစ် ဆောင်ရွက်သွားမှာ မဟုတ်ပါဘူး။ ဒီဖိုရမ်ကနေ အာဆီယံအကြောင်း ရေးသားဖော်ပြလိုတဲ့ သတင်းသမားများကို အဆက်အသွယ်လုပ်ပေးသွားမှာဖြစ်ပါတယ်”လို့ အရှေ့တောင်အာရှ သတင်းစာလုပ်ငန်းများ မဟာမိတ်အဖွဲ့ (Southeast Asia Press Alliance-Seapa) ဥက္ကဋ္ဌနဲ့တည်ထောင်သူ ကာဗီ ချုံကစ်တာဗွန်က ဂျကာတာမှာ ကျင်းပတဲ့ဆွေးနွေးပွဲတစ်ခုမှာ ပြောပါတယ်။

အာဆီယံ အသိုက်အဝန်းတစ်ခု ထူထောင်ရေး အမြင်ဘက်ကနေဖော်ပြမယ့်မီဒီယာတွေ ပေါ်ထွန်းလာမယ်ဆိုရင် ဒေသတွင်း မှာရှိတဲ့လူတွေမှာလည်း စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ်တွေ ပိုမိုခိုင်မာလာမှာဖြစ်ကြောင်း ချုံကစ်တာဗွန်က ပြောပါတယ်။ အာဆီယံသတင်းတွေကိုလည်း မော်ကွန်းတင်ထိုက်တဲ့ သတင်းတွေဖြစ်ဖို့နဲ့ အနာဂတ်ကာလမှာ လူတွေ အလွယ်တကူ သိရှိနိုင်အောင်ဆောင်ရွက်ဖို့ သူကတိုက်တွန်းပါတယ်။

“အာဆီယံ အသိုက်အဝန်းကို တည်ထောင်ခဲ့တာ လေးလရှိပါပြီ။ ဒါပေမယ့်ကျွန်တော်တို့တတွေ ဘာတွေလုပ်နိုင်ခဲ့သလဲ။ အာဆီယံသတင်းတွေအချိန်နဲ့ တစ်ပြေးညီရရှိပြီး အလွယ်တကူသိရှိနိုင်အောင် စုစည်းဖော်ပြပေးနိုင်မယ့်နေရာ တစ်ခုရှိဖို့လိုနေပါပြီ”လို့ The Jakarta Post သတင်းဌာနက စည်းရုံးဆောင်ရွက်ပြီး ဧပြီ ၂၇ ရက်က ကျင်းပခဲ့တဲ့ဆွေးနွေးပွဲမှာ ချုံကစ်တာဗွန်ကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဒဗလျူတီအို ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေး သဘောတူစာချုပ်ကို ဖီဂျီနိုင်ငံက အတည်ပြု

ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (Trade Facilitation Agreement-TFA) အရပေးထားတဲ့ ကတိကဝတ်တွေကို ဖီဂျီနိုင်ငံက ဇွန်လမှာအတည်ပြုတော့မယ်လို့ ဧပြီ ၂၆ ရက်ကဖီဂျီ အဆင့်မြင့်အစိုးရအရာရှိတစ်ဦးက ပြောကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

သဘောတူစာချုပ်ကို အတည်ပြုပေးလိုက်တာနဲ့တစ်ပြိုင်နက်စာချုပ်ပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်မဖော်ရင် စာချုပ်ပါအတိုင်းဥပဒေအရ အရေးယူဆောင်ရွက်မှုတွေရှိလာမှာဖြစ်ကြောင်း အဆိုပါကိစ္စနဲ့သက်ဆိုင်သူများနဲ့တွေ့ဆုံဆွေးနွေးပွဲမှာ စက်မှု၊ ကုန်သွယ်ရေးနဲ့ ခရီးသွားလုပ်ငန်းအမြဲတမ်းအတွင်းဝန်ရှာဟင်းအလီက ပြောပါတယ်။

“ဖီဂျီနိုင်ငံမှာ ဒီကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို အကောင်အထည် ဖော်မယ်ဆိုရင် ကုန်သွယ်မှုစွမ်းဆောင်ရည်ကို တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ပြီး စီးပွားရေးလုပ်ငန်းတွေရဲ့ ကုန်ကျစရိတ် ကိုလျှော့ချနိုင်မယ့်အပြင် ပေါင်းစပ်ညှိနှိုင်းမှုနဲ့ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်နဲ့ နှောင့်နှေးကြန့်ကြာမှုတွေကို ကျဆင်းသွားစေနိုင်မှာ ဖြစ်ပါတယ်”လို့ အလီကပြောပါတယ်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်က ကမ္ဘာ့ကုန်သွယ်ရေးရဲ့ စွမ်းဆောင်ရည်နဲ့ ပမာဏကို တိုးတက်ကောင်းမွန်စေပြီး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ဝင်နိုင်ငံတွေရဲ့ အလုပ်အကိုင်ရရှိနိုင်မှုအလားအလာတွေနဲ့ ဝင်ငွေကိုလည်းမြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

“ဒီကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကိုအကောင်အထည်ဖော်ခြင်းဖြင့် ဖီဂျီနိုင်ငံရဲ့ နယ်စပ်ဒေသ အေဂျင်စီတွေရဲ့ စွမ်းဆောင်ရည်တိုးတက်လာမယ်ဆိုပေမယ့် သဘောတူစာချုပ်ကို အကောင်အထည်ဖော်တဲ့အခါ နိုင်ငံစုံအဆင့်ပေးထားတဲ့ ဥပဒေရေးရာကတိကဝတ်တွေကို ဖီဂျီနိုင်ငံက လိုက်နာရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လုပ်ပါမယ်လို့ပြောထားတာကို အကောင်အထည်မဖော်နိုင်ဘူးဆိုရင် ဥပဒေကြောင်းအရ စိန်ခေါ်မှုတွေ ရှိလာနိုင်ပါတယ်”လို့ အလီကပြောပါတယ်။

## သယ်သူပို့ဆောင်ရေးစီမံကိန်းကိစ္စများဆွေးနွေးရန် အာဆီယံ သယ်ယူပို့ဆောင်ရေးအရာရှိများ မနီလာမြို့တွင် တွေ့ဆုံ




အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)မှ သယ်ယူပို့ဆောင်ရေးအရာရှိတစ်ရာကျော်တို့က ဧပြီ ၂၆ ရက်မှာတွေ့ဆုံပြီး ဒေသတွင်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးမယ့် သယ်ယူပို့ဆောင်ရေးစီမံကိန်းများအကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း ဖိလစ်ပင်းဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။ ဖိလစ်ပိုင်နိုင်ငံဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ တာဝန်ယူမှုဖြင့် ဖိလစ်ပိုင်နိုင်ငံက (၄၁) ကြိမ်မြောက်အကြီးတန်းသယ်ယူပို့ဆောင်ရေးအရာရှိများအစည်းအဝေး (41st Senior Transport Officials Meeting-STOM) ကို ဧပြီ ၂၈ ရက် အထိကျင်းပပေးခဲ့ပါတယ်။

အာဆီယံ သယ်ယူပို့ဆောင်ရေးကဏ္ဍက ဒေသတွင်းစီးပွားရေးပေါင်းစည်းရေးရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ်စီမံကိန်းသစ်များကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကလည်းအဖွဲ့ဝင် ၁၀ နိုင်ငံတို့က ကွာလာလမ်ပူ သယ်ယူပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) ကို ရေးဆွဲချမှတ်ခဲ့ပါတယ်။ ချမှတ်ထားတဲ့ စီမံကိန်းထဲမှာ ဆက်သွယ်ရေး၊ စွမ်းဆောင်ရည်၊ ပေါင်းစည်းရေး၊ ဘေးကင်းလုံခြုံရေးနဲ့ အာဆီယံသယ်ယူပို့ဆောင်ရေး ရေရှည်တည်တံ့ကောင်းမွန်ရေးစတဲ့အချက်တွေကို အလေးပေးဖော်ပြထားပါတယ်။

ဒီစီမံကိန်းမှာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းသွားလာရေး၊ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့လုပ်ငန်းစဉ်တွေကို ချမှတ်ထားပေးပြီး ဖြစ်ပါတယ်။

အစည်းအဝေးမှာ ဖိလစ်ပိုင်ဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးရှုရီလိုက်ဘိုနီဖာက ဧပြီ ၁၅ ရက်ကအတည်ပြုခဲ့ပြီးဖြစ်တဲ့ အာဆီယံလွတ်လပ်တဲ့ကောင်းကင် သဘောတူစာချုပ် (ASEAN Open Sky Agreement) ကို ချီးကျူးပြောကြားခဲ့ပါတယ်။

ဖော်ပြပါသဘောတူညီချက်အရ အဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေကြောင်းသွားလာမှုကို ဖြေလျှော့မှုများဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းလေကြောင်းသွားလာမှု ဖွံ့ဖြိုးလာစေနိုင်မယ်လို့ ရည်မှန်းထားပါတယ်။ လေကြောင်းမူဝါဒအရ အာဆီယံမြို့တော်များအချင်းချင်းတိုက်ရိုက်ခရီးစဉ်များကို ခွင့်ပြုပြီးဒေသတွင်းကုန်သွယ်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ကျွဲနွားတိရစ္ဆာန်ရောဂါများနဲ့ ပတ်သက်တဲ့သတင်းမျှဝေမှုကို တိုးမြှင့်ဆောင်ရွက်ရန် ဂျီ-၇ နိုင်ငံတို့ ကတိပြု

ဂျီ-၇ နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများက ကမ္ဘာ့အစားအစာဖူလုံရေးကိစ္စကို နှစ်ရက်ကြာ ဆွေးနွေးလျက်ရှိရာ ဖော်ပြပါဆွေးနွေးပွဲမှာ ကျွဲနွားတိရစ္ဆာန်ရောဂါများနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်များ မျှဝေပေးတဲ့လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ဖို့ သဘောတူခဲ့ကြကြောင်း အာရှနိကေးသတင်းမှာ ဖော်ပြပါတယ်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ အစားအစာဖြန့်ဖြူးမှုအဟန့်အတားများ ကို ဖြေရှင်းရာမှာ အမျိုးသမီးတွေနဲ့ လူငယ်တွေပိုမိုပါဝင်လာအောင် ဆွဲဆောင်ဖို့လိုအပ်ကြောင်းကိုလည်း ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုတို့မှ တက်ရောက်လာကြတဲ့ ဝန်ကြီးများနဲ့ ကိုယ်စားလှယ်များကပြောပါတယ်။

“ဂျီ-၇ နဲ့ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို တိုးတက်ကောင်းမွန်လာစေမယ့် အစီအမံများကိစ္စကို ဆွေးနွေးရာမှာ အလွန်ကောင်းမွန်ပြီး ရလဒ်တွေရရှိအောင် ကျွန်တော်တို့ဆောင် ရွက်နိုင်ခဲ့ပါတယ်”လို့ အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သူ ဂျပန်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဟီရိုရှိမိုရိယာမက အစည်းအဝေး အပြီးကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

တိုးပွားလျက်ရှိနေတဲ့ ကမ္ဘာ့လူဦးရေရဲ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကမ္ဘာ့အစားအစာထုတ်လုပ်မှုကိုမြှင့်တင်နိုင်အောင်ကြိုးပမ်းဖို့လိုအပ်တဲ့အချက်အလက်တွေကို နီးဂါတာမှာ ကျင်းပတဲ့အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြပါတယ်။

၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေက ၂၀ ရာခိုင်နှုန်းတိုးတက်ပြီး ၉ ဒသမ ၂ ဘီလီယံအထိရောက်ရှိမှာဖြစ်တဲ့အတွက် ကမ္ဘာ့လယ်ယာထုတ်ကုန်ကို ၂၀၅၀ ပြည့်နှစ်မှာ ၆၀ ရာခိုင်နှုန်းထပ်မံတိုးမြှင့်ဖို့ လိုအပ်မှာဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့ အက်ဖ်အေအိုက ခန့်မှန်းပါတယ်။

ကြက်ငှက်တုပ်ကွေး၊ ခွာနာလျှာနာရောဂါတွေလို တိရစ္ဆာန်ရောဂါများပြန့်ပွားမှုကြောင့် ဖြစ်ပေါ်ရတဲ့ အစားအစာ ဖြန့်ဖြူးရေးပြဿနာများကို ဖြေရှင်းရန်အတွက် အိမ်မွေး တိရစ္ဆာန် ရောဂါကပ်ဘေးနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်များကို ချောမွေ့စွာဖြေရှင်းနိုင်ရေးအတွက် မူဘောင်တစ်ခုကို တည်ထောင်ဖို့ ဝန်ကြီးများက အစည်းအဝေးမှာ သဘောတူခဲ့ပါတယ်။

# ပြည်ပမှာ ထိုင်းအက်စ်အမ်အီးများ စီးပွားရေးလုပ်ငန်း ချဲ့ထွင်ရန် အစိုးရက သန်း ၄၀၀ သုံးစွဲမည်

ထိုင်းအသေးစားနဲ့ အလတ်တန်းစားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) များပြည်ပမှာ စီးပွားရေးလုပ်ငန်းတွေ ချဲ့ထွင်တဲ့အခါ အကူအညီပေးနိုင်ဖို့အတွက် စီမံကိန်းတစ်ခုဖြစ်တဲ့ (SME Proactive Project) အရ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနက ဘတ် သန်း ၄၀၀ ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမှာဖြစ်ပြီး ဒီလိုဆောင်ရွက်ရာမှာ အာဆီယံဒေသအထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံ (CLMV) တွေကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ပထမအကြိမ်အဖြစ်ဆောင်ရွက်တဲ့ SME Proactive Project က အောင်မြင်မှုတွေရရှိခဲ့တဲ့အတွက် အက်စ်အမ်အီးတွေကို အကူအညီ ပေးမယ့် ဒုတိယစီမံကိန်းအတွက် ဘတ်သန်း ၄၀၀ လျာထားပေးခဲ့တာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် မာလီချိုကလွမ်လတ်ကပြောပါတယ်။ ယခု ဒုတိယစီမံကိန်းကာလရဲ့ သက်တမ်းကသုံးနှစ် (၂၀၁၆ ခုမှ ၂၀၁၈) ဖြစ်ပါတယ်။ အာဆီယံဒေသအထူးသဖြင့် CLMV နိုင်ငံတွေရဲ့ ဈေးကွက်တွေကိုထိုးဖောက်ဝင်ရောက်မယ့် SME တွေကို ဌာနက ရွေးချယ်ပေးထားမှာ ဖြစ်ပါတယ်။ ထို့ပြင် သူတို့ထုတ်ကုန်တွေ သို့မဟုတ် ဝန်ဆောင်မှုတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ်ဆောင်ရွက်တဲ့ အက်စ်အမ်အီးတွေအတွက်ဌာနက ငွေကြေးများခွဲဝေလျာထားပေးသွားမှာ ဖြစ်ပါတယ်။ တီထွင်ဆန်းသစ်မှုရှိတဲ့၊ ဒီဇိုင်းသစ်တွေတီထွင်နိုင်တဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ ထုတ်ကုန်တွေကို ဦးစားပေး ထုတ်လုပ်သွားမှာဖြစ်ကြောင်း သူမက ပြောပါတယ်။

ပြည်တွင်း ပြည်ပမှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲတွေမှာ အက်စ်အမ်အီးတွေ ပါဝင်နိုင်အောင်နဲ့ တစ်ဦးချင်းစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲတွေမှာ ဆွေးနွေးခွင့်ရအောင်ဌာနက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ကုန်ထုတ်လုပ်မှု အခြေစိုက်စခန်းအဖြစ် ဗီယက်နမ်နိုင်ငံကို ဂျပန်နိုင်ငံသဘောကျ

လုပ်ငန်းနယ်ပယ် အသီးသီးမှာ နည်းပညာဖြန့်ဖြူးရေး၊ အိုင်ဒီအေ၊ စီမံခန့်ခွဲရေးဆိုင်ရာကျွမ်းကျင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုစတဲ့ ထောက်ပံ့မှုတွေကို ဟိုချီမင်းစီးတီးက ဆက်လက်ရှာဖွေလျက်ရှိကြောင်းနဲ့ ထိုသို့ရှာဖွေလျက်ရှိတဲ့ နယ်ပယ်များမှာ အဓိကအားဖြင့် လူသားအရင်းအမြစ်၊ အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးရေး၊ ဆေးဝါးနဲ့ ခရီးသွားလုပ်ငန်းတို့ပါဝင်ကြောင်း ဧပြီ ၂၂ ရက်က ကျင်းပခဲ့တဲ့ ကွန်ဖရင့်တစ်ခုမှာ ဟိုချီမင်းစီးတီးပြည်သူ့ကော်မတီဥက္ကဋ္ဌရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့ သတင်းမှာဖော်ပြပါတယ်။

ဂျပန်နိုင်ငံက ဗီယက်နမ်နိုင်ငံအထူးသဖြင့် ဟိုချီမင်းစီးတီးရဲ့ ရှေ့ဆောင်စီးပွားရေးလုပ်ငန်း မိတ်ဖက်ဖြစ်ကြောင်း ဧပြီ ၂၂ ရက်က ဟိုချီမင်းစီးတီးမှာကျင်းပတဲ့ ဗီယက်နမ်-ဂျပန် ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားမြှင့်တင်ရေး ကွန်ဖရင့်မှာ ငုယင်သန်းဖေါင်က ပြောပါတယ်။ ပထဝီဝင် အနေအထားအရ အဆင်ပြေညီညွတ်မှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ အခြေခံ အဆောက်အအုံကောင်းမွန်မှုနဲ့ ဈေးသက်သာတဲ့ လုပ်သားအင်အားစုများ အလျှံပယ်ပေါများမှုကြောင့် ဗီယက်နမ်နိုင်ငံက ဂျပန်နိုင်ငံအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာ ဒေသတစ်ခုဖြစ်လာကြောင်း သူက ပြောပါတယ်။

ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက စီမံကိန်းပေါင်း ၈၆၅ခုနဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၇ ဘီလီယံရှိတဲ့အတွက် ဟိုချီမင်းစီးတီးမှာ ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံများအနက် ဆဋ္ဌမအများဆုံးနေရာမှာ ရှိကြောင်းသူကပြောပါတယ်။ မကြာသေးမီနှစ်များအတွင်း ဟိုချီမင်းစီးတီးသို့ လာရောက်လည်ပတ်သူနိုင်ငံခြားသားခရီးသွားများအနက် ဂျပန်နိုင်ငံက ထိပ်ဆုံး ၁၀ နိုင်ငံမှာ ပါဝင်နေပြီး အဆင့် ၁ နဲ့ ၂ မှာရှိနေပါတယ်။ ဂျပန်နိုင်ငံကို သွားရောက်လည်ပတ်တဲ့ ဗီယက်နမ်လူမျိုး အရေအတွက်ကလည်း ထူးထူးခြားခြား တိုးတက်လျက်ရှိပါတယ်။ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတွေထံက ပူးပေါင်းဆောင်ရွက်မှုနဲ့ ထောက်ပံ့မှုတွေ ဆက်လက်ရရှိလိမ့်မယ်လို့လည်း ဗီယက်နမ်တို့က ခန့်မှန်းထားပါတယ်။

# Application Programming Interfaces အသုံးပြုရာတွင် စင်ကာပူက အာရှတွင်ထိပ်ဆုံးနေရာမှာရှိနေ



ဒစ်ဂျစ်တယ်စနစ်ကို တိုးတက်သုံးစွဲလာတဲ့ ကမ္ဘာကြီးကို အမီလိုက်နိုင်ဖို့အတွက် Application Programming Interfaces (APIs) များကို အသုံးပြုရာမှာ စင်ကာပူစီးပွားရေးလုပ်ငန်းတွေက အာရှ-ပစိဖိတ်ဒေသမှာ ရှေ့တန်းကရောက်ရှိနေတယ်လို့ စစ်တမ်းကောက်ယူချက်အရသိရကြောင်း ချန်နယ်နယူးအေရှသတင်းမှာ ဖော်ပြထားပါတယ်။

အခြားအဖွဲ့အစည်းတစ်ခုနဲ့ပေါင်းစည်းဆောင်ရွက်ရေး၊ ဝက်ဘ်အခြေစိုက်နဲ့မိုဘိုင်းအပလီကေးရှင်းများအသုံးပြုရေးနဲ့ တတိယအခြား Developer များပါဝင်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ရေးစတဲ့ လုပ်ငန်းများအပါအဝင် ရည်ရွယ်ချက်အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စင်ကာပူရှိ စီးပွားရေးလုပ်ငန်းတွေရဲ့ ၄၀ ရာခိုင်နှုန်းက APIs အသုံးပြုရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက်ဆော့ဖ်ဝဲကော်ပိုရေးရှင်း CA Technology နဲ့ အိုင်တီသုတေသနလုပ်ငန်း Freeform Dynamics က ပြုလုပ်တဲ့စစ်တမ်းအရ သိရပါတယ်။

အာရှဒေသမှာ APIs အသုံးပြုမှုက အိန္ဒိယဘက်မှာ ၃၅ ရာခိုင်နှုန်း၊ တရုတ်မှာ ၃၂ ရာခိုင်နှုန်းအသီးသီးရှိနေတဲ့အတွက် စင်ကာပူနိုင်ငံက သူတို့အထက်မှာရှိနေပြီး ကမ္ဘာ့ပျမ်းမျှအသုံးပြုမှုဖြစ်တဲ့ ၃၄ ရာခိုင်နှုန်းအထက်မှာလည်းရှိနေပါတယ်။

"ဆော့ဖ်ဝဲသုံးစွဲမှုက စီးပွားရေးလုပ်ငန်း အသီးသီးရဲ့ အသက်သွေးကြောဖြစ်နေပြီး ယနေ့ခေတ်အပလီကေးရှင်းစီးပွားရေးမှာ APIs က အခြေခံ ဖြစ်တယ်ဆိုတဲ့အချက်ကို စင်ကာပူနိုင်ငံကလည်း လက်ခံထားပါတယ်"လို့ CA Technologies ရဲ့ လုံခြုံရေးနဲ့ APIs စီမံခန့်ခွဲရေး ဒုတိယဥက္ကဋ္ဌ ဇစ်မန်ကိုရှားကပြောပါတယ်။

ဒစ်ဂျစ်တယ်ခေတ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် APIs က အဓိကလိုအပ်ချက်တစ်ခုဖြစ်တယ်ဆိုတာကို ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများကတိုးတက်လက်ခံလာကြပါတယ်။

# ဒစ်ဂျစ်တယ်သတင်းအချက်အလက်အဝေးပြေးလမ်းမကြီးကို အင်ဒိုနီးရှားနိုင်ငံထူထောင်မည်

အင်ဒိုနီးရှားအစိုးရက Palapa Ring စီမံကိန်းကိုရေးဆွဲထားပြီးဖြစ်ရာ ဖော်ပြပါစီမံကိန်းအရ သတင်းအချက်အလက် အဝေးပြေးလမ်းမကြီး (Information Highway) ကို တည်ထောင်သွားဖို့ အစိုးရက စီမံရေးဆွဲထားကြောင်း၊ စီမံကိန်းကိုအကောင်အထည်ဖော်နိုင်မည်ဆိုပါက ၂၀၁၉ ခုနှစ်တွင်မြို့ရာပေါင်းများစွာမှာ ဘရော့ဘင်ဝန်ဆောင်မှုများပေးပြီး အထူးသဖြင့် အင်ဒိုနီးရှားအရှေ့ပိုင်းတွင် အင်တာနက်နှုန်းနှေးကွေးနေတာကို ဖြေရှင်းသွားမှာဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။



"သတင်းအချက်အလက် အဝေးပြေးလမ်းမကြီးဆိုတာကလည်း ဒါပါပဲ။ ဒါကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီးမြို့ကြီးတွေ အားလုံးမှာ ဘရော့ဘင်ဝန်ဆောင်မှုတွေ ချိတ်ဆက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်"လို့ တယ်လီဖုန်းဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်ဝန်ကြီး ရူဒီယံတာရာက ဂျကာတာမြို့မှာ ဧပြီ ၂၆ ရက်က ပြောပါတယ်။

လောလောဆယ်မှာ ဂျကာတာမြို့မှာနေထိုင်သူတွေက အင်တာနက် ဒေါင်းလုတ်နှုန်းတစ်စက္ကန့်ကို 7 MB အထိသုံးစွဲနိုင်တဲ့အတွက် မာလုကူ သို့မဟုတ် ပါပူအာမှာ နေထိုင်သူတွေထက် ၂၅ ဆနှုန်းပိုမိုနေပါတယ်။ ဖော်ပြပါဒေသတွေက တစ်စက္ကန့်ကို 300 KB အထိသာရရှိနေပါတယ်။

"နိုင်ငံအတွင်းရှိ ဒေသအားလုံးကို အခြေခံအဆောက်အအုံတွေ မရောက်သေးလို့ ဒီလိုဖြစ်ရတာပါ။ နယ်မြေဒေသအတွင်းရှိ မြို့ကြီးပေါင်း ၅၁၄ ခုအနက် ၄၀၀ လောက်ကိုသာ ဘရော့ဘင်ဝန်ဆောင်မှုတွေကို ချိတ်ဆက်ပေးနိုင်ပါတယ်"လို့ ရူဒီယမ်တာရာကပြောပါတယ်။

Palapa Ring စီမံကိန်းအရ ရေအောက်ဖိုက်ဘာမျှင်ကေဘယ်ကြိုး (Fiber Corptic Cable) ကီလိုမီတာ ၁၁၀၀၀ ကို ဆက်သွယ်ပေးမှာဖြစ်ပြီး ဒီအကွာအဝေးကို အနောက်ပိုင်း၊ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းဆိုပြီး အပိုင်းသုံးပိုင်းခွဲထားပါတယ်။ အလယ်ပိုင်းဒေသရှိ လုပ်ငန်းများ (Central Package) ကို အကောင်အထည်ဖော်ဖို့အတွက် ဝန်ကြီးဌာနနဲ့ Len Telekomunikasi Indonesia တို့ မတ် ၄ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ သဘောတူညီချက်အရ ပင်လယ်ရေအောက်ကြိုးကီလိုမီတာ ၂၇၀၀ချပြီး ကာလီမန်တန်၊ ဆူလာဝေစီနဲ့ မြောက်ပိုင်းမာအင်လုကူတို့ကို ဆက်သွယ်ပေးမှာဖြစ်ပါတယ်။ အလားတူ ကျန်ဒေသနှစ်ခုအတွက်လည်း သဘောတူစာချုပ်တွေချုပ်ဆိုပြီးဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

စင်ကာပူ ချန်ဂီလေဆိပ်ကို ပြီးခဲ့တဲ့ မတ်လက စုစုပေါင်းခရီးသည် ၄ ဒသမ ၉ သန်း ဝင်ရောက်ခဲ့တဲ့အတွက် ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဧပြီ ၂၉ ရက်ကထုတ်ပြန်ခဲ့တဲ့ ချန်ဂီလေဆိပ်အုပ်စု (Changi Airport Group-CAG) ရဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ချန်နယ်နယူးစ်အေရှသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းနိုင်ငံမှာ အသိအမှတ်ပြုပြီး ဧည့်လမ်းညွှန်ပညာရှင် ၆၀၀၀၀ အနက် ၂၀၀၀၀ သာလျှင် အလုပ်အာမခံချက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် ပြည်ပခရီးသည်အဝင်မြင့်တက်လာတာနှစ်ပေါင်းများစွာကြာပြီဖြစ်ပေမယ့် ပြည်ပမှ အသိအမှတ်ပြုလက်မှတ်မဲ့ ဧည့်လမ်းညွှန်များကြောင့် ပြည်တွင်းမှ အသိအမှတ်ပြုပြီး ဧည့်လမ်းညွှန်များ ထက်ဝက်ကျော်အလုပ်လက်မဲ့ဖြစ်ရကြောင်း ထိုင်းခရီးသွားဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌ ဆီတာပရာဆတ်တနန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

### မော်စကို

အမေရိကန် ပြည်ထောင်စုနဲ့ ကနေဒါနိုင်ငံတို့ကို ဖြတ်ကျော်ပြီး ဂျုံတင်ပို့မှုမှာ ရုရှားနိုင်ငံအနေနဲ့ ထိပ်ဆုံး ကိုရောက်ရှိလာကြောင်း နဲ့ ၂၀၁၆ ခုနှစ်သီးနှံရာသီအကုန်မှာ ရုရှားနိုင်ငံက ဂျုံတန်ချိန် ၂၅ သန်း တင်ပို့ခဲ့ကြောင်း ရုရှားလယ်ယာစိုက်ပျိုးရေးဝန်ကြီး အလက်ဇန္ဒားကာချက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရုရှားသတင်းအေဂျင်စီဖြစ်တဲ့ TASS မှာ ဖော်ပြပါတယ်။

### ဆိုးလ် (ကိုရီးယား)

စက်ယန္တရား၊ အီလက်ထရွန်နစ်အစိတ်အပိုင်းများ ကဏ္ဍမှာ ထုတ်လုပ်မှု ကျဆင်းတဲ့အတွက် တောင်ကိုရီးယားရဲ့ စက်မှုကုန်ထုတ်လုပ်မှုက မတ်မှာ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး ဖေဖော်ဝါရီနှင့် နှိုင်းယှဉ်ပါက ၂ဒသမ ၂ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဧပြီ ၂၉ ရက်ကထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများကို ကိုးကားပြီးယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

## USA

# စားသုံးသူသုံးစွဲမှုနဲ့ ကုန်သွယ်မှုကျဆင်းမှုကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ ပထမသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်

ပြည်တွင်းဝယ်လိုအားအေးလာခြင်းနဲ့ ဒေါ်လာတန်ဖိုးခိုင်မာမှုက ပို့ကုန်ကို ဆက်လက်ကျဆင်းစေတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ပထမသုံးလပတ်မှာ တုံ့ဆိုင်းနေမယ့် အလားအလာရှိနေပါတယ်။ ဒါပေမယ့် အလုပ်သမားဈေးကွက်မြင့်မားမှုကြောင့် စီးပွားရေးလုပ်ငန်းတွေပြန်လည်မြင့်တက်လာမယ်လို့ ခန့်မှန်းထားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ ရိုက်တာသတင်းဌာနကကောက်ယူထားတဲ့စစ်တမ်းအရ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ရဲ့ နှစ်စဉ်အလိုက် တိုးတက်နှုန်းက ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုသုံးလပတ်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပါတယ်။

ရေနံဈေးနှုန်း ကျဆင်းမှုက ရှုလမ်ဘာဂါနဲ့ ဟေလီဘတ်တန်တို့လို ရေနံကုမ္ပဏီကြီးများရဲ့ အကျိုးအမြတ်ကိုထိခိုက်စေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေတဲ့အပြင် စီးပွားရေးလုပ်ငန်းတွေရဲ့ အသုံးစရိတ်ကို အားနည်းကျဆင်းစေပါတယ်။

"စီးပွားရေး ဒုက္ခရောက်နေတယ်ဆိုတဲ့သဘောမျိုး ကျွန်တော်မယူဆပါဘူး။ ပထမသုံးလပတ်မှာ အလုပ် အကိုင်ရရှိမှုက ထူးထူး ခြားခြား တိုးတက်နေပါတယ်။ ယခင်လက ပြုလုပ်ခဲ့တဲ့ စစ်တမ်းတွေအရ ဒုတိယသုံးလပတ်မှာလည်း စီးပွားရေး ပိုမိုတိုးတက်ခိုင်မာလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"လို့ တိုရန်တိုမြို့ရှိ Capital Economics မှအမေရိကန် စီးပွားရေးပညာရှင်ပေါလ်အက်ရှဝပ် ကပြောပါတယ်။

ဧပြီ ၂၇ ရက်ကကျင်းပတဲ့ မူဝါဒအစည်းအဝေးနောက်ပိုင်း အမေရိကန်ဗဟိုဘဏ်က အမေရိကန်စီးပွားရေးလုပ်ငန်းတွေနှေးကွေးနေတာကို အသိအမှတ်ပြုခဲ့ပြီး အလုပ်သမားဈေးကွက်အခြေအနေက တိုးတက်မှုရှိတယ်လို့ သုံးသပ်ပါတယ်။

## EU

# အီးစီဘီရဲ့ စီးပွားရေးတွန်းအားပေးအစီအစဉ်က ထွန်းသစ်စဈေးကွက်များအတွက် အပြုသဘောအကျိုးသက်ရောက်

ယူရိုဇုန်ရဲ့ စီးပွားရေးကို တွန်းအားပေးမြှင့်တင်နိုင်ဖို့အတွက် ဥရောပဗဟိုဘဏ် (အီးစီဘီ)က ငွေကြေးစာချုပ်စာတမ်းတွေဝယ်ယူမယ့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်က ဖိလစ်ပိုင်နိုင်ငံအပါအဝင် ထွန်းသစ်စ နိုင်ငံများအတွက် အပြုသဘော အကျိုးသက်ရောက်မှုတွေဖြစ်စေနိုင်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် (Bank Sentral ng Philipinas-BSP) ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖိလစ်ပင်းသတင်းမှာ ဖော်ပြပါတယ်။



"ဒီမူဝါဒက အီးယူစီးပွားရေးဖွံ့ဖြိုးမှု အတွက် စွမ်းဆောင်မှုပေးနိုင်သလို အီးယူရဲ့ ကုန်သွယ်ဖက်တွေဖြစ်တဲ့ ထွန်းသစ်စ ဈေးကွက်တွေအတွက်လည်း အပြုသဘော အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်"လို့ BSP အုပ်ချုပ်ရေးမှူး အမန်ဒိုတဲတန်ကိုက ပြောပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းနေတာကို တိုက်ဖျက်ဖို့အတွက် ချမှတ်ထားတဲ့အစီအမံတွေအနက်တစ်ခုအဖြစ် ခြောက်လနဲ့ နှစ် ၃၀ အတွင်း အချိန်စေ့ရောက်တော့မယ့် ကုမ္ပဏီဘွန်းစာချုပ်တွေကို အီးစီဘီကဇွန်မှစပြီး ဝယ်ယူဖို့ အီးစီဘီဥက္ကဋ္ဌမာရီယိုဒရပ်ဂီက ဧပြီ ၂၁ ရက်က ကြေညာခဲ့ပါတယ်။ ဒါပေမယ့် မတ်လမှာ အမေရိကန်ပြည်ထောင်စုရဲ့ အိမ်ဈေးတွေ ပြန်လည်မြင့်တက်ခဲ့ပါတယ်။ မာရီယိုဒရပ်ဂီရဲ့ ကြေညာချက်ကြောင့်ဖြစ်ရတဲ့ ဂယက်ဟာ အမေရိကန်ပြည်ထောင်စုမှ သတင်းကောင်းတွေထွက်လာပြီးနောက် မှေးမှိန်သွားစေခဲ့ကြောင်း တဲတန်ကိုကပြောပါတယ်။

## South Asia

# သကြားထုတ်လုပ်မှုကျဆင်းလာသဖြင့် အိန္ဒိယနိုင်ငံရှိ ချော့ကလက်နဲ့ ဘီစကွတ်မုန့်များကို သကြားအုပ်နိုင်တော့မည်မဟုတ်

သကြားထုတ်လုပ်မှုက ငါးနှစ်အတွင်းအနိမ့်ဆုံးသို့ ရောက်ရှိလာလို့ သရေစာထုတ်လုပ်ရေး ကုမ္ပဏီများက သကြားဈေးနှုန်း မြင့်တက်မှုကြောင့် အလူးအလဲရုန်းကန်နေရတဲ့အတွက် ချော့ကလက်၊ အချိုရည်၊ ရေခဲမုန့်နဲ့ ဘီစကွတ်တို့တွင် သကြားကို နိုင်နိုင်ထည့်နိုင်တော့မည် မဟုတ်ကြောင်း တိုင်းမ်အော့ အိန္ဒိယဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

FMCG လို့ခေါ်တဲ့ဈေးနှုန်းချိုသာစွာဖြင့် အလျင်အမြန်သုံးစွဲမှုပြုတဲ့ သရေစာကိုထုတ်လုပ်တဲ့ ကုမ္ပဏီများအနေဖြင့် ကုန်ပစ္စည်းများ ကိုလျှော့ဈေးဖြင့် ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ကိုပြန်လည်ရယူကြရပါတယ်။ ဒါပေမယ့် သကြားဈေးနှုန်းက ယခင်အောက်တိုဘာကတစ်ကီလိုကို ရူပီး ၃၀ ဝန်းကျင်ရှိနေခဲ့ရာမှ ယခင်ရက်သတ္တပတ်မှာ တစ်ကီလိုကို ရူပီး ၄၀ အထိ ရောက်ရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ကြံအများဆုံး စိုက်ပျိုးတဲ့ မဟာရသျှတ္တရပြည်နယ်မှာ ပူပြင်းခြောက်သွေ့မှုဒဏ်ကို အပြင်းအထန်ခံစားရတဲ့အတွက် အိန္ဒိယတစ်နိုင်ငံလုံးရဲ့ ကြံအထွက်က ၂၀၁၆ ခုနှစ်မှာ ၁၀ ရာခိုင်နှုန်း ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

"ပြီးခဲ့တဲ့နှစ်တုန်းက ဈေးတွေလျှော့၊ မေတ္တာလက်ဆောင်တွေပေးပြီး မုန့်ထုတ်တွေမှာ အပိုတွေထပ်ဆောင်းပြီး အရောင်းမြှင့်တင်ရေးတွေ ကျွန်တော်တို့ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် သကြားဈေးကတက်နေသလို စားသုံးဆီဈေးကလည်းမြင့်နေပါတယ်။ ပထမဆုံးဆောင်ရွက်ရမယ့်အလုပ်က အရောင်းမြှင့်တင်ရေးဖြစ်ပေမယ့် ကုန်စည်ဈေးနှုန်းမြင့် တက်ခဲ့တဲ့ဂယက်ကို တိုက်ရိုက်ခံစားရတဲ့အတွက် ဒီဂယက်ကို တွန်းလှန်နိုင်ဖို့အတွက် ပထမခြေလှမ်း အဖြစ် အရောင်းမြှင့်တင်ရေး လုပ်ငန်းတွေအပါအဝင် ကုန်ကျစရိတ်တွေကို လျှော့ချရပါတော့မယ်"လို့ ဘီစကွတ်နဲ့ နို့ထုတ်လုပ်ရေး လုပ်ငန်းဖြစ်တဲ့ Britanmia မှ အုပ်ချုပ်မှု ဒါရိုက်တာ ဗာရွန်ဘယ်ရီက ပြောပါတယ်။

## East Aisa

# တောင်ကိုရီးယား စီးပွားရေးဖွံ့ဖြိုးမှု ကျဆင်းနေကြောင်း စီးပွားရေးပညာရှင်တို့ ပြောကြား

တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးအခြေခံများ အားနည်းနေခြင်းက စီးပွားရေးကျဆင်းရခြင်းရဲ့ အဓိကအကြောင်းတရားအဖြစ် တောင်ကိုရီးယားနိုင်ငံမှ စီးပွားရေးကျွမ်းကျင်သူတို့က ရည်ညွှန်းပြောကြားလျက်ရှိကြပြီးနိုင်ငံရဲ့စီးပွားရေးကျဆင်းမယ့် အနေအထားကိုရောက်ရှိလာမှာကို စိုးရိမ်လျက်ရှိကြကြောင်း ဧပြီ ၂၅ ရက်က ထုတ်ပြန်တဲ့စစ်တမ်းတစ်ခုကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

မကြာသေးမီက ကိုရီးယားစက်မှုလုပ်ငန်းများဖက်ဒရေးရှင်းက စီးပွားရေးကျွမ်းကျင်သူ ၆၁ ဦးကို စစ်တမ်းကောက်ယူခဲ့ရာ လောလောဆယ်မှာ တောင်ကိုရီးယားစီးပွားရေးက ဖွံ့ဖြိုးမှုကျဆင်းတဲ့ အဆင့်ကို ရောက်နေကြောင်း ၇၀ ရာခိုင်နှုန်းကပြောပါတယ်။ ဒီအဆင့်ကိုအနှေးနဲ့ အမြန်ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းသူများကိုပါထည့်သွင်းတွက်ချက်ပါက စီးပွားရေးကျဆင်းမယ်လို့ ခန့်မှန်းသူက ၉၆ ဒသမ ၇ ရာခိုင်နှုန်းအထိရောက်ရှိနိုင်ပါတယ်။

စစ်တမ်းကောက်ယူခဲ့သူ စီးပွားရေးကျွမ်းကျင်သူ စုစုပေါင်းအနက် ယခုကဲ့သို့ စီးပွားရေးကျဆင်းမယ်လို့ ခန့်မှန်းရခြင်းမှာ တိုင်းပြည်၏စီးပွားရေးကျန်းမာကြံ့ခိုင်မှု အခြေအနေအားနည်းနေမှုကြောင့်ဖြစ်ကြောင်း ဖြေကြားသူက ၈၀ ရာခိုင်နှုန်းရှိပြီး တည်ငြိမ်ရင့်ကျက်တဲ့စီးပွားရေးတစ်ခုဖြစ်လာဖို့အတွက် ဤအချက်က ရှောင်လွှဲမရတဲ့ အချက်ဖြစ်ကြောင်းပြောကြားသူက ၁၆ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးအကျဘက်သို့ ဦးတည်နေခြင်းမှာ ကမ္ဘာ့စီးပွားရေး ကျဆင်းမှု အကျိုးဆက်ကြောင့်ဖြစ်ကြောင်းနဲ့ ယာယီသဘောမျှသာဖြစ်ကြောင်း ပြောကြားသူကငါးရာခိုင်နှုန်းရှိပါတယ်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာမှုက ကိုရီးယားစီးပွားရေးအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်းနဲ့ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာတဲ့အတွက် ကိုရီးယားစီးပွားရေးကို ပြန်လည်မြင့်တက်မှာမဟုတ်ကြောင်း ယုံကြည်သူက ၉၀ ရာခိုင်နှုန်းရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကိုမပြောင်းမလဲထားပြီး၊ ဘွန်းစာချုပ်ဝယ်ယူမှု အပါအဝင် စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်မယ့် အလားအလာကို မတွေ့ရတော့တဲ့နောက်ပိုင်းရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်ဒေါ်လာကို ပြန်လည်ရောင်းချလာကြတာ တွေ့ရပါတယ်။ ဒါကြောင့် ဧပြီ ၂၈ ရက်မှာ ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ထွန်းသစ်စအာရှငွေကြေးတန်ဖိုးမြင့်တက်လာခဲ့ပါတယ်။

အခြားငွေကြေး ခြောက်ခုနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာရဲ့ စွမ်းဆောင်ရည်ကိုပြသတဲ့ ဒေါ်လာအညွှန်းကိန်း (Dollar Index) က တစ်ပတ်အတွင်းအနိမ့်ဆုံးနှုန်းကို ကျဆင်းခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်ကလည်း အတိုးနှုန်းကိုဇွန်လမှာ မြှင့်တင်မယ့်အလားအလာရှိနေပေမယ့် အတိုးနှုန်းမြှင့်တင်မှုကို အဆောတလျင်ပြုလုပ်မှာမဟုတ်ကြောင်း ဧပြီ ၂၇ ရက်က ပြသလာပြီးနောက်ပိုင်း ဒေါ်လာအညွှန်းကိန်းကို ထိခိုက်မှုရှိလာပါတယ်။

အမေရိကန်နဲ့ ဂျပန်ဗဟိုဘဏ်တွေက မူဝါဒဆုံးဖြတ်ချက်တွေမချမီကမှုအမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကိုမြှင့်တင်မယ်၊ ဂျပန်ဗဟိုဘဏ်က ငွေကြေးလှုံ့ဆော် တွန်းအားပေးမှုကို ထပ်မံပြုလုပ်မယ်လို့ ယူဆပြီး ရင်းနှီးမြှုပ်နှံသူတွေက ဒေါ်လာကိုစုပြီး အာရှငွေကြေးတွေကို ထုတ်ရောင်းခဲ့လို့ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက်များ ထွက်ပေါ်ပြီးနောက်ပိုင်းမှာ အာရှငွေကြေးအများစုတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တရုတ်ယွမ်**

ဧပြီ ၂၉ ရက်မှာတရုတ်နိုင်ငံဗဟိုဘဏ်က ဒေါ်လာနဲ့ယွမ်ငွေကြေးရဲ့ ပျမ်းမျှဖလှယ်နှုန်းကို တစ်ဒေါ်လာလျှင် ၆ ဒသမ ၄၅၈၉ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။ တန်ဖိုး တိုးတက်မှုနှုန်းက သုည ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၅ ခုနှစ် ဇူလိုင်နောက်ပိုင်း ကြီးမားတဲ့ ပြောင်းလဲမှုတစ်ခု ဖြစ်ပါတယ်။ ယခုဆောင်ရွက်မှုက ဗဟိုဘဏ်ရည်ညွှန်းနှုန်းကို ပင်လယ်ရပ်ခြား ငွေလဲနှုန်းနဲ့ အညီဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်အတိုင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်း သတ်မှတ်ပြီးနောက်ပိုင်း ပင်လယ်ရပ်ခြား ယွမ်ဖလှယ်နှုန်းက အပြောင်းအလဲအနည်းငယ်သာဖြစ်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၄၈၃၄ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယပြည်တွင်းသို့ ရန်ပုံငွေတွေ တိုးတက်ဝင်ရောက်လာတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာ ထုတ်ရောင်းလာကြပါတယ်။ ဒါကြောင့် ဧပြီ ၂၉ ရက်နံနက်ပိုင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရူပီးတန်ဖိုးက သုည ဒသမ ဝ၇ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၄၅ ရူပီးနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံပြင်ပဈေးကွက်တွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှုကလည်း ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားဖို့ ဆုံးဖြတ်ချက်က ရင်းနှီးမြှုပ်နှံသူတွေကို အံ့အားသင့်သွားစေတဲ့အတွက် ဧပြီ ၂၈ ရက်မှာ အဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းပြီး ယန်းငွေနဲ့ဖလှယ်ရာမှာ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

နယူးယောက်ဈေးကွက်မှာ ယူရိုနဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက ယခင်နေ့က တစ်ယူရိုကို ၁ ဒသမ ၁၃၂၁ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဧပြီ ၂၈ ရက်မှာ ၁ ဒသမ ၁၃၅၀ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက ယခင်နေ့ကရှိခဲ့တဲ့ ၁၁၁ ဒသမ ၅၂ ယန်းနှုန်းအောက်ကျဆင်းပြီး ၁၀၈ ဒသမ ၁၀ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတွေက ရင်းဂစ်အပါအဝင်ထွန်းသစ်စ ငွေကြေးတွေအပေါ်ကို ယုံကြည်မှုပိုမိုလာတဲ့အတွက် ဧပြီ ၂၉ ရက်ဈေးအဖွင့်မှာ ရင်းဂစ်တန်ဖိုး မြင့်တက်လာကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက ဧပြီ ၂၈ ရက်က တစ်ဒေါ်လာကို



၃ ဒသမ ၈၉၄၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဧပြီ ၂၉ ရက်နံနက် ၉ နာရီ ၂ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၈၈၀၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ရင်းနှီးမြှုပ်နှံသူတွေက မော်တော်ကားနဲ့ နည်းပညာကုမ္ပဏီများမှ ရှယ်ယာများကိုပြန်လည်ရောင်းချလာတဲ့အတွက် ဧပြီ ၂၉ ရက်က တောင်ကိုရီးယားရှယ်ယာတွေ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ တောင်ကိုရီးယား ဝမ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၃၉ ဒသမ ၃၀ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ဧပြီ ၂၈ ရက် ကရှိခဲ့တဲ့ဖလှယ်နှုန်း အောက် ၁ ဒသမ ၁ ဝမ်နှုန်းကျဆင်း ပါတယ်။

**ထိုင်းဘတ်**

အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ အခြားအာရှငွေကြေးများနည်းတူ ဘတ်ငွေတန်ဖိုးကလည်း မြင့်တက်ခဲ့ပါတယ်။ ရိုက်တာသတင်းဌာနကပြုစုထားတဲ့ ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်နှုန်းက ယခင်နေ့ကထက် သုည ဒသမ ၂၆ ရာခိုင်နှုန်းမြင့်တက်ပြီး ဧပြီ ၂၉ ရက်မှာ တစ်ဒေါ်လာကို ၃၄ ဒသမ ၉၃ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# အခွန်တိုးမြှင့်မကောက်ခံသေးဘဲ လှည့်လည်ငွေကြေး တိုးမြှင့်ပေးဖို့ တောင်ကိုရီးယားသမ္မတ အလေးပေး

တောင်ကိုရီးယား စီးပွားရေးကို မြှင့်တင်ပေးနိုင်ဖို့အတွက် ကိုရီးယားနည်းကိုးရီးယားဟန်ဖြင့် လှည့်လည်ငွေကြေး တိုးတက်အောင်ဆောင်ရွက်မှု (Quantitative Easing) ကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွင်ဟေးက ဧပြီ ၂၆ ရက်က ပြောပါတယ်။ ဒါပေမယ့် လုပ်ငန်းခွန်များတိုးမြှင့်ကောက်ခံရေးကိစ္စကို သတိထားပြီး စဉ်းစားနေဆဲဖြစ်ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အာဏာရပါတီဖြစ်တဲ့ Saenuri Party က ဘွန်းစာချုပ်တွေအများအပြားဝယ်ယူမယ့် အစီအစဉ်ကို ဧပြီ ၁၃ ရက် အထွေထွေရွေးကောက်ပွဲ မတိုင်မီက ပထမအကြိမ်အဖြစ် ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်ရပြီးနောက်ပိုင်း ဒီအဆိုပြုချက်ရဲ့အရှိန်က ကျဆင်းလာခဲ့ပါတယ်။ လုပ်ငန်းခွင်များ အပါအဝင် အခွန်နှုန်းတွေ ချက်ချင်းတိုးမြှင့်ပေးဖို့ တိုက်တွန်းတာကို သမ္မတက ပယ်ချခဲ့ပါတယ်။

"အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံတဲ့နည်းလမ်းကို နောက်ဆုံးနည်းလမ်းအဖြစ် ထားသင့်တယ်လို့ ထင်ပါတယ်"လို့ပထမဆုံးရွေးချယ်ရမယ့် အခြားနည်းလမ်းများကို ရည်ညွှန်းပြောကြားရင်း သူမက ပြောပါတယ်။

အစိုးရဝင်ငွေရရှိဖို့ အကောင်းဆုံးနည်းလမ်းက စီးပွားရေးပြန်လည်ရှင်သန်အောင်လုပ်တဲ့နည်းနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ ပိုမိုရင်းနှီးမြှုပ်နှံအောင်အားပေးပြီး အခွန်ပိုရအောင်လုပ်တဲ့နည်းဖြစ်ကြောင်း သူမကပြောပါတယ်။

# ဂျပန်ဗဟိုဘဏ်က မူဝါဒကိုမပြောင်းဘဲ ဆက်လက်ထိန်းထားတဲ့အတွက် ဈေးကွက် ကို အံ့အားသင့်စေခဲ့

ဗဟိုဘဏ်အတိုးနှုန်းမူဝါဒကို သုညနီးပါးအတိုင်းဆက်လက်ထိန်းထားပြီး နှစ်အလိုက်ငွေကြေးအခြေခံကို ယန်းထရီလီယံ ၈၀ နှုန်းအတိုင်းဆက်လက်ထားရှိမှာဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်က ဧပြီ ၂၈ ရက်မှာ ကြေညာခဲ့တဲ့အတွက် ဈေးကွက်ရှိရင်းနှီးမြှုပ်နှံသူတို့ကို ထပ်မံအံ့အားသင့်စေခဲ့ပါတယ်။

ယခုဆုံးဖြတ်ချက်ကို နှစ်ရက်ကြာမူဝါဒအစည်းအဝေးအပြီးမှာ ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပြီး ကြေညာချက်ကြောင့် ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းမယ့်အလားအလာတွေရှိနေချိန်နဲ့ ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုက ပို့ကုန်များကျဆင်းအောင်ဖန်တီးနေချိန်မှာ ဂျပန်ဗဟိုဘဏ်က ငွေကြေးတွန်းအားပေးလှုံ့ဆော်မှုအစီအစဉ်ကို အဆမတန် တိုးမြှင့်ဆောင်ရွက်လိမ့်မယ်လို့ ခန့်မှန်းထားတဲ့အတွက် ဈေးကွက် လေ့လာသူတွေကို အံ့အားသင့်စေခဲ့ပါတယ်။

ဂျပန်ယန်းငွေတန်ဖိုးမြင့်တက်နေတဲ့အတွက်လည်း ဂျပန်ဗဟိုဘဏ်က ယန်းငွေကြေးတန်ဖိုးကို ထိန်းချုပ်စေမယ့် အလားအလာတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အီကွီတီရှယ်ယာဈေးကွက်နဲ့ ကုန်စည်ဈေးကွက်တွေ ကျဆင်းနေတဲ့အချိန်မှာ ယန်းငွေတန်ဖိုးက မြင့်တက်လာလေ့ရှိပြီး ယခုနှစ်အတွင်းမှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ၇ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပါ တယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တာမွေရာပြည့်ဈေးသစ် အဆင့်မြင့်တည်ဆောက်ရေးစီမံကိန်း





အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စု၏ ကြီးကြပ်မှုဖြင့် ထူးပြည့်ပြည့်ရုံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်သည်။
ပထမအကြိမ် အဆင့်မြင့်ကွန်ဒိုအခန်း(၃၀)အား အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးနေပါပြီ။ ဖုန်း - ၀၉-၄၁၀၀၇၁၀၄, ၀၉-၂၅၀၀၀၀၆၄၅

Gandamar Grand Ballroom

# Gandamar Grand Ballroom

အဆင့်မီကောင်းမွန်သော ဝန်ဆောင်မှုများနှင့်အတူ **Gandamar Grand Ballroom** မှ နွေးထွေးစွာကြိုဆိုလျက်ပါ



Wedding Reception



Meeting



Single Meeting Room



Live Show

လူကြီးမင်းတို့၏ Company Meeting, Dinner Party, Birthday Party, Wedding, Conference, Fashion Show, Live Show, Product Launch, Seminar, Gathering, Staff Party, Press Conference ပွဲများအတွက်အဆင့်မီသော၊ ဈေးနှုန်းသင့်တင့်မျှတသောဝန်ဆောင်မှုများနှင့်အတူလက်ခံကျင်းပ ဆောင်ရွက်ပေးနေကြောင်းသတင်းကောင်းပါးအပ်ပါသည်။

- Gandamar Grand Ballroom တွင် လူဦးရေ (၁၂၀၀) အထိ ဝင်ဆံ့သော မင်္ဂလာဧည့်ခံပွဲများ ကျင်းပနိုင်ခြင်း။
- ခေတ်မီသော Lighting System များနှင့် JBL Line Array Sound System တို့အပြင် ၂၀ ပေ x ၁၄ ပေ နှင့် ၁၆ ပေ x ၁၄ ပေရှိ LFD (Large Format Display) နှစ်လုံးဖြင့် Pre Wedding Photo, Activities Photo/Video Slide Show ပြသနိုင်ခြင်း။
- ကားအစီးရေ (၄၀၀) ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် Car Parking ရှိခြင်း။

**Rice Set** | **Coffee or Tea Reception** | **Set Menu** | **Buffet**

Wedding Dinner များကိုလည်း လက်ခံကျင်းပပေးနေပါသည်။

Level - 3, Gandamar Wholesale, Corner Of Gandamar & Waizayantar Road, Mayangone Township, Yangon.
Tel: +95-1- 657834, 09782096943


KBZ BANK
STRENGTH OF MYANMAR
အနာဂတ်
အိပ်မက်ကို
ကျပ်၁၀၀၀နှင့်
စကြစို့
သင်နှင့် သင့်မိသားစုအနာဂတ်များအတွက် ၁၀၀၀/ -ကျပ်ဖြင့် ငွေစုဘဏ်
အပ်ငွေစာရင်း (Savings Account) ကို နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲ များတွင် ဖွင့်လှစ်ဖို့
ဖိတ်ခေါ်အပ်ပါရစေ။
01-2306219
/Kanbawzabank
kbzbank.com


BIG BONUS
Plus FREE GIFTS
MAY-1
to
JUNE-5
CASH BACK BONUS
5,000 Ks TO
60,000 Ks
+
FREE GIFTS
Umbrella
Colorful Water Bottle
PH : 09 73022248
Cherryoowatchgallery
CHERRY OO

# COMMERCE INTERNATIONAL

## ဗီယက်နမ်ဆန်အတွက် အမျိုးသားကုန်အမှတ်တံဆိပ်လိုအပ်



ဗီယက်နမ်ဆန်အတွက် အမျိုးသားကုန်အမှတ်တံဆိပ်အမည်နာမတစ်ခု ထူထောင်ပေးနိုင်မယ်ဆိုရင် ကမ္ဘာ့ဈေးကွက်ထဲမှာ ဗီယက်နမ်ဆန်ရဲ့ ပို့ကုန်တန်ဖိုးနဲ့ ဂုဏ်သတင်းကို မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ဟိုချီမင်းစီးတီးမှာ ဧပြီ ၂၈ ရက်ကကျင်းပတဲ့ နှီးနှောဖလှယ်ပွဲမှာ ကန်သိုတက္ကသိုလ် ပါမောက္ခချုပ်ကပြောကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။ ဗီယက်နမ်နိုင်ငံက ကမ္ဘာ့ဆန်အများဆုံးတင်ပို့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် ခိုင်မာတဲ့ကုန်အမှတ်တံဆိပ်အမည်မရှိတဲ့အတွက် တခြားဆန်တင်ပို့တဲ့နိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကျဆင်းလာကြောင်း ပါမောက္ခဗိုတောင်စွန်က ပြောပါတယ်။

ဗီယက်နမ်ဆန်ကို အရည်အသွေးတောင်းဆိုချက်နည်းတဲ့ ဈေးကွက်တွေကို အဓိကတင်ပို့တာဖြစ်တဲ့အတွက် ဗီယက်နမ်ဆန်စိုက်ပျိုးသူတွေနဲ့ ပြည်ပတင်ပို့သူတွေက အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးထုတ်လုပ်ကြပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုတွေက တိုးတက်ပြင်းထန်လာကြောင်း သူကပြောပါတယ်။ ကုန်အမှတ်တံဆိပ် နာမည်ရှိတဲ့ ဆန်ကို တင်ပို့နိုင်အောင်ဆောင်ရွက်ဖို့ လိုအပ်ကြောင်းသူကပြောပါတယ်။ ဗီယက်နမ်မှာ ဆန်မျိုးကောင်းတွေရှိပေမယ့် လယ်သမားတွေက အထွက်များတဲ့ ဆန်ကိုစိုက်ပျိုးပြီး အရည်အသွေးပိုကောင်းတာကိုမသုံးပါဘူး။ ဒီသဘောထား အယူအဆက အခြားနိုင်ငံက လယ်သမားတွေနဲ့ ကွာခြားမှုရှိနေကြောင်းလည်းသူကပြောပါတယ်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေက အရည်အသွေးအမျိုးမျိုးရှိတဲ့ ဆန်ကိုရောပြီးဈေးနှုန်းယှဉ်ပြိုင်နိုင်မှုရှိအောင် ဆောင်ရွက်တဲ့အတွက် ဗီယက်နမ်ဆန်တွေရဲ့ ဂုဏ်သတင်းကို ပျက်ပြားစေခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မှာ ဗီယက်နမ်ဆန်အတွက် ခိုင်မာတဲ့ ကုန်အမှတ်တံဆိပ်အမည်တည်ဆောက်ရေးစီမံကိန်းကို ဗီယက်နမ်အစိုးရက အတည်ပြုပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှု၊ ကြိတ်ခွဲ၍ဆင့်တက်ပြုပြင်မှုနဲ့ ဆန်ဖြူ ဆန်မွှေးနဲ့ အထူးဆန် စတဲ့ အဓိက ဆန်သုံးမျိုးဖြန့်ဖြူးရေးတို့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

ကုန်အမှတ်တံဆိပ်တည်ဆောက်ရေးရည်မှန်းချက်ကို အခြေခံအားဖြင့် ချမှတ်ထားပြီးဖြစ်ပေမယ့် ဆောင်ရွက်စရာတွေ အများအပြားတည်ရှိနေကြောင်းလည်း သူကပြောပါတယ်။

**ဉာဏ်တင်**







Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 2nd May 2016

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN MYANMAR

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | 10.3.2016 | | 8.3.2016 | 11.3.2016 | 12.3.2016 | | 6.3.2016 | | 20.3.2016 | 23.3.2016 | |
| | S/O CUT | | | | | 6.3.2016 | | 4.3.2016 | 7.3.2016 | 8.3.2016 | | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | 24.3.2016 | | 25.3.2016 | 26.3.2016 | | | | 3.4.2016 | 6.4.2016 | |
| | S/O CUT | | | | | | 20.3.2016 | | 21.3.2016 | 22.3.2016 | | | | | | |
| MV.HOEGH CHENNAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2016 | 8.4.2016 | 11.4.2016 | 12.4.2016 | | 6.4.2016 | | 23.4.2016 | 27.4.2016 | |
| | S/O CUT | | | | | | 6.3.2016 | 4.4.2016 | 7.4.2016 | 8.4.2016 | | | | | | |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | | 26.4.2016 | | | 27.4.2016 | 28.4.2016 | | | | 8.5.2016 | 13.5.2016 | |
| | S/O CUT | | | | | 22.4.2016 | | | 23.4.2016 | 24.4.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။